BOOKCASE
BY SAW
မောင့်နွေဦး

မောင့် နွေဦး

လုံးချင်းဝတ္ထု

မယ်ညို

E-Books

ပုံနှိပ်မှတ်တမ်း

မောင့် နွေဦး • မယ်ညို

တတိယအကြိမ် ၊စက်တင်ဘာ၊၂၀၂၄တန်ဖိုး • ၇၅၀၀ကျပ်

ထုတ်ဝေသူ • မြဝတ်ခိုျစာပေ

E-Book Creator • Whispers of Words

© မယ်ညိုမူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

About Us
အပိုင်း [၁]
အပိုင်း [၂]
အပိုင်း [၃]
အပိုင်း [၄]
အပိုင်း [၅]
အပိုင်း [၆]
အပိုင်း [၇]

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက **E-BOOKS MARKET** အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL PRODUCT** ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း **(E-BOOK** ရှိလျှင်) **E-BOOK** များ ကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထိုကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အပိုင်း [၁]

သို့ ... မောင်

နေကောင်း ကျန်းမာရဲ့လား၊ ဘယ်ဆီကိုများ ရောက်နေသလဲ၊ ဘယ်သူ့ရင်မှာ မှေးစက်အိပ်ပျော်နေပြီလဲ နွေဦး သိချင်ပါတယ် ပြီးတော့ မောင့်ကို ဘယ်သူများ ရထားပါသလဲ၊ ဘယ်သူကများ မောင့်ပါးမို့မို့လေးတွေကို တယုတယ နမ်းနေပြီလဲဟင်၊ သတိရတယ်.. မောင်ရယ်၊ လတိုင်း မောင့်ဆီပို့နေတဲ့စာတွေရော မောင်ဖတ်ဖြစ်ရဲ့လား၊ ဘေးနားက သက်ဆိုင်သူ သိသွားမှာစိုးလို့ မောင် လွှင့်ပစ်လိုက်လေသလားနော်... ဒါမှမဟုတ် မောင့်ဆီတောင် ရောက်ပါရဲ့လား၊ စာကလေး တစ်စောင်တော့ ပြန်ပါ မောင်ရယ်၊ အနှစ်နှစ်အလလ စောင့်နေခဲ့တဲ့ နွေဦးအတွက် မောင့်ဆီက ပြန်စာကလေးတစ်စောင်တော့ရဖို့ ထိုက်တန်တယ် မဟုတ်လား... မောင်ရေ၊ မောင်ရှိတဲ့ အရပ်မှာ ကံ့ကော်ပန်းတွေပွင့်ရင် နွေဦးကို သတိရပေးပါနော်... အများကိုလဲ ရှာတွေ့သွားပါပြီ၊ အမုန်း ကိုလဲပြင်လိုက်ပါပြီ မောင်ရေ .. နှုတ်ဆက်ပါတယ်။ **Goodbye..**

ချစ်ခဲ့ဖူးသော မောင့်နွေဦး..

"နွေဦးခင်ရေ "..

"ကျောင်းသွားရတော့မယ် ထအေ၊ ညည်းမလဲ မနိုးရင်မထတော့ဘူး၊ နေဖင်ထိုးနေပြီ

"ဟင်း မေမေကလဲ၊ နွေဦးထရမဲ့အချိန် နွေဦး သိပါတယ် ငါးမိနစ်လေးပဲနော်... ငါးမိနစ်လေး ငါးမိနစ်လေး

"ပြောလိုက်ရင် ဒီလိုချည်းပဲ

ဒါ ကျွန်မရဲ့ မနက်ခင်းတိုင်းပါပဲ။

ကျွန်မနာမည်က"နွေဦးခင်" ' ဦးစိုးလွင်၊ ဒေါ်ခင်သက်တို့ တစ်ဦးတည်းသော သမီးကလေးပေါ့။

ကျွန်မက ငယ်ငယ်ကတည်းက ကိုယ့်ကိုယ်ကိုယ် နွေဦး လို့သုံးနှုန်း ပြောဆိုခဲ့တာ။ ၁၇ နှစ်ပြည့်ခါနီးပြီဖြစ်တဲ့ အပျိုဖော်ဝင်ခါစကလေးပေါ့ရှင်။ ခုနစ်နာရီထိုးကတည်းက မေမေနှိုးပေမဲ့ ကျွန်မ မေမေ့ကို ပြောလိုက်တဲ့ အဲဒီ ငါးမိနစ် ဟာ ရှစ်နာရီထိုးသွားတဲ့ထိပါပဲ

“မေမေ မပြောချင်တော့ဘူးနော် သမီး၊ မြန်မြန်ဆန်ဆန် လုပ်တော့ ”

“ဟုတ် ”

“သမီးလေး၊ မနက်စာစားမယ် အမြန်လုပ်ကွာ၊ ဖေဖေ စောင့်နေတာ ကြာပြီ”

“ဟုတ်၊ ပြီးတော့မယ်၊ သနပ်ခါးလိမ်းနေလို့၊ သွားသွား ပြီးရင် နွေဦး ထမင်းဝိုင်းကို လာခဲ့မယ်”

“အေးပါ အေးပါ”

အခန်းဝမှ ဖေဖေ ထမင်းဝိုင်းကို ထွက်သွားတော့

“တစ်နေ့ တစ်နေ့ ရှင်တို့သားဖနှစ်ယောက်ကို ထမင်းစားဖို့ စောင့်ရတာလဲ ဝဋ်ကြွေးတစ်ခုပဲ”

“ဟာ ဘာတွေ ပြောနေတာလဲ မင်းကလဲ”

“ဘာပြောရမှာလဲ၊ ရှင် မကြားဘူးလား၊ အဖေ မလာရင် သမီးက စောင့်၊ သမီး မလာရင် အဖေက စောင့်နဲ့ ဗိုက်ဆာနေတဲ့ သူက ဆာနေပြီ”

“လာပြီ မေမေရေ၊ လာပြီ လာပြီ” “လာမှပဲအေ”

“လာ ဖေဖေ့နားကို”

“ဟုတ်”

“အမယ်လေး မပြောချင်ဘူး၊ လုပ်ပေးရတော့ ငါ၊ ကပ်တော့ သူ့အဖေကို”

“မင်းကလဲကွာ နားတွေကို ငြီးနေတာပဲ၊ မိုးလင်းကတည်းက ငါ့သမီးစကားသံ မကြားရဘူး၊ မင်းအသံချည်းပဲ”

ကျွန်မ ဖေဖေက ဆွေလဲမရှိ၊မျိုးလဲမရှိတစ်ယောက်တည်းသမား။ မေမေကတော့ ပြည့်စုံတဲ့ မိသားစုက ပေါက်ဖွားလာတဲ့ တစ်ဦးတည်း သောသမီး။ ဖွားဖွားတို့က ဖေဖေနဲ့မေမေကို သဘောမတူကြဘူးလေ။ သဘောမတူဘဲ ဖေဖေနဲ့ ယူလိုက်ပြီးတည်းက မေမေလဲ ဖွားဖွားတို့ရဲ့ အမွေဖြတ်စွန့်လွှတ်မှုကြောင့် တစ်ယောက်တည်းဘဝကို ရောက်ခဲ့ရတယ်။ ဖေဖေချစ်တာထက် မေမေက ဖေဖေ့ကို သိပ်ချစ်တယ်ဆိုတာ ကျွန်မ သိပါတယ် ။ ဒါကြောင့်လဲ ဖေဖေ့ဘေးမှာ အေးအတူ ပူအမျှဒုက္ခတွေလာပြီး မျှဝေခံစားတာပေါ့။ ဖေဖေက သူ့ဘဝမှာ အချစ်ဆုံးမိန်းကလေး ရှိလားလို ကျွန်မက မေးရင်

“ရှိတယ်၊ အဲဒါ သမီးလေးပဲ”

လို့ ဖေဖေက ဖြေတတ်တယ်။

“ဖေဖေ၊ မေမေ့ကိုရော မချစ်ဘူးလား ဟင်”

လို့ ထပ်မေးတဲ့ အခါ

"ချစ်တာပေါ့၊ ဖေဖေ့ဘဝမှာ သမီးမေမေနဲ့ သမီးလေးပဲ ရှိတာ၊ သမီးတို့က ဖေဖေ့ဘဝပဲ၊ ဖေဖေ့ကမ္ဘာပဲ" ဟုချိုချိုမြိန်မြိန် အမြဲဖြေလေ့ရှိတယ်။

ကျွန်မ ကျောင်းစတက်ကတည်းက နေ့တိုင်း ဖေဖေ ကျောင်းကြို တစ်ရက်မှ မပျက်ခဲ့ဘူး။ ကျောင်းက အစည်းဝေးရှိလဲ မိဘတွေခေါ်လဲ ဖေဖေပဲ၊ အပြင်သွားလဲ ဖေဖေနဲ့ပဲ။ ဖေဖေက ကျွန်မ ဘယ်သွားသွား ဘာလုပ်လုပ် အတူတူရှိခဲ့တဲ့ သူ တစ်ယောက်ပေါ့။ ကျောင်းပြီးလို့ ကျူရှင်ဆိုလဲ ကျူရှင်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ဖေဖေ ထိုင်စောင့်နေခဲ့တာ။

"နွေဦး"

"ဟင်"

"နင့်ဖေဖေ ပြန်ခိုင်းလိုက်ပါလား၊ တုတ်ထိုးသွားစားရအောင်လေ"

"ဟာ... နင်ကလဲ၊ ငါ့ဖေဖေကိုများ ဖေဖေပါတော့ရော ဘာဖြစ်လို့လဲ"

"လူကြီးဆိုတော့ အားနာလို့ပေါ့"

"ငါတော့ ဖေဖေမပါပဲ မသွားချင်ပါဘူး၊ နင်တို့ဘာသာ သွားပေါ့"

"အမယ်လေး ... အဖေချစ်ကြီးပေါ့"

"ချစ်တယ် ချစ်တယ်၊ ငါ့ဘဝမှာ အချစ်ရဆုံးယောကျ်ားက ငါ့ဖေဖေပဲ"

စနောက် အော်ပြောခဲ့ရင်း ဖေဖေရှိရာ ဆိုင်ထဲကို ပြေးသွား ခဲ့တယ်။

"အား..."

"ဟာ... သမီး"

"ဟယ်...ဟဲ့ နွေဦး"

ကျွန်မနားထင်မှာ ပန်ထားတဲ့ ကံ့ ကော်ပန်းခြောက်လေးလွင့်ကျသွားခဲ့တယ်။

"ကျွတ်... ကျွတ်... နာတာ ဖေဖေရယ်"

"မင်း ဘယ်လိုလဲကွ၊ မမြင်ဘူးလား လူတစ်ယောက်လုံး၊ ငါထိုးပစ်လိုက်ရ"

"ဟာ... ဖေဖေ၊ ဖေဖေကလဲ၊ သူ့အပြစ်မဟုတ်ပါဘူး၊ နွေဦးက ပြေးလာလို့ပါ"

"ဘယ်နားထိသွားသေးလဲ နွေဦး"

"ရတယ်၊ ဒူးပဲ နာသွားတာ သိမ့်"

"သွားတော့လေ၊ ဘာကြည့်နေတာလဲ မင်းက"

"မဟုတ်ပါဘူး ဦး၊ မောင်လေးက သမီးကို လာကြိုတာပါ"

"ဒီကောင်ကွာ "

"ဪ... သိမ့်မောင်လေးလား "

"ဟုတ်တယ် နွေဦး၊ သမီး တောင်းပန်တယ်နော် ဦးလေး"

"ရပါတယ် သိမ့်ရယ်၊ နွေဦးက ပြေးလာမိတာ၊ ဘာမှမဖြစ်ဘူး၊ ရတယ်နော်"

"နောက်ဆို ဖြည်းဖြည်းစီးကွ "

"လာပါ ဖေဖေရယ်၊ သိမ့်၊ နွေဦး သွားတော့မယ်၊မောင်လေးရော၊ နွေဦး သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ဗျာ"

အိမ်ရောက်တော့ မေမေက ကျွန်မကို ဆူနေခဲ့တယ်။

"မိန်းကလေးဖြစ်ပြီး ပြေးလွှားသွားစရာလားအေ"

"သူငယ်ချင်းကို ပြောရင်းနဲ့ပါ မေမေရဲ့"

"ပြောလိုက်ရင် ဆင်ခြေအပြည့်"

"ပေးပေး၊ မင်း လုပ်မပေးနဲ့တော့၊ နားငြီးတယ်။ ငါ့သမီး

ငါ့ဘာသာ ငါ လုပ်ပေးလိုက်တော့မယ်"

"အေး ...ကို ကာကွယ်နေ၊ အခုနေတော့ ဟုတ်တာပေါ့၊ ရှင် သမီး ကြီးလာတဲ့အခါ ရှင် သေလိမ့်မယ်"

"မေမေ ဘာတွေ ပြောနေတာလဲ"

မကျေမနပ် ဒေါသနဲ့ မေမေ မီးဖိုချောင်ထဲ ထသွားတယ်

"ဘာမှမဟုတ်ဘူး၊ သမီးမေမေ့အကြောင်း သိတယ်မဟုတ်လား လျှောက်ပြောနေတာ၊ နာသေးလား၊ ဆေးခန်းသွားမလား"

"ဟင်... ဖေဖေကလဲ သမီးက အဲလောက်ထိ မပျော့ပါဘူး ချော်လဲတာလေးနဲ့ ဆေးခန်းသွားရလောက်တဲ့ထိ"

"ဟားဟား အင်းပါ သမီးရယ်၊ ဖေဖေက စိတ်ပူလို့ပါ ဆောင်းတွင်း ဆိုတော့ ငါ့သမီးလေး ညကျ ခြေထောက်နာနေမှာစိုးလို့"

"ဟုတ်၊ ဪ ဖေဖေ့... နွေဦး မနက်ကျ ကျောင်းသွားတဲ့အခါ ကုံ့ကော်ပန်းလေး ပန်ချင်သေးတယ်"

"ဖေဖေ ရှာသေးတယ် သမီးရဲ့"

"မရဘူးလားဟင်"

"အင်း."

"သမီးတို့ခြံထဲ ဘာလို့ ကံ့ကော်ပင်တွေ စိုက်လို့ မရတာလဲ ဟင် ဖေဖေ"

"နောက်မှ ပြောပြပါ့မယ်သမီးရယ်နော်"

"ကံ့ကော်ပန်းလေးပန်ချင်တယ်လို့ ဖေဖေ"

"အင်းပါ သမီးရဲ့ ဖေဖေ ရှာလိုက်ပါဦးမယ် "

"ဟုတ်"

ရေချိုးပြီး ထမင်းစားဖို့ ဖေဖေ့ကို စောင့်နေခဲ့တယ်။

"ဖေဖေက ဘယ်သွားတာလဲ ဟင်"

"မသိပါဘူး အငေ၊ ပြောလဲ မသွားပါဘူး။ ခုနစ်နာရီတောင်ထိုးနေပြီ"

" နွေဦးအတွက် ကံ့ကော်ပန်းများ သွားရှာတာလား မသိဘူး"

"ဟင်.. ညည်းပြောလိုက်သေးလို့လား"

"ဟုတ်၊ ညနေက ဆေးထည့်ပေးနေတော့ မနက်ကျ ကျောင်း သွားရင် ကံ့ကော်ပန်း ပန်ချင်တယ်လို့ ပြောလိုက်တာ"

"ဟာ...ဟုတ်မှာ၊ အဲဒါဆို သူသွားရှာတာပဲဖြစ်မှာ၊ ဒီလူလဲ ရူးနေလား မသိဘူး၊ မနေ့ကလဲ သွားရှာပြီးပြီကို"

"မနေ့ကတော့ သမီး မပြောဘူး"

"ဒါပေမဲ့ ညည်းကံ့ကော်ပန်းကြိုက်တာ ညည်းဖေဖေက သိတယ်လေ၊ ခြံထဲ စိုက်ထားပေးချင်တာတဲ့"

"နွေဦးတို့ခြံထဲမှာ စိုက်လို့မရဘူးဆို မေမေပဲ..."

"ညည်းဖေဖေရဲ့ အမေက ကံ့ကော်ပန်းကြိုက်တယ်လေ သူက သူ့အမေကိုမှ မချစ်တာ၊ အဲတော့ အဲဒီပန်းကို မစိုက်ချင်ဘူး ပြောတာပေါ့"

"ဖေဖေနဲ့ ဖွားဖွားတို့အကြောင်း ပြောပြပါလား မေမေ"

"မေမေလဲ သိပ်မသိဘူး သမီးရဲ့ မပြောပြဘူးလေ ညည်း ဖေဖေက၊ သိသလောက်တော့ ညည်းဖေဖေက ငယ်ငယ်လေးထဲက ထားခဲ့ခံရတာတဲ့၊ သူများအိမ်မှာ နေခဲ့ရတာပေါ့၊ သနားဖို့ကောင်းပါတယ်အငေ၊ သူ့အမေက ဖောက်ပြန်သွားတာတဲ့လေ"

မေမေပြောပြနေတာ နားထောင်နေရင်း ကျွန်မဖေဖေအပေါ် ကရုဏာသက်မိတယ်၊ ဖေဖေ ဘယ်လောက်တောင် နာကျင်ခဲ့ရမလဲနော်။

"ဖေဖေနဲ့ မေမေအကြောင်းရော နွေဦးကို ပြောပြပါလား"

"ဟင်း ...မပြောချင်တော့ပါဘူးအငေ"

"ပြောပါ နွေဦး သိချင်လို့"

"စောင့်ဦးမှာလား ညည်းဖေဖေကို" "ဟုတ်"

"ဒါဆိုလဲ ဆိုဖာပေါ်သွားရအောင်" "မေမေ ပြောပြလို့နော်"

ကျွန်မ မေမေ့ပေါင်ပေါ် ခေါင်းအုံးလိုက်ပြီး

"ပြောပြပါလို့ မေမေ"

"မေမေ သိသလောက်တော့... သမီးဖိုးဖိုးတို့ဟာ ဟို အရင်က အရမ်းပြည့်စုံချမ်းသာကြတယ်တဲ့၊ အကြောင်းမလှစွာနဲ့ သမီးဖွားဖွားနဲ့ ဖိုးဖိုးယူပြီးတော့ မနာလိုသူတွေရဲ့ လုပ်ကြံမှုကို ခံခဲ့ရတယ်တဲ့လေ၊ လူတွေက ဒီလိုပါပဲ၊ သူများပြည့်စုံနေရင် သိပ်မနာလိုကြတာ"

"ဘယ်လို လုပ်ကြံတာလဲဟင် မေမေ" "အလုပ်ရုံကို မီးရှို့လိုက်ကြတယ်တဲ့၊ အိမ်ကိုရော"

"ဟင်... အလုပ်နဲ့အိမ်က နီးလို့လား"

"ဝေးပါတယ်၊ ဒီနဲ့ သမီးတို့ကျောင်းလောက်တောင်ရှိတယ်"

"အဲဒါကို တစ်ပြိုင်တည်းလောင်တာ ဟုတ်လား"

"အလုပ်ရုံ မီးလောင်နေတယ်ကြားတော့ အဲဒီကို သွားကြည့်ကြတာပေ့ါ သမီးရယ်၊ အဲဒီသွားနေတုန်း ဒီဘက်က ထပ်ရှို့တာပေ့ါ"

"ဘယ်လိုလူတွေကများ သူများဘဝကို အဲဒီလိုလုပ်ရက်လဲ မသိဘူးနော်၊ အဲဒီတုန်းက ဖေဖေမွေးပြီလား"

"နှစ်တန်းလောက်ရှိပြီလို့တော့ ပြောတယ်"

"နောက်တော့ရော မေမေ"

"နှစ်တော့ မမှတ်မိတော့ဘူး၊ စီးပွားရေး ပျက်ပြီးတဲ့နောက် သမီးဖွားဖွားက သမီးဖေဖေနဲ့သမီးဖိုးဖိုးကို ထားခဲ့ပြီး နောက်အိမ်ထောင် ပြုခဲ့တယ်တဲ့၊ စီးပွားရေးလဲပျက်၊ မိန်းမကလဲ ဖောက်ပြန်ဆိုတော့ သမီးရယ် သမီးဖိုးဖိုးက အရက်သမားလုံးလုံးပေ့ါ၊ ဒီတော့ သမီးဖေဖေက ကျောင်းမတက်ရပဲ သူများအိမ်မှာ နေရတာ၊ နောက်တော့ သမီးဖိုးဖိုးဆုံးသွားတော့ သမီးဖေဖေတစ်ယောက်တည်းဖြစ်ရော.

“ဖေဖေက နှစ်တန်းထိပဲ တက်ခဲ့ရတာလားဟင်”

“လေးတန်းထိလို့ပြောတယ်”

“မေမေကရော”

မေမေ အချိန်ကြာကြာထိ ကျွန်မဆံပင်လေးကို ပွတ်သပ်ပေးရင် တိတ်ဆိတ်သွားခဲ့တယ်။

“မေမေ”

“ဟေ… ဟင်”

“မေမေကရောလို့၊ မေမေ့အကြောင်းရောလို”

“ထမင်းစားပြီး အိပ်ပါတော့လား သမီးရယ်၊ ကိုးနာရီထိုးတော့မယ်၊ မေမေ စောင့်နေလိုက်မယ်လေ”

“နွေဦးလဲစောင့်နေမှာ၊ မေမေနဲ့ စကားပြောရင်းနဲ့လေနော် မေမေ့အကြောင်းလဲ ပြောပြလို့”

“သမီးကို ပြောပြဖူးတာပဲ သမီးရယ်”

“ဟင်… အဲဒါက အတိုချုပ်လေးပဲကို၊ နွေဦးက သေချာ အကုန်သိချင်တာ”

“မေမေက ဒုတိယနှစ်ထိပေါ့၊ သမီးဖေဖေက ကားပြင်တယ်၊ မေမေတို့ ကားသွားပြင်ရင်း တွေ့ကြတာလေ”

“မေမေက ဖေဖေ့ကို အဲ့လောက်ချစ်လားဟင်၊ ကိုယ့်ထက် အရည်အချင်းနိမ့်တဲ့ သူကိုလေ”

“ဟင်… ကိုယ့်ဖေဖေကို ဘယ်လိုပြောလိုက်တာလဲ သမီး”

“မဟုတ်ပါဘူး၊ နွေဦးက မေမေ့အစား ပြောပြတာပါ”

“ချစ်တာပေါ့၊ မေမေက သူ့ကို အဲဒီတစ်ကြိမ် မြင်ပြီးကတည်းက…”

“မြင်မြင်ချင်း ချစ်တာပေါ့”

“ဟင်း ဟင်း အေးပေါ့၊ မေမေကစပြီး စာပေးခဲ့တာ”

“ဟာ… တကယ်”

“အင်း…မေမေ ခုထိစိတ်ထဲက မထွက်သေးတဲ့ စကားတစ်ခွန်း ရှိတယ်၊ အဲဒါက မေမေနဲ့ သမီးဖေဖေ ချစ်သူဖြစ်တော့ ကို ဘာလို့ ခင့်ကို ချစ်ရက်သားနဲ့ စာမပေးတာလဲ” လို့ မေးတော့၊

"ကိုမှ စာမတတ် တာ ခင်ရယ်" တဲ့။ ဒါနဲ့ မေမေက ဒါဆို ခင်ကသာ စာမပေးခဲ့ရင် ကိုနဲ့ချစ်သူမဖြစ်ရတော့ဘူးပေါ့နော်ဆိုတော့

"ရေးတတ်အောင် ရေးပြီး ရအောင်ကြိုးစားယူမှာပေါ့"တဲ့၊"ကိုက ယောက်ျားပဲဟာကို"တဲ့။ သမီး အမြဲမှတ်ထား၊ ယောက်ျားတစ်ယောက်ဟာ သူချစ်တဲ့မိန်းမတစ်ယောကက် ရအောင်ကို ယူတယ်၊ ဘာလို့လဲဆိုတော့ သူဟာ ယောက်ျားဖြစ်နေလို့ ဘာဖြစ်နေနေ မိန်းကလေးတစ်ယောက်ကိုတော့ သူ ရှာကျွေးနိုင်မှာပဲလေ မဟုတ်ဘူးလား၊ မင်းဘဝလေး သာယာအောင် ဘာညာပြောပြီး သူများ လက်ထဲထည့်ပေးတဲ့ ယောက်ျားကို မေမေတော့ အရည်အချင်းမရှိတဲ့ ယောက်ျားလို့ပဲမြင်တယ်၊ မေမေက သမီးဖေဖေကို အဲဒီစကားတစ်ခွန်းနဲ့တင် လက်ထပ်ယူဖို့ ဆုံးဖြတ်ခဲ့တာ သမီးရဲ့"

"ဒါဆို ဖေဖေက ယောက်ျားကောင်းတစ်ယောက်ပေါ့"

"ဒါပေါ့၊ အဲဒါမို့လဲ မေမေအားလုံးကို သမီးဖေဖေနဲ့လဲခဲ့တာ။ မေမေလေ သမီးဖေဖေကိုရဖို့ ကျောင်းပြေးတယ်၊ ကျူရှင်ပြေးတယ်၊ အားရင် အားသလို သူတို့ဆိုင်ရှေ့ စက်ဘီးပတ်စီးတယ်၊ ရယ်စရာပါ သမီးရယ်၊ ဟားဟား ရည်းစားမဖြစ်ခင်ပေါ့၊ ရည်းစားဖြစ်တော့လဲ တူတူပါပဲ၊ မေမေပဲ သွားတွေ့ရတာ၊ နောက်ဆုံး မေမေ့ကို သမီးအဖွားတို့ အမွေဖြတ်တဲ့ထိပေါ့"

ဖေဖေ ဘယ်လောက် အားငယ်ခဲ့မလဲနော်"

"မေမေကျတော့ရော၊ မေမေ့ကိုရော စိတ်မပူဘူးလား သမီး"

"ပူတာပေါ့ မေမေရာ"

"သမီးဖေဖေက ယောက်ျားပီသပါတယ်၊ ဒီနေ့ချိန်ထိ မေမေ လိုတာ အကုန် သူလုပ်ပေးနိုင်တယ်၊ အစစအရာရာ အဆင်ပြေပြေ နေနိုင်အောင် သူစွမ်းဆောင်ခဲ့တယ်၊ အဲဒါကို သမီးအမြဲသတိရနေရမယ်၊ သမီးကိုဆိုလဲ သိပ်ချစ်ရှာတာ၊ သူ့အမေကြိုက်တဲ့ပန်းမို့ တစ်ခါတလေ မေမေပန်ရင်တောင် ပြောနေတာ၊ အခု သမီးအတွက်ကျ ကိုယ်တိုင် ရှာပေးနေတော့ မေမေ သိပ်အံ့ဩတယ် သိလား"

"နွေဦးလဲ ဖေဖေကို ချစ်တယ်၊ မေမေ့ကိုလဲ ချစ်ပါတယ်၊ ဒါပေမဲ့ မေမေ့ကို သနားသလိုလိုနဲ့ ဖေဖေ့ကို ပိုသနားတယ်"

"နောက်ကျပြီ သမီးရယ်၊ အိပ်ပါတော့လား"

"နွေဦးလဲ မေမေနဲ့တူတူ စောင့်ပါ့မယ်"

ပြောပြီး မေမေ့ပေါင်ပေါ်မှာပဲ ကျွန်မ အိပ်ပျော်သွားခဲ့တယ်။

"ဖေဖေ ဘာလို့ ငိုနေတာလဲ ဖေဖေ… ဖေဖေ့"

ကျွန်မအသံကုန် အော်ပစ်လိုက်မိတယ်။

"ဟင် …သမီးလေး ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ" ဖေဖေ

အနားကိုရောက်လာပြီး

“ဩော်… အိပ်မက်မက်နေတာပဲ၊ နေဦး နေဦး ဖေဖေ ရေခပ်ပေးမယ်”

စားပွဲခုံပေါ်မှာ ကံ့ကော်ပန်းတွေ အခက်လိုက် အခက်လိုက် ကျွန်မ တွေ့လိုက်ရတယ် ။

“ဟယ်…ကံ့ကော်ပန်းတွေ”

“ဟားဟား ဖေဖေ့သမီးလေး ပန်ချင်တယ်ဆိုလို့ ဖေဖေက နေရာအစုံလိုက်ရှာပြီး ခူးလာတာ”

“ဖေဖေ၊ နောက်ဆို မိုးချုပ်ကြီးတွေ အပြင်မသွားပါနဲ့လား၊ဖေဖေ အဲဒီလိုသွားရင် နွေဦး နောက်ပန်းပန်ချင်တယ်လို့မပြောတော့ဘူး ပန်းကလေးတစ်ပွင့်ကို ဖေဖေ ချိုးလိုက်ပြီး ရှုပ်ပွနေတဲ့ ကျွန်မ ဆံပင်လေးတချို့ကိုသပ်ကာ နားကြားထဲ ပန်းကလေး ထိုးကပ်လိုက်ပြီး…

“ကဲ… လှသွားပြီ”

“ယေး… အာဘွား”

မီးဖိုချောင်ထဲ ကျွန်မ အပြေးဝင်သွားကာ

“မေမေကြည့်လိုက်ပါဦး နွေဦးကို”

“အမယ်လေး လှပါတယ်အေ၊ ငါ့ကျ တစ်ပွင့်တောင်မပေးဘူး ညည်းဖေဖေက”

“ဟုတ်လား”

ထိုင်ခုံပေါ်မှာ ဖေဖေ ပန်းကလေးတွေကို တစ်ပွင့်ချင်း သစ်ခက်တွေကိုဖယ်ပြီး ချိုးနေခဲ့တယ်။ ယောကျ်ားကြီးတစ်ယောက်ဟာ သူ့ရဲ့ လက်အရင့်အမာကြီးတွေနဲ့ ပန်းကလေးတွေကို နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်နေတယ်။ သိပ်လှတဲ့ ကဗျာပါပဲ။

“မေမေ့ကို တစ်ပွင့် သွားပန်ပေးလိုက်ပါလား ဖေဖေရယ်”

“သမီးအတွက်လေ”

“သမီးက ဒါတွေ အကုန်ပန်မှာမှ မဟုတ်ပဲ”

“ဟုတ်ပါပြီ”

ပန်းကလေးတစ်ပွင့် ဖေဖေ ကိုင်သွားပြီး မီးဖိုချောင်ထဲ ဝင်သွားတော့ တံခါးဝထိ ကျွန်မ တိတ်တိတ်လေး လိုက်သွားခဲ့တယ်။

“ခင်”

"ဟင်"

မေမေ့ ဆံပင်ကလေးတွေကိုသပ်ပြီး နားထင်မှာ ပန်းကလေး တစ်ပွင့် ပန်ပေးလိုက်တယ်။

"အမယ်လေး အခုမှ သူ့သမီး လာပေးခိုင်းမှ" ပြောပြီး ဖေဖေ့ကို တံတောင်ဆစ်နဲ့ တွက်လိုက်တော့ ဖေဖေက မေမေ့ခေါင်းလေးကို အသာလေးပုတ်ပြီး ပြန်အလှည့်

"ယေး"

အသားကုန် ကျွန်မ အော်လိုက်တဲ့အခါ ဖေဖေရော မေမေပါ ရယ်မောသွားခဲ့ကြတယ်။

"နွေဦးရေ နွေဦး"

"အေး ... သမီး သိမ့် ဘာဖြစ်လို့လဲ"

"ဒီနေ့ နွေဦးနဲ့ ကျောင်းတူတူသွားမလို့ အန်တီ"

"သမီး သနပ်ခါးလိမ်းနေတယ်၊ လာ၊ အထဲမှာ ဝင်စောင့်လေ သမီး"

"ဟုတ်"

" ဦးလေးရော"

"သူ့သမီး သနပ်ခါးလိမ်းတာ လှ မလှ သွားကြည့်နေတယ်တဲ့ အေ"

"နွေဦးက ဦးလေးလို ဖေဖေရထားတာ သိပ်ကံကောင်းတာပဲ"

"သူ့အဖေတော့ ရှူးမှာပဲ သမီးရေ"

"မနေ့ကတောင် သမီးမောင်တစ်ဝမ်းကွဲ စက်ဘီးနဲ့ တိုက်မိမလို ဖြစ်သေးတယ်"

"အေး... ပြောပါတယ်"

"သမီး ထပ်တောင်းပန်ပါတယ်လို့"

"ရပါတယ် သမီးရဲ့ ဘာမှမဖြစ်ပါဘူး၊ သူ့အဖေကိုက အကဲပိုနေတာ

"ဟာ... သိမ့်၊ သိမ့် ဘယ်တုန်းကရောက်နေတာလဲ"

"ခုနလေးတင်ပဲ"

"ခဏလေး၊ မနက်စာစားလိုက်ဦးမယ်၊ သိမ့်ရော ဘာစားပြီးပြီလဲ၊ တစ်ခါထဲ ဝင်စားပါလား"

"ဟင့်အင်း စားခဲ့ပြီးပြီ ရတယ်၊ စားစား စောင့်နေမယ်"

"မနေ့က နင့်မောင်လေးကို ပြောပေးပါဦး၊ နွေဦးဖေဖ အင်္ဂါတာ လန့်များသွားလားမသိ တောင်းပန်ပါတယ်လို့"

"ဖေဖေက ကိုယ့်သမီးကို စိတ်ပူလို့လေ၊ သမီးက သူ့စိတ်ပူနေတာလား"

"အဲဒီလို မဟုတ်ပါဘူး ဖေဖေရဲ့ သိမ့် နေဦးနော်၊ နွေဦး ထမင်းမြန်မြန်စားလိုက်မယ်"

"အေးအေး"

ကျွန်မကို ဖေဖေက စကားမပြောတော့။ ယောက်ျားလေး တစ်ယောက်အကြောင်း ပြောလိုက်လို့ထင်ပါတယ်။ ဖေဖေ့မျက်နှာကို အကဲခတ်နေပြီး ညနေ ကျူရှင်က ပြန်တော့မှ..

"ဖေဖေ၊ နွေဦးကို ဘာလို့ စကားမပြောတာလဲ"

"ပြောစရာမှ မရှိတာ သမီးရဲ့

"မနက်က စကားကို စိတ်ဆိုးနေတာလားဟင်၊ နွေဦးက ဖေဖေ့ကို အပြစ်ပြောတာမဟုတ်ဘူး၊ ကိုယ့်ဖေဖေကို မကောင်းမြင်မှာစိုးလို့ ဖာထေးပြောလိုက်တဲ့ စကားသက်သက်ပါ ဖေဖေရဲ့"

"အင်းပါ"

"အဲဒီနေ့က နွေဦး ဘာလို့ ဖေဖေ့ဆီပြေးလာတာလဲသိလား"

"ဟင့်အင်း"

"ဟောဒီလောကမှာ ငါအချစ်ဆုံး ယောက်ျားက ငါ့ဖေဖေပဲလို သိမ့်ကို စပြီး ပြေးလာတာ ဖေဖေရဲ့"

ဖေဖေ့ခြေလှမ်းတွေရပ်သွားပြီး လမ်းမကြီးအလယ် ကျွန်မကို ချီကာ ပွေ့ယမ်းပစ်လိုက်တယ်။ ဖေဖေ့မျက်နှာမှာလဲ အပြုံးပန်းတွေ ဝေဆာနေပြီးတော့ပေါ့။

တစ်ည အိမ်ရှေ့ကုလားထိုင်လေးမှာ ဖေဖေထိုင်နေတုန်း..

"လာလေ သမီး လာထိုင်"

"နွေဦး မေးစရာရှိတယ်"

" အင်း... မေးလေ"

"တစ်နေ့နေ့ တစ်ချိန်ချိန် နွေဦး အရွယ်ရောက်လာလို့ ချစ်သူရည်းစား..."

"သမီးက ရနေပြီလား"

"မဟုတ်ပါဘူး၊ ရလာရင်လို့ မေးတာပါ"

"အင်း"

"အဲ့အခါကျ ဖေဖေ နွေဦးကို အပြစ်မြင်မှာလား"

"သတ်ပစ်မှာ"

"ဟင်"

"ရလာတဲ့ ရည်းစားကို"

"ဖေဖေ"

ဖေဖေ မျက်နှာကြီး တင်းမာနေတာကြောင့် ကျွန်မ ဘာမှ ဆက်မပြောဘဲ ရပ်လိုက်တယ်။ ထပ်လဲ မပြောရဲတော့ဘူး။

တစ်နေ့ မနက် ရေချိုးရင်း

"မေမေရေ လာပါဦး မေမေ"

"ဟာ... သမီး ဘာဖြစ်လို့လဲ"

"မေမေ့ကို ခေါ်ပေး"

"ဖေဖေ့ကို ပြောလေ သမီး"

"မေမေ"

"ဖေဖေ့ကိုပြောလို့ သမီးလေးရဲ့"

ကျွန်မ နောက်ဘက်ကို လှည့်ပြလိုက်တော့

"အာ... စိတ်မပူနဲ့သမီး၊ ဘာမှမဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူး အဲဒါ မိန်းကလေးတွေ သဘာဝပဲ၊ နေဦး ဖေဖေ ဂွမ်းထုပ် သွားဝယ် ပေးမယ်"

"အာ... ဖေဖေ မသွားပါနဲ့"

"ဘာလို့ နွေဦး အသံပြဲကြီးနဲ့ အော်ခေါ်နေတာလဲ လူကြားမကောင်း"

"မေမေ... နွေဦး"

"ဟယ်... အပျိုစဖြစ်ပြီပေါ့ မိနွေဦး၊ ရှင်က ဘာလုပ်နေတာလဲ ထွက်လေ"

"ငါ ငါ ဂွမ်းထုပ် သွားဝယ်လိုက်ဦးမယ်"

"ကျွန်မ သွားပါမယ်"

“ငါသွားလိုက်မယ်၊ မင်း လုပ်ပေးလိုက်ဦး၊ သမီးလေး ကြောက်နေတာလားလို့”

ခဏအကြာ ဖေဖေ ဂွမ်းထုပ်သုံးထုပ်ဆွဲလာပြီး

“ရော့”

“ဒါသမီးဘာမှမဖြစ်ဘူး၊ တစ်လတစ်ခါလာလိမ့်မယ်သိလား

“ဟုတ် မေမေ”

“အဆင်ပြေလား ခင်”

“မပြေစရာ ဘာရှိလဲ ကိုစိုးရယ်”

“ပြေပါတယ် ဖေဖေရဲ့”

အဲဒီနေ့က ကျွန်မ ကျောင်းကို ကွတကွတနဲ့ သွားခဲ့ရတာ၊ လမ်းလျှောက်ရတာ ကျွန်မအတွက်တော့ အဆင်ပြေမနေခဲ့ဘူး။

“ဟဲ့ နင် ဘာဖြစ်နေတာလဲ”

“ငါ ဟိုဟာ ဖြစ်နေလို့”

“ဟုတ်လား ငါနဲ့တူတူပဲ”

“နင်ရောလား”

“အင်း”

“ငါမနေတတ်ဘူးဟ ပူတယ်၊ ပြီးတော့ လမ်းလျှောက်ရတာ အဆင်မပြေဘူး”

“ထိန်းလျှောက်၊ ပြီးတော့ ပေါက်လဲသွားဦးမယ်”

“ဟင်… ငါ့မှာ အပိုလဲ မပါဘူး”

“ဘာမှ မဖြစ်ပါဘူး၊ ထိန်းလျှောက်ရင် ရပါတယ်”

“ပေါက်သွားလို့ ပေကုန်ရင်တော့ ပြဿနာပါပဲဟာ”

နေ့ခင်း ထမင်းစားပြီး ကျွန်မ မုန့်ဈေးတန်းထဲ လျှောက်ပတ်နေခဲ့တယ်။

“သိမ့်၊ ငါ့ကို လူတွေ ဘာလို့ပြန်ပြန်ကြည့်နေတာလဲ မသိဘူး”

“မသိဘူးလေ၊ အာ..ဟဲ့ နင် ဟိုဘက်လှည့်”

“အင်း”

“သွားပြီး”

“အား... ဟာ အချိုရည်တွေ ပေကုန်ပြီ”

“ဟဲ့ ဟဲ့ ကာရန်”

“ဆောရီး နွေဦး”

“ပေကုန်ပြီဟာ၊ အင်္ကျီရော ထဘီတွေရော”

“ဆီးဖျော်ရည်တွေလား”

“ဟုတ်”

“နင် တမင်လုပ်တာမဟုတ်လား” ကာရန် သိမ့်စကားပြောနေတာကို ပြန်မဖြေဘဲ သူထွက်သွားတော ဆီးဖျော်ရည်တွေ ကျွန်မကျောကနေစလို့ ထဘီတွေထိ အနီရောင်တွေ စွန်းထင်းကျန်ခဲ့တယ်။

“ဆရာမ၊ ဖေဖေ့ကို ဖုန်းဆက်ပေးလို့ရလား၊ မုန့်ဈေးတန်း သွားရင်း ပေလာလို့”

“ဟယ်... ဘယ်လို ဖြစ်တာလဲ သမီးရယ်”

“ဝင်တိုက်မိသွားတာ၊ ဆရာမ၊ ဖေဖေ့ကို ဖုန်းဆက်ခေါ်ပေးပါဦးနော်၊ ကျောင်းဝတ်စုံတစ်စုံ ယူခဲ့ပေးပါလို့”

“အေးအေး ခုဆက်ပေးမယ်”

“ဟုတ် ဆရာမ”

သိပ်မကြာ ဖေဖေရောက်လာတော့ ကျောင်းက ရေကန်နား ခြေလက်ဆေးပြီး အင်္ကျီလဲ၊ ပေနေတဲ့အဝတ်တွေ ဖေဖေ့ကို ပြန်ပေးလိုက်တယ်။

“ဖေဖေ ဆောရီးနော်၊ ခေါက်တုံ့ခေါက်ပြန်လာနေရတယ်”

“ဘာမှ မဖြစ်ပါဘူး သမီးလေးရဲ့”

အဖြစ်အပျက်ကို ကျွန်မတွေးရင်း ပြုံးလိုက်မိတယ်။ သူတမင် လုပ်ခဲ့တာပဲ။ ဒါ သိမ့်မောင်လေးများလားလို့လဲ စိတ်မှာ တွေးနေမိခဲ့တယ်။

“ဟင် ...သိမ့်”

“ငါပြောစရာရှိတယ်၊ ဒီလ ငါ သင်္ချာအမှတ်နည်းတာကိုလေ ဝိုင်းဟားနေကြတယ်ဟယ်”

“ဘယ်သူကလဲ

"နှင်းယုတို့ပေါ့"

"နှင်းယုဆိုတာ ဟို... ကျောင်းလာရင် မိတ်ကပ်တွေ ပြင်ပြင်လာတဲ့ တစ်ယောက်လား"

"အင်း... ဟုတ်တာပေါ့"

"ဟာ... အဲဒါများ နောက်တစ်ခါ ပိုများအခေါင်လုပ်ပြီး သူတို့ကို ပြန်ဟားပြလိုက်ပေါ့ဟာ"

"နင်ကလဲ"

"တကယ် ပြောတာ၊ ရန်ဖြစ်နေရတာတွေ၊ အမုန်းပွားရမှာတွေ ငါတော့ သဘောမကျဘူးဟ၊ ဂရုမစိုက်ပဲ နေလိုက်၊ သိပ်ကြာကြာ သူတို့ မပြောနိုင်ပါဘူးဟ၊ စိတ်လျှော့နော်၊ နော်လို့ သိမ့်ကလေးရဲ့"

ပြောပြီး သူ့ပါးကလေး ပွတ်လိုက်တော့မှ

"အေးပါဟာ ငါနောက်လကျ ပိုကြိုးစားလိုက်မယ်၊ အဲဒီခါ ကျမှ ကောင်မတွေ တွေ့မယ်၊ ဟွန့်"

"ဟားဟား အေးပါဟာ အေးပါ"

««« »»»

အပိုင်း [၂]

ဒီလိုနဲ့ ကျွန်မ ကိုးတန်းကို ရောက်ခဲ့တယ်။ အရာအားလုံးက ပုံမှန်ပါပဲ။ ဒါပေမဲ့ ကျောင်းက သူငယ်ချင်းတချို့နဲ့တော့ အတန်းတွေ ကွဲသွားရတယ်၊ တော်ပါသေးရဲ့ သိမ့်နဲ့တော့ တစ်ခန်းတည်းထပ်ကျသေးလို့ပေါ့။

"နွေဦး"

"ဟင်... သိမ့်"

"ငါပြောစရာရှိတယ်"

"အင်း... ပြောလေ"

"ဟိုတစ်ခါလေ နင့်ကို စက်ဘီးနဲ့ တိုက်မိမလိုဖြစ်တဲ့ ငါ့ မောင်လေးဆိုတာ မှတ်မိလား"

"မနှစ်ကလား"

"အင်းလေ"

"မှတ်မိတယ်လေ ဘာဖြစ်လို့လဲ"

"နင့်ဖေဖေကို ပြန်မပြောနဲ့နော်"

"ဘာလို့လဲဟင်"

"ပြန်မပြောဘူးလို့ ကတိပေးရင် ပြောမယ်"

"အင်း ... ပေးတယ်ဟာ ပြော"

"အဲဒီနေ့က ငါ့မောင်လေးက အရင်းတော့ မဟုတ်ပါဘူးဟာ၊ တစ်ဝမ်းကွဲ၊ သူက နင့်ကို အဲဒီကတည်းက သဘောကျနေခဲ့တာဟ"

"ဟာ... ငါ ဖေဖေ့ကို ပြန်ပြောမှာ"

"အဲဒီလိုမလုပ်ပါနဲ့ နွေဦးရာ၊ နင့်အဖေအကြောင်းလဲ နင် သိရက်နဲ့

"ငါတို့က ငယ်သေးတယ် သိမ့်ရယ်၊ နင့်မောင်လေးဆို ပိုတောင်ငယ်သေးတယ်လေ"

“ငါ သိပါတယ်”

“နွေဦး၊ သူ့မျက်နှာ သိပ်တောင် မမှတ်မိတော့ဘူး”

“တကယ်တော့ ငါ ညာထားမိတာပါ နွေဦးရာ၊ အဲဒီနောက် ပိုင်း သူနင့်ကို အမြဲလာလာကြည့်တယ်၊ နင်ကျောင်းဝင်းထဲကို ဝင်လာတဲ့ အချိန်၊ ထမင်းစားချိန်၊ အချိန်တော်တော်များများပါပဲ၊ နင် ရာသီလာတုန်းကပေတော့လဲလေ သူဆီးဖျော်ရည်တွေနဲ့ တမင်ပက်ခဲ့တာ ငါ သိတယ်”

“အဲဒါတွေ ငါလဲ မသိပါလား”

“အဲဒါမို့ ငါညာထားမိတယ်လို့ ပြောတာပေါ့”

“ခုထိ သတိမထားမိခဲ့ဘူးတဲ့ အံ့သြစရာကြီး၊ မယုံပါဘူး”

“နင်မယုံလောက်ဘူးဆိုတာ၊ဒီမှာကြည့် အဲဒါ သူဆွဲထားတာ”

ကျောင်းဝင်းထဲမှာ ကံ့ကော်ပင်တစ်ပင် ရှိတယ်။ တစ်ခါတလေ ကျောင်းမတက်သေးရင် ကျွန်မ အဲဒီအပင်အောက်မှာ သွားထိုင်လေ့ရှိတယ်။ အချိန်အခါ မမှတ်မိပေမဲ့ အဲဒီမှာထိုင်နေတုန်း ဆွဲထားတာထင်ပါရဲ့။ မသေသပ်တဲ့ ပန်းချီပုံကလေးတစ်ပုံ သိမ့် သူ့လွယ်အိတ်လေးထဲက ထုတ်ပေးလာတယ်။ အချိန်ကြာကြာ ငေးမောနေမိတယ်။ အသက်ရှူဖို့ မေ့နေတာလဲ ဖြစ်နိုင်သလို ရင်ခုန်သံတွေကို နားထောင်နေတာလဲ ဖြစ်နိုင်ပါတယ်။

“နင်ပဲ ဆက်သိမ်းထားပေးပါ သိမ့်ရယ်၊ ငါ့ဖေဖေသိရင် ပြဿနာတက်မယ်၊ နင်သိတယ်မဟုတ်လား”

ကျွန်မလက်ထဲက စာရွက်ကလေးကို ခပ်သွက်သွက်ယူလိုက်ပြီး သူ့လွယ်အိတ်ထဲ ပြန်ထည့်လိုက်တယ်။

“အဲဒါမို့ ငါလဲ မပြောရဲလို့ နေနေတာပေါ့ဟ၊ ဒါပေမဲ့လေ နှင်းယုက စာပေးတယ် ပြောတယ်”

“ဟုတ်လား”

“အေးလို့ ရှေ့တစ်ပတ်ကပါဟား၊ ကာရန် ပြန်လာပြတာ၊ ဒီမှာ နှင်းယုပေးလိုက်တဲ့စာတဲ့၊ မသိမ့်ပဲ ယူတော့ဆိုပြီးတော့၊ ငါ့မှ ဖတ်ပြီး ရယ်လိုက်ရတာ၊ နရွှနေတာပဲဟာ ရေးထားတာ”

“နင့်မောင်လေးရော ဖတ်လား”

“ကာရန် ဖတ် မဖတ်တော့ မသိပါဘူး”

သိမ့် ကျွန်မကို လာပြောပြီးချိန်တည်းက ကျွန်မ သတိဝင်ခဲ့တယ်။ ဘာပဲလုပ်လုပ် ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်နေမိခဲ့တာ။ ကျွန်မ ကျောင်းဝမှာ သိမ့်မောင်လေးကို လိုက်ရှာနေမိတော့တယ်။ အမှုမဲ့ အမှတ်မဲ့ ကံ့ကော်ပင်ကို

ကျွန်မမျက်စိ ရောက်သွားခဲ့ပြီး တွေ့လိုက်ပါပြီ။ ကျွန်မသိပ်မြတ်နိုးရတဲ့ ကုံကော်ပင်အောက်မှာ အဖြူလက်ရှည် ကလေးနဲ့ ပုဆိုးအစိမ်းရောင်လေးကို သေသေသပ်သပ်ဝတ်ကာ ကတ္တီပါ ဖိနပ်အနက်ရောင်ကလေးစီးပြီး လက်ကလေးပိုက်လို့ ကုံကော်ပင်ကို မှီပြီး ကျွန်မကိုကြည့်နေလေရဲ့။ ကျွန်မ မြတ်မြတ်နိုးနိုးပြုံးလိုက်မိတယ်။

"ဟဲ့ နွေဦး "

သိမ့်က ကျွန်မကျောကို လက်နဲ့ ပုတ်လိုက်တော့

"ဟာ... လန့်လိုက်တာ သိမ့်ရာ

"အင်း ...သူလိုက်ရှာနေပြီးတော့နော်"

"ငါမေ့နေတာ၊ နောက်မှာ ငဲ့ဖေဖေ ပြန်သွားပြီလား ကြည့်ပေးစမ်းပါဟယ်"

"ပြန်သွားပါပြီဟ၊ ငါနဲ့တောင် လမ်းမှာ တွေ့ခဲ့တယ်"

"ဟူး...ကုံကော်ပင်အောက်က နင့်မောင်လေးမဟုတ်လား"

"အင်း . ဟုတ်တယ်၊ နွေဦး၊ အဲဒါ သူ နင့်ကို အမြဲကြည့်နေကျနေရာပဲ"

"ညောင်းနေတော့မှာပဲ"

"အယ်..."

"ဟာ... နင်ကလဲ ငါက စေတနာနဲ့ပါ" "အေးပါ အေးပါ အေးပါ...."

"ဒါနဲ့ သူက ငါတို့ထက် ဘယ်လောက်ငယ်လဲ"

"သူက ရှစ်တန်းလေ"

"တစ်တန်းပဲ ငယ်တာပါ"

" အယ်... "

"ဟာ... နင်ဘာတွေလျှောက်တွေးနေတာ၊ တစ်တန်းငယ်လို့ တစ်တန်းငယ်တယ် ပြောတာကို"

"သူက အေးအေးဆေးဆေးလေး နေတတ်တယ်ဟ၊ နင် ကြည့်ပါလား၊ နင့်ကို သဘောကျတာတောင် သဘောကျကြောင်း လာမပြောဘူး

"ကိုယ့်မောင်ကို မြှောက်နေလိုက်တော့"

"သူများတွေလဲ ရည်းစားထားကြတာပါပဲ၊ ငါတို့ထားရင် ရတာပဲ၊ ဒါပေမဲ့ နင်ပြောသလို ငါတို့က ငယ်သေးတယ်လေ"

"ငါကတော့ ကာရန်ကို သနားတယ်လို့"

“ဘာလို့”

“သူက မိဘမရှိတော့ဘူးလေ၊ ဒါပေမဲ့ သူက အဆင်ပြေတဲ့ အသိုင်းအဝိုင်းက သူ့အဖေဘက်က ဦးလေးတွေနဲ့ မနေချင်လို့ ငါတို့နဲ့ လာနေတာ”

ဘုရားပန်းလဲနေရင်း ကျွန်မ သတိဝင်လာခဲ့ ပြန်တယ်။

“သိမ့်၊ သူ ဒီအနီးနားမှာ ငါ့ကို ကြည့်နေသေးလား”

“အင်း… ကြည့်နေတယ်”

“ဟင်”

“တကယ်ဟ …နှစ်တန်းဆောင်ဘက်ကို ကြည့်လိုက်”

“ဟူး”

ကျွန်မ လှည့်မကြည့်ခဲ့။ ဖေဖေသိသွားရင် ပြဿနာတွေ တက်ကြရတော့မှာကိုသာ တွေးပူနေခဲ့တယ်။ နောက်တစ်နေ့မနက်

“နွေဦးခင်”

“ရှင် ဆရာမ”

“ဆရာမကို လေးတန်းဆောင် အခန်းက စားပွဲပေါ်မှ စာအုပ်ထုပ်လေး သွားယူပေးပါလား သမီးရယ်”

“ဟုတ် ဆရာမ”

ပြောပြီး ဆံပင်လေး သေချာသပ်လိုက်မိလေရဲ့ တစ်ယောက်ယောက်ကများ ကြည့်နေခဲ့ရင်ဆိုတဲ့ အတွေးကလေးနဲ့ပေါ့၊ ကျွန် အိမ်သာကို အရင်ဝင်ပြီး၊ ကျောင်းအုပ်ကြီးရုံးခန်းကို အကွေ့ ကျွန်မ ခြေခါက်သွားခဲ့တယ်။ ထရပ်လိုက်ဖို့ ကြိုးစားပေမယ့် မရ။ သွားလာတဲ့ ကျောင်းသား၊ ဆရာမတွေလဲ ရှိမနေခဲ့ဘူး။

“အား… ကျွတ် ကျွတ် နာလိုက်တာ” “ရလား နွေဦး”

“ဟင်း”

“အဆင်ပြေရဲ့လား ”

“မရဘူးဟယ်၊ နွေဦးဆရာမကို ခေါ်ပေးပါ၊ သိမ့်ကိုရော ထလို့ မရတော့ဘူးလို့ ပြောပေး”

“ကျွန်တော် ထူပေးမယ်လေ”

“ရပါတယ်၊ နွေဦးကို ဆရာမကိုပဲ ခေါ်ပေးပါနော်”

သူ ပြေးထွက်သွားပြီး ခဏအကြာ ဆရာမရော၊ သိမ့်ရော ကာရန်ရော

ပြန်လာကြတယ်။

"ဘယ်လို ဖြစ်တာလဲ သမီးရယ် "

"ခြေခေါက်သွားတာ တော်တော်နာတယ်၊ ဆရာမရယ်၊ စာအုပ်တောင် သွားမယူရသေးဘူး "

"သားနဲ့ သိမ့်သိမ့်၊ နွေဦးကို အတန်းကိုတွဲခေါ်သွားပေးလိုက်၊ ဆရာမ စာအုပ်သွားယူပြီး အခု လိုက်ခဲ့မယ်နော်"

သိမ့်က ရယ်မလိုဟန်ပြုလိုက်ပေမဲ့ ကာရန်ကတော့ ပြုံးရုံကလေးသာ။ ကျွန်မရဲ့ ဘယ်ဘက်လက်ကို ကာရန်ကိုင်ပြီး ညာဘက် လက်မောင်းကိုတော့ တင်းတင်းကျပ်ကျပ် သိမ့်ကိုင်ထားပေးခဲ့တယ်။

"နာလိုက်တာ သိမ့်ရယ်၊ ဖေဖေ့ကိုခေါ်ပေးရင် ကောင်းမှာပဲ"

ကျွန်မ သိမ့်ကို ပြောလိုက်တဲ့အခါ ကျွန်မကို ကိုင်ထားတဲ့ ဘယ်ဘက်အခြမ်းက လက်ကလေး မသိမသာ ဖြေလျော့သွားခဲ့တာ ကျွန်မ သတိထားမိခဲ့တယ်။ ကျွန်မဖေဖေကို သူကြောက်သွားတာလား၊ ကျွန်မကို ဖေဖေဆူမှာ သူကြောက်သွားတာနေမှာပေါ့။

"ကိုယ့်စာ ကိုယ်လုပ်ကြလေ၊ သိမ့် သွားလို့ရပြီ၊ သားလေး ကျေးဇူးနော်"

"ဟုတ်ကဲ့ ဆရာမ"

"နွေဦးဖေဖေကို ဆရာမ ဖုန်းခေါ်ပေးမယ်နော်"

"ဟုတ်"

"သား ပြန်လိုက်ဦးမယ် ဆရာမ" 'အေးအေး သား"

"ကာရန် "

ကျွန်မ သူ့ကို ခေါ်လိုက်မိတယ်။ သူ ကျွန်မဘက်ကို ပြန်လှည့်ကြည့်တော့မှ

"ကျေးဇူးနော်"

ပြုံးရုံကလေးသာ သူပြုံးပြကာ ခေါင်းညိတ်ပြသွားပေမဲ့ သူပါးချိုင့်လေးတွေဟာ ထင်းလို့၊ တကယ်ကာရန်ကလေးပါပဲ။ သိပ်မကြာခင် ဖေဖေရော မေမေပါ ရောက်လာပြီး-

"လာလာ ဆေးခန်းသွားမယ် သမီး" "ဆရာမ"

"အေးပါ အေးပါ သမီး၊ လိုက်သွား လိုက်သွား"

"မေမေ လွယ်အိတ်နဲ့ ထမင်းချိုင့်" "အင်းပါ မေမေ ယူခဲ့ပါ့မယ်"

“ရလား သမီးရယ်၊ အရမ်းနာနေလား”

“သိပ်တော့ မနာတော့ပါဘူး ဖေဖေရဲ့” “ဖေဖေ ချီရမလား၊ လျှောက်နိုင်လား”

“လျှောက်နိုင်ပါတယ်၊ ကျောင်းဝလေးတင်ပဲကို”

ဖေဖေ အိုးဝေတက္ကစီတစ်စီးငှားလိုက်ပြီး ဆေးခန်းကိုသွားကာ ပတ်တီးစည်းခဲ့ကြတယ်။

နောက်တစ်ရက် ကျွန်မ သက်သာနေပေမဲ့လဲ ဖေဖေ စိတ်ပူလွန်နေလို့ ကျောင်းကို ပေးမသွားခဲ့။

“နွေဦး”

“ ဟော.. သူငယ်ချင်း လာလေ သိမ့် ”

“သက်သာရဲ့လား၊ ကျောင်းမလာလို့လေ”

“အင်း... ငါ့ဖေဖေ မလွှတ်လို့၊ မနက်တော့လာမှာပါစာတွေ နောက်ကျမှာစိုးလို့ ”

“ငါ့ကို စာအုပ်တွေ ပေးလိုက်၊ ငါကူးပေးမယ်”

“ဟာ... ရပါတယ် သိမ့်ရယ်” “ပေးလိုက်ပါ”

“ကျေးဇူးပါ အချစ်ဆုံးလေးရယ်၊ မနက်ကျ မုန့်ဝယ်ကျွေးမယ်”

“အံမယ် မုန့်စားချင်လို့ မဟုတ်ပါဘူးနော် ”

“ဟင့် အဲလိုပြောတာ မဟုတ်ပါဘူးဟ၊ ဒါဆိုလဲ အာဘွား ပေးမယ်ဟာ၊ အင့် အာဘွား”

“ဟယ်... ဒီနှစ်ယောက် ချစ်နေကြတာ”

ဖေဖေရောက်လာပြီး

“အဲဒီနေ့က ရုံးခန်းရှေ့မှာ သမီးတစ်ယောက်တည်းဆို၊ ဘယ်သူ တွေ့တာလဲ သမီးကို”

“သမီးမောင်... အဟွတ်ဟွတ် ဟွတ်...”

“နွေဦးသွားတာ ကြာနေလို့ဆိုပြီး သိမ့်လိုက်လာတာ၊ အဲဒါ သူတွေ့လို့ပေါ့ ဖေဖေရာ၊ မဟုတ်ရင် အဲဒီနားမှာ သမီးငိုနေရတော့မှာ အကြာကြီး”

ကျွန်မ စကားဖြတ်ပြောလိုက်တယ်။ “အင်း... ဟုတ်တယ် ဟုတ် အဟွတ် အဟင်း ”

စကားပြောကြရင်း မှောင်သွားတာမို့ သိမ့်ကို ဖေဖေ လိုက်ပို့ပေးလိုက်တယ်။

နောက်တစ်နေ့မနက် ထုံးစံအတိုင်း ကျွန်မ ဖေဖေ့ကို နှုတ်ဆက်ပြီးတာနဲ့ ကုံကော်ပင်အစောက် သူ့ကိုပြုံးပြကာ အခန်းထဲကို ဝင်ခဲ့တယ်။

"သိမ့်၊ ဒါ နင့်လက်ရေးလဲ မဟုတ်ဘူး "

"ဟုတ်တယ်၊ ညက ကာရန် ကူးပေးထားတာ"

"ဟာ... နင်ကလဲ အားနာစရာကြီး၊ ဖေဖေသိရင်လဲ ဆူတော့မှာပဲ"

"နင်က မပြောနဲ့ပေါ့"

"ငါ ဖေဖေ့ကို လိမ်တာ များနေပြီ သိမ့်ရာ "

"အဲဒီလိုလဲ မဟုတ်ပါဘူး၊ ပိုအဆင်ပြေအောင် လုပ်တာပါ မနေ့က ငါလဲ အိမ်စာပါတာနဲ့ဟာ ကာရန်က သူလုပ်ပေးမယ် အတင်းပြောတာနဲ့ လုပ်ခိုင်းလိုက်တာပါ "

"ငါ ငါလေ ကာရန်နဲ့ စကားပြောချင်တယ်"

"ဟင်... နင် တကယ်ပြောတာလား နွေဦး"

" အင်း "

သိမ့် နာရီကို တစ်ချက်ကြည့်ကာ ချက်ချင်း ပြေးထွက်သွားခဲ့တယ်။

"ဟဲ့ သိမ့် ဟဲ့ ဟာ...ချက်ချင်းကြီး "

ခဏအကြာ ကျွန်မထိုင်ခုံနားကို ရောက်လာကြတော့ ကျွန်မမော့ကြည့်လိုက်ဖို့ကို ဝန်လေးနေခဲ့တယ်။ ကျွန်မစားပွဲပေါ်မှာ ကာရန် လက်ကလေး တင်ထားတယ်။ သွယ်နုဖွေးဥနေတဲ့ သူ့လက်ကလေးကို ကျွန်မ ငေးကြည့်နေမိခဲ့တယ်။

"နွေဦး... ဟဲ့ နွေဦး"

" ဟင်း "

"ခေါ်လာပြီလေ"

"ဟို ... အင်း ... ကျေးဇူး ကျေးဇူးနော် မောင် အင်း...ကာရန်"

"ဟင်... မောင် ဟုတ်လား "

"ဟာ... တိုးတိုးပြောပါ သိမ့်ရာ၊ ငါက မောင်လေးလို့ ခေါ်မလို့ပါ"

"ရပါတယ်၊ နွေဦး စာမျက်နှာတွေထဲ ကျွန်တော့် သမိုင်းလေး ပါသွားတာပေါ့"

"ဟင်"

"ငါ ရှောင်ပေးရမလားဟဲ့"

"ဟာ... အဲဒီလိုမလုပ်နဲ့လေ၊ မသိမ့် ဆရာမတွေနဲ့ကို" ကာရန်က ပြောလိုက်မှ ကျွန်မလဲ

"အေးလေဟာ နင်ကလဲ "

"ဟင်... ဒါလဲ ဝဋ်ကြွေးပါဟယ် "

"ပြန်တော့လေ ကာရန်"

"ဟင်... ကျေးဇူးတင်စကားပြောရုံပဲလား"

"အင်းလေ"

"မသိမ့်က ကျွန်တော့်ကို အဖြေပေးမယ်လို့ ပြောတယ်တဲ့ ဆိုပြီး ခေါ်လာတာ"

"ဟင်... ဟဲ့ သိမ့်"

"ဟီး.."

"နွေဦးတို့က ငယ်ပါသေးတယ်ကာရန်၊ ဆယ်တန်းအောင်ရင် နွေဦး အဖြေပေးပါ့မယ်"

"ဟင် အဝေးကြီးပဲ"

သိမ့်ပြောလိုက်ပေမဲ့ ကာရံက ... "တကယ်ပြောတာလား"

"အင်း"

"ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ်" ခုန်ပေါက်ပစ်လိုက်ချင်တဲ့ စိတ်ကို ကျွန်မ ထိန်းချုပ်ခဲ့ပေမယ့် သိမ့်ကတော့ အော်ကာ ရယ်မောနေခဲ့တယ်။ စကားပြောနေတုန်း

"နင်တို့ အုပ်စု ဘာတွေ ရယ်မောနေတာလဲ"

"နှင်းယု"

"ကျွန်တော် သွားတော့မယ်နော် နွေဦး"

" ဟုတ်"

"နေပါဦး ကာရန်ရဲ ... ရော့"

ပြောပြီး ကျွန်မတို့ရှေ့မှာ နှင်းယုက သူ့လွယ်အိတ်ထဲက နှင်းဆီပန်းပုံစာအုပ်ကလေးထုတ်ကာ ကာရန်ကို ပေးလိုက်တယ်။

"ကျေးဇူးပါ၊ ကျွန်တော်က နှင်းဆီမကြိုက်ဘူး၊ နွေဦးကံ့ကော်ပဲ ကြိုက်တာ"

ပြောလိုက်တော့ သိမ့်ဆီက လှောင်ရယ်တဲ့ အသံနဲ့ ..

"အဟိ အဟမ်း အဟမ်း" ထွက်လာခဲ့တယ်။

ကျွန်မက တံတောင်ဆစ်နဲ့တွက်လိုက်တော့မှ သူ့ပါးစပ်က သူပြန်ပိတ်လိုက်တယ်။ ဒါပေမဲ့ နှင်းယုက အကျောမခံတဲ့ လေသံ မျက်နှာပေးနဲ့

"အမယ်လေး မနေ့ကကျ ယူပြီးတော့များ ..." ပြောတော့-

"မသိမ့်ကို ပေးလိုက်တယ်၊ မသိမ့်ရာ ပြန်ပေးလိုက်လေဗျာ" မျက်နှာတင်းတင်းနဲ့ပြောပြီး ကာရန်ထထွက်သွားတော့တယ်။

"နင့်ပေးထားတာလား"

"အေး"

"နင် ဖတ်ပြီးပြီလား

"ငါ့ပေးမှတော့ ငါဖတ်တာပေါ့"

စကားများမှာ စိုးလို့-

"ပြန်ပေးလိုက်ပါ သိမ့်ရယ်"

ကျွန်မ ကြားထဲကနေ ဝင်ဖျန်ဖြေပေးခဲ့ရသေးတယ်

"ရော့"

သိမ့်က ရှောရှောရှူရှူပေးလိုက်ပေမဲ့လဲ နှင်းယုက မကျေမနပ်နဲ့

"လူတွေများ ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ရှုပ်ချင်ကြတယ်" ပြောကာ ထွက်သွားတော့ သိမ့်က မကျေမနပ်ဖြစ် ကျန်နေခဲ့တာပေါ့

"ဒီကောင်မ ဘာပြောသွားတာလဲ"

"နေပါဟာ ပြောပါစေ၊ ထားလိုက်"

"တောက်... အချိုးမပြေဘူး"

"စိတ်လျှော့ဟာ၊ နင်က သွားရယ်တာကိုး"

"ဘာဖြစ်ဖြစ် ရွဲ့ပြောသွားတာတော့ မကျေနပ်ဘူး၊ ရယ်စရာ မို့လို့ ရယ်တာကို"

နောက်တစ်နေ့ ကျောင်းသွားခါနီး-

"ဒီမှာ ကြည့်လိုက်ပါဦး သမီးလေး

"ဟယ်... ကံ့ကော်ပန်းတွေ အများကြီးပဲ"

"သမီးလေးအတွက် ကျောင်းမှာ ဘုရားပန်းထိုးလို့ရအောင် "

"အင်း.... ကျေးဇူးတင်ပါတယ် ဖေဖေရယ်၊ သမီးကို ဖေဖေပန်ပေး"

"ဟုတ်ပါပြီ လာ လာ"

"မွှေးနေရောပဲ ဖေဖေရယ် ဟတ်ချိုး ...အာ"

"ဟားဟား အမယ်လေး နှာတွေပါချေကုန်ပြီ ငါ့သမီးလေး ဟားဟား"

"ဟီး..."

ကံ့ကော်ပန်းကလေးတွေကို ဖေဖေက သေချာလေးစည်းပေး လိုက်တယ်။ ဒါ့အပြင် ကျွန်မ ဖေဖေပန်ပေးလိုက်တဲ့ ကံကော်ပန် ကလေးတွေဝေလို့

"နွေဦးဝင်တော့မယ်နော် ဖေ"

"အင်းပါ သမီးရယ် တာ့တာနော်"

"ဟုတ် "

ဖေဖေလှည့်ထွက်သွားတဲ့ထိ ကျွန်မကြည့်နေပြီး မမြင်ရတော့တဲ့ အခါမှ ကျွန်မ ကျောင်းထဲဝင်ခဲ့တယ်။ လျှောက်လာရင်း သတိရသွားပြီ ကျွန်မခြေလှမ်းတွေ ရပ်သွားခဲ့တယ်။ ကံ့ကော်ပင်အောက် ကျွန် မျက်လုံးတွေ ရောက်သွားပြီး ပြုံးပြလိုက်မိတယ်။ သူ့အပြုံးကလေးလဲ ကျွန်မ လှမ်းမြင်နေခဲ့ရတယ်။ အရင်နေ့တွေလို ကျောင်းခန်းကို ဆက်မလျှောက်ဘဲ ကျွန်မခြေလှမ်းတွေဟာ သူ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက လျှောက်သွားခဲ့ပြီး

"ရော့...တစ်ဝက်ယူ"

" ဗျာ"

"တစ်ဝက်ယူလို့၊ ဘုရားပန်းထိုးဖို့

"ဟုတ်"

"အဲဒီထဲက တစ်ပွင့် နွေဦးကို ပြန်ပေး

"ဗျာ"

"တစ်ပွင့် ပြန်ပေးလို့"

"ရော့ "

"ရှင် ကျွန်မကို ပန်းလာပေးနေတာလား "

"ဗျာ"

"ကျွန်မ အခေါ်လိုက်မှာနော် "

"ဟင်"

"ဟားဟား နွေဦး စနေတာပါ နွေဦး ကာရန်ပေးတဲ့ပန်းလေးကို ပန်လိုက်မယ်နော်"

" ဟုတ်"

ပါးချိုင့်ကလေးပေါ်တဲ့ထိ သူ ပြုံးရယ်တဲ့အခါ သိပ်ချစ်စရာ ကောင်းတာပဲ၊ လိမ်ဆွဲကိုက်ဆွဲပစ်ချင်စရာကောင်းတဲ့ ပါးမို့မို့ကလေးတွေ။

"နွေဦးကလေ ဟောဒီကျောင်းမှာ ကံ့ကော်ပန်းတွေ အများကြီး ပွင့်စေချင်တာ၊ မဟုတ်သေးပါဘူး၊ တစ်ကမ္ဘာလုံး ကံ့ကော်ပန်းတွေပဲ ပွင့်နေမယ်ဆို ပိုကောင်းတယ်"

"ကျွန်တော် ပျိုးပေးမှာပေ့ါ၊ ဒီကျောင်းမှာမှမဟုတ်၊ ကျွန်တော် ခြေချခဲ့တဲ့ နေရာတွေအကုန်"

"ဟယ်... တကယ်"

"အင်း"

ပြီးရော၊ သွားတော့မယ်၊ တော်ကြာ ချိန်းတွေ့နေတယ် ထင်ကြဦးမယ် အဟိ"

ရှက်ကိုးရှက်ကန်း ပြေးထွက်လာတဲ့ ကျွန်မကို သူ လှမ်းခေါ်လိုက်ပြီး-

"အာ... မနွေဦးခင်"

"ဟင်"

"ကျွန်တော် ကျွန်တော်လေ ....

"ဟိတ် နင်တို့တွေ မရိုးဘူးနော်"

"ဟာ. မသိမ့်ကလဲ သွားဟာ စကားပြောနေတာကို"

"မသွားပါဘူးနော်၊ အယ် ...ချိန်းတွေ့နေကြတာလားဟင် နင်တို့"

"မဟုတ်ပါဘူး သိမ့်ရယ်၊ ဘုရားပန်းလာပေးတာပါ၊ လာ သွားမယ်"

ပြောပြီး သိမ့်လက်ကိုဆွဲကာ ကျွန်မတို့အခန်းဆီ ထွက်လာခဲ့တယ်။ ကျွန်မ စာတွေထဲ သိပ်စိတ်မရောက်တော့၊ ဘာပဲလုပ်လုပ် တစ်နေရာရာကနေ သူကြည့်နေမလားလို့တွေးရင်း တစ်ချိန်လုံး သူ့ပါးမို့မို့ကလေးတွေကို ကိုက်ဆွဲချင်နေမိတော့တယ်။ ဖေဖေကျောင်းလာကြိုတော့ ကျွန်မ မလုံမလဲ ဖြစ်နေမိခဲ့တယ်။ ကျူရှင်ပြီးတာနဲ့

“သိမ့်၊ နွေဦး သွားနှင့်မယ်နော်”

“အင်း”

ပုံမှန်ဆို သိမ့်ကိုစောင့်နေကျ။ ဒါပေမဲ့ ဖေဖေနဲ့ ကာရန်က ထပ်ပြီးမတွေ့စေချင်တာနဲ့ ကျွန်မ စာအမြန်လုပ်ပြီး အမြန်ပြန်ခဲ့လိုက်တယ်။

“ရှင့်သမီး ပြုံးပြုံး ပြုံးပြုံးနဲ့ ဘာဖြစ်နေတာလဲ”

“ဟ... သိမလား”

“ရည်းစားတွေ ဘာတွေများ ရှိနေတာလား”

“ဟိုတစ်ခါကတောင် ပြောသေးတယ် သူချစ်သူရည်းစားရရင် ဖေဖေ ဘယ်လိုလုပ်မှာလဲတဲ့”

“ဟင်... ဟုတ်လား”

“ မဆုံးရှုံးချင်ဘူး ငါ့သမီးလေးကို ၊ ဘယ်သူ့မှ မပေးချင်ဘူး ခင်ရယ်၊ အဲဒီနေ့တွေကို ငါ တွေးလဲမတွေးချင်ဘူး၊ တွေးလဲ မတွေးနိုင်သေးဘူးကွာ”

မေမေနဲ့ဖေဖေ တီးတိုးပြောနေကြတယ်။

ကျွန်မအိပ်ရာတဲ တွေးနေမိခဲ့တယ်။ တစ်နေ့နေ့ တချိန်ချိန်များ ဖေဖေက သူနဲ့ကာရန်ကို ရွေးချယ်ခိုင်းရင် ကျွန်မ ဘယ်လိုလုပ်ရပ့်။

နောက်တစ်နေ့ ကျွန်မ ကျောင်းလာတော့ထုံးစံအတိုင်း ဖေဖေ့ကို နှုတ်ဆက်ပြီး ဖေဖေသွားမှ ကျွန်မ ကျောင်းထဲဝင်ခဲ့တယ်။ ကံ့ကော်ပင် အခောက်ကို ကြည့်တယ်၊ သူ အနွေးထည်လေးဝတ်ထားတာတွေ့တော့ ကျွန်မစိတ်ထဲ နေများမကောင်းလို့လားလို့ ထင်မိတယ်

သူ့အနားကိုသွားကာ သူနဖူးကို စမ်းလိုက်ပြီး

“ဟယ်... ပူခြစ်နေတာပဲ ကာရန်”

“နေမကောင်းဘူးလေ၊ ကျွန်တော် တွေ့ချင်လွန်းလို့ လာတာဗျ ”

“ဆရာမကိုပြောပြီး ပြန်ပါလား ကာရန်ရယ်နော်၊ ခုတွေ့ပြီးပြီပဲ”

“ကျွန်တော် နွေဦးကို ချစ်တယ်”

“ဟင်”

“နွေဦး ပြန်မချစ်ရင် ကျွန်တော် သေလိမ့်မယ် ”

“ဘာတွေပြောနေတာလဲ ကာရန်ရယ်၊ သူများတွေ ကြားကုန် တော့မယ် ”

“ဒီမှာကြည့်”

သူ့အင်္ကျီအဖြူကလေးရဲ့ ဘယ်ဘက်အိတ်ကလေးထဲက စာလေးကို ပြတယ်။

“မောင့် နွေဦး” တဲ့

ကျွန်မဆီက နှစ်လိုဖွယ်ရာ အပြုံးတစ်ခုကို ကာရန်မြင်လိုက်မှာပါ။ ရင်ထဲမှာ အရာရာပြည့်စုံနေသလိုလို။

“သူ့များတွေ မြင်ကုန်ဦးမယ် ကာရန်”

“အတွင်းထဲမှာပဲဟာကို”

“ဘာဖြစ်ဖြစ်ပါ ဆရာမကိုပြောပြီး ဒီနေ့တော့ ပြန်လိုက်နော် ကာရန် ”

“ဟုတ်”

“ နွေဦး သွားတော့မယ်”

“ကျွန်တော် ကြိုးစားမယ်နော်၊ နွေဦး အဖြေပေးမဲ့နေ့ကို ရောက်အောင်

တကယ်တော့ ကျွန်မ အဲဒီကံ့ကော်ပင်အောက်မှာတင် ကံ့ကော်ပန်းရဲ့ အဓိပ္ပာယ်လေး သူ့ကိုပြောပြီး သစ္စာဆိုပစ်ချင်ခဲ့တာ။

“ကံ့ကော်ပန်းတွေရဲအဓိပ္ပာယ်က ထာဝရ တစ်ယောက်တည်းပဲတဲ့ မောင်ရဲ့ နွေဦးလဲ မောင့်ကို အဲ့ဒီလိုမျိုးပဲ ချစ်မှာသိလား”

စိတ်ထဲကသာ ဖွဖွရေရွတ်လိုက်မိတယ်။

သူ့အိတ်ကပ်ကလေးထဲက နွေဦးဆိုတဲ့ အပြာရောင်စာကလေးဟာ ကျွန်မကို အကြိမ်ကြိမ်အခါခါ ပြုံးပျော်စေခဲ့တယ်။ မောင့်အိတ်ကပ် ကလေးထဲက နွေဦး၊ မောင့်နွေဦးပေါ့။

အဲဒီနောက် ကျောင်းပိတ်ရက်တွေကို ကျွန်မ မဖြတ်သန်းချင်တော့ဘူး။ စနေ၊ တနင်္ဂနွေမရှိရင် သိပ်ကောင်းမှာပဲဆိုပြီး အချိန်တွေ အမြန်ကုန်အောင် အိပ်ပဲအိပ်နေမိခဲ့တယ်။ ပုံမှန်ဆို သိမ့်တို့အိမ်သွားလည်စမရှိတဲ့ ကျွန်မဟာ အဲဒီနေ့က ဖေဖေ့ခွင့်ပြုချက်နဲ့ သိမ့်တို့အိမ်သွားလည်ခဲ့ရတယ်။

“သိမ့်၊ တစ်ယောက်တည်း ပြန်မလွှတ်နဲ့နော်၊ နွေဦးကို ဦး ညနေကျ လာခေါ်မယ်”

“ဟုတ်”

“တာ့တာ ဖေဖေ”

“အေးအေး ”

“မလာစဖူး လာလည်နေပ့ါလား”

“ငါ မညာချင်ဘူး သိမ့်ရယ်၊ ငါလေ ကာ…ကာရန်ကို သဘောကျနေမိ ချစ်နေမိပြီ”

“ဟဲ့ တွေ့ဝေနေလောက်တဲ့ အဆင့်တောင်မဟုတ်ဘူးလား”

“ဟင့်အင်း မတွေဝေဘူး၊ ဒါပေမဲ့ ငါ သူ ဆယ်တန်းအခောင်တဲ့ထိစောင့်မှာ”

“ နင်တို့ ဝေးများ သွားရင်ရောဟယ်၊ ချစ်နေတာသေချာရင် အဖြေပေးလိုက်တော့ပေါ့၊ ငါ့မောင်လေးလဲ သနားပါတယ် ”

“မပေးသေးပါဘူးဟာ၊ နင် ကတိပေးပါ၊ ငါမပြောသရွေ့ ဒီအကြောင်း သူ့ကို သွားမပြောပါဘူးလို့ ကတိပေးပါဟာနော် ”

“အေးပါဟာ အေးပါ အေးပါ”

“ဒါနဲ့ အခု ကာရန်ရော”

“ရေချိုးနေတာ၊ ငါ အပြင်မှာ အအေးသွားယူလိုက်ဦးမယ်”

နွေဦး အခန်းအပြင်ထွက်သွား၏

“မသိမ့်”

“ဟာ”

“ဟင်… ကာရန်”

“အာ”

ကျွန်မ မျက်နာလွှဲလိုက်ပေမဲ့ အခောက်ပိုင်းကို သဘက်သာ ပတ်ထားပြီး ရေတွေစိုနေတဲ့ သူ့ရင်ဘတ်နဲ့ ကျောတွေကို ကျွန်မ သေသေချာချာမြင်ခဲ့လိုက်ရတယ်။

“ဟဲ့… ငါ ဒီမှာဟဲ့”

“နွေဦး လာမှာကို ရောက်နေတာ ကြိုတော့ မပြောဘူး၊ သိမ့်ကလဲ ”

“ငါလဲ မသိဘူးလေ၊ ခုမှ ရောက်လာတာကို”

“ ပြီးရော၊ ခဏနေ ကျွန်တော် လာခဲ့မယ်လို့ ”

“အေးအေး ”

“ပြန်မသွားစေနဲ့ဦး”

“အေးပါဟ”

အခန်းထဲ သိမ့် ပြန်ဝင်လာပြီး

"ပြီးရင် လာခဲ့မယ်တဲ့"

"ငါ ပြန်တော့မယ်ဟာ"

"ဟဲ့ ဘယ်လို ဖြစ်တာတုံး"

"ငါ တစ်မျိုးကြီးပဲဟာ၊ ရှက်နေသလိုပဲ"

"ဘာမှ မဖြစ်ပါဘူး၊ ငါ ရှိတာပဲဟာ" သိပ်မကြာ ကာရန် ကျွန်မတို့ အခန်းထဲကို ဝင်လာတယ်။

"ရောက်နေတာ ကြာပြီလား"

အစောက တွေ့ခဲ့ကြတဲ့အတိုင်း အစက ပြန်မေးတော့

"နင့်ကို စောင့်နေတာတဲ့ အဟိ"

ကြားထဲက သိမ့်က ဝင်ပြောလိုက်တယ်။

"ဘာစားမလဲ နွေဦး၊ ကျွန်တော် သွားဝယ်ပေးမယ်လေ"

"ဟင့်အင်း"

"ငါ့လဲ မေးပါဦးဟာ "

"မသိမ့် ဘာဖြစ်နေတာလဲဟာ၊ လိုက်မစနဲ့ နွေဦး နေရခက်နေဦးမယ်"

ကာရန်ဆီက ဒီလိုကာကွယ်တဲ့ စကားသံလေးကြားရတော မေမေမှာခဲ့ဖူးတာလေးတောင် ကျွန်မ သတိရသွားမိသေးတယယ်။

"နွေဦး"

"ဟင်"

"ခဏနေ ဒီနားကအသုပ်ဆိုင် အသုပ်သွားစားကြမယ်လေ"

"ဟင်... ဆိုင်အသစ်လား "

"အေး... ဟုတ်တယ်၊ မနေ့က ငါစားတာတော့ ကောင်းတယ်"

"အေး... အဲဒါဆို သွားမယ်လေ

"ကျွန်တော်လဲ လိုက်မယ်"

ကာရန်က ဝင်ပြောတော့

"လိုက်ခဲ့လေ ကာရန်"

"အမယ်လေး... အမယ်လေး"

သိမ့်က ရွှဲကာမဲ့ကာ စတော့သည်။ "အန်တီ နံနံပင်လေး ထည့်ပေးပါလား များများ"

"အေးအေး "

"နံနံပင်ကြိုက်တာလား နွေဦး" "အင်း... ကြိုက်တယ် ကာရန်"

"ဘာလို့လဲ"

"နံနံပင်ဆိုပေမဲ့ မနံလို့လေ အဟိ "

ကာရန် ပြုံးရုံကလေး ပြုံးသွားတယ်။ ကျွန်မ သတိထားမိ သလောက် သူ တစ်ခါမှ ဟက်ဟက်ပက်ပက် မရယ်မောဖူးသေး၊ သူ ရယ်မောချိန်များမှာ ကျွန်မ သတိမထားမိတာလားတော့ မသိပါဘူး။ ဒါမှမဟုတ် အရယ်အမောပဲ သူ မလုပ်တတ်တာလား။ အသုပ်စားပြီး သိမ့်တို့အိမ်ပဲ ပြန်ခဲ့ကြတယ်။ ကျွန်မတို့ ရယ်မော စကားပြောကြရင်း ညနေကျ ဖေဖေ ကျွန်မကို လာခေါ်တယ်။

နောက်တစ်နေ့ ကျောင်းကိုသွားတော့ ကံ့ကော်ပင်အောက်မှာ သူ့ကိုမတွေ့၊ ကျွန်မ လိုက်ရှာနေပေမဲ့လဲ မတွေ့ခဲ့ပါ။ အခန်းထဲရောက်တော့ ကျွန်မလွယ်အိတ်ထည့်တဲ့ အံဆွဲထဲမှာ သကြားလုံးကလေးတစ်လုံးနဲ့ စာကလေးတစ်စောင် ကျွန်မ တွေ့လိုက်ရတယ်။

ဖွင့်ဖတ်ကြည့်လိုက်တော့-

"မောင့်ကဗျာ မောင့်စာ မောင့်ဘဝနဲ့ မောင့်နွေဦးဟာ မင်းပဲ"

"ဟင့် သူ့ကို ဘယ်သူကများ အဖြေပေးရသေးလို့လဲ"

ခပ်တိုးတိုးရေရွတ်မိရင်း ပြုံးနေမိခဲ့တယ်။ အပြာရောင် သကြားလုံးကလေးကို ကျွန်မ ပါးစပ်ထဲထည့်လိုက်တယ်။ တစ်ကမ္ဘာလုံး ချိုစိမ့်သွားတာပဲ။

"သိမ့်"

"ဟင်"

"ဒီစာလေး နင်ပဲ ထပ်သိမ်းထားပေးပါလားဟာ"

"ဟာ... နင်ကလဲ"

"လုပ်ပါဟာ၊ အိမ်ယူသွားရင် ဖေဖေတွေ့မှာ စိုးလို့ပါဟ"

"အေးပါဟာ ပြီးရော"

ကျောင်းဆင်းတော့ ဂိတ်ဝမှာ ဖေဖေ့ကို မတွေ့။ ကျွန်မ အရမ်း စိတ်ပူသွားတယ်။ ကျောင်းဆင်းချိန်မှာ ဖေဖေ့ကို မတွေ့တာ ဒါ ပထမ ဦးဆုံးပဲ။

ကျွန်မ ကျူရှင်တောင်မသွားဘဲ၊ အိမ်ကိုသာ အပြေးပြန်ခဲ့တယ်။ ငိုချင်နေတဲ့ စိတ်ကို မနည်းထိန်းချုပ်ထားခဲ့ရတယ်။ အိမ်ရောက်တာနဲ လွယ်အိတ်ကို ခုံပေါ်ပစ်ချပြီး

"ဖေဖေ... ဖေဖေ"

အိပ်ရာထဲမှာ ဖေဖေ့ကို တွေ့လိုက်တဲ့ အချိန် ကျွန်မ ထိန်းထား ခဲ့တဲ့မျက်ရည်တွေဟာ ထိန်းလို့မရတော့ တသွင်သွင်စီးကျလာခဲ့တယ်။ ဖေဖေလဲ မျက်ရည်တွေနဲ့၊ မေမေကတော့ ဖေဖေ့ဘေးမှာ ထိုင်လို့ပေါ့

" ဖေဖေ ဘာဖြစ်တာလဲ၊ မေမေ၊ ဖေဖေဘာဖြစ်တာလဲဟင်" ကျွန်မ ဖေဖေခြုံထားတဲ့စောင်ကို ဖယ်ကြည့်လိုက်မှ ညာဘက်ခြေထောက်ပတ်တီးစည်းထားရတာကို တွေ့လိုက်ရတယ်။

"ဟင်... ဖေဖေ ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲလို့ နွေဦးကို ပြောပြကြပါဦး"

"မနက်က သမီးကို ကျောင်းပို့ပြီး အပြန် ဆိုင်ကယ်တိုက်ခံရတာ"

"အဲဒါ ဆေးရုံမသွားဘူးလား၊ မေမေရဲ့ အခု သွားမယ်လေ လာ"

"“နေပါ သမီးလေးရယ်၊ ဖေဖေ ဆေးရုံမသွားချင်လို့ပါ၊ အဲဒီမှာ ရက်ရှည်နေနေရမှာစိုးလို"

"မနက်ကတော့ ဆေးခန်းကို မေမေလိုက်ပို့ပေးထားပါတယ်၊ အိမ်မှာ တစ်ပတ်လောက်နားလိုက်တဲ့၊ သက်သာသွားမှာပါ သမီးရဲ့"

"ဖေဖေ ဘာလို့ ငိုနေတာလဲ"

"ဖေဖေ့သမီးလေးကို လာမကြိုနိုင်လို့၊ သမီးကရော"

"ဖေဖေလာမကြိုလို့၊ ဖေဖေ တစ်ခုခုဖြစ်မှာ နွေဦးစိတ်ပူလို့ "

" ကျူရှင်မတက်ခဲ့ဘူးလား "

"ဖေဖေ့ကို မတွေ့တာနဲ့ အိမ်ကို အပြေးလာခဲ့တာ"

ကျွန်မ ပြောလိုက်တော့၊ မေမေပါ မျက်ရည်ကျလာခဲ့တယ်။

"ငါပြောဖူးပါတယ် ကိုစိုးရယ်၊ ရှင်တို့ တစ်နေ့ကျအခက်တွေ့လိမ့်မယ်လို့

ငိုရက်နဲ့ မေမေ အခန်းပြင်ကို ထထွက်သွားခဲ့တယ်"

"မငိုနဲ့ မငိုနဲ့ သမီးလေး ဘာမှ မဖြစ်ဘူး၊ ကျောင်းကို မေမေ လိုက်ပိုလိမ့်မယ်၊ ဖေဖေလဲ တစ်ပတ်လောက်ပါပဲ၊ ပြီးရင် သက်သာသွား မှာပါ၊ နော် သမီးလေး"

“ဟုတ်၊ ဂရုစိုက်ရမယ်နော် ဖေဖေ” “အင်းပါ သမီးရယ်”

အဲဒီနောက် ဖေဖေ ကျွန်မကို ကျောင်းလာမကြိုတော့။

“ဖေဖေ့ကိုသာ ဂရုစိုက်ပါ။ နွေဦး သိမ့်နဲ့အတူ ပြန်ခဲ့ပါ့မယ် လာမကြိုနဲ့”

မေမေ့ကို ပြောလိုက်ပေမဲ့ ကျောင်းဆင်းချိန်တိုင်း ဘယ်သူလာမလဲလို့ မျှော်နေခဲ့မိတယ်။ ကျွန်မ ကာရန်ကိုလဲ အာရုံမရတော့။ သိမ့်တို့နဲ့အတူ ပြန်ခဲ့မယ်လို့ မေမေ့ကို ပြောထားပေမဲ့ ကျွန်မ စာပြီးတာနဲ့တန်းအိမ်ပြန်ဖြစ်ခဲ့တယ်။ တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်ထိ ဖေဖေ ကျောင်းလာမကြိုနိုင်သေး၊

“ နွေဦး၊ အဆင်ပြေရဲ့လားဟင်”

ဘာကြောင့်မှန်းမသိ၊ ကျွန်မ သိမ့်ကို ဖက်ကာ၊ ငိုမိလိုက် တယ်။ နောက် ကျွန်မပါးပေါ်က ပါးကွက်ကျား နှစ်ဖက်မှာ မျက်ရည် စီးချောင်းလေးတွေ ထင်းလို့ပေ့ါ။

“ကာရန်က မေးခိုင်းတယ်၊ နင် အဆင်ပြေရဲ့လားတဲ့”

“ငါ့ကို သူ့အကြောင်းတွေ မပြောပါနဲ့တော့ဟာ၊ ငါ့ဖေဖေ ကိစ္စလဲ နင် ယသိနေတာပဲ၊ ငါတို့က မဖြစ်နိုင်တော့ပါဘူး”

“အင်းပါဟာ”

တကယ်တော့ ကျွန်မ ရေရွတ်ချင်နေမိခဲ့တဲ့ မောင် ဆိုတဲ နာမ်စားလေးဟာ ကာရန်ပါပဲ

ကျွန်မ ကိုးတန်းပြီးတဲ့အထိ ဖေဖေ လမ်းမလျှောက်နိုင်တဲ့အတွက် ကျွန်မနဲ့ မေမေအတွက် ကံဆိုးမှု စဖြစ်တော့တာပါပဲ။ ကျောင်းပြီးမှ ကျွန်မမေမေဆီက သိလိုက်ရတာတစ်ခုဟာ အဲဒီနေ့က ဆိုင်ကယ်မဟုတ်ဘဲ ဖေဖေ့ကို ကားတိုက်ခဲ့တယ်ဆိုတာပဲ။ ဆေးခန်းမှာ ဆရာဝန်နဲ့ အကြိတ်အနယ်စကားတွေများရတဲ့အထိ ဖေဖေဟာ ဆေးရုံမတက်ဖို့ပဲ ခေါင်းမာ နေခဲ့တယ်တဲ့။ အဲဒါမို့လဲ အခု သူ့ကိုယ်သူ ယူကျုံးမရဖြစ်နေခဲ့တာ။ အခန်းထဲ ကျွန်မ မသိအောင် ငိုငိုနေခဲ့တယ်။ ဖေဖေ့ခြေထောက်သက်သာဖို့ကို ဆေးရုံ၊ ဆေးခန်းတွေ အတော်များများ လိုက်ပြခဲ့ပေမဲ့ အချိန်ကြာခဲ့ပြီဖြစ်တဲ့အတွက် အားလုံးက လက်လျှော့ကြတယ်။ ရနိုင်တဲ့ဆီကျ တော့လဲ ကျွန်မတို့က ငွေမတတ်နိုင်ခဲ့

ဝင်ငွေမရှိတော့တဲ့ ရက်တွေမှာတောင် မေမေဟာ ကျွန်မကို ဆယ်တန်းထိရအောင်ထားခဲ့တယ်။ တစ်နှစ်ပတ်လုံး ကျွန်မကျောင်းနဲ့ ဖေဖေနဲ့ပါပဲ။ ကျောင်းကပြန် ဖေဖေ့ကို ပြုစုတယ်။ ဖေဖေ့နားမှာ အိပ်တယ်။ မနက် မေမေ့ကို ထကူရနဲ့ ။ ကျွန်မကို ကာရန်နဲ့ သိမ့် အထင်လွဲချင် လွဲနေကြမှာ။

နောက်ဆုံးစာမေးပွဲ မဖြေခင်လေးမှာ အပေါင်ခံထားတဲ့ ခြံကိုပြန်မရွေးနိုင်တော့တာနဲ့ ကျွန်မတို့ ရန်ကုန်ကိုပြောင်းရဖို့ အကြောင်း ဖန်လာတော့တယ်။ ကျောင်းဆက်မတက်ရတော့ဘဲ ကျွန်မရဲ့ ဘဝ ခါးခါးဟာ အဲဒီမှာ စတော့တာပါပဲ။ အရာအားလုံးဟာ ခဏလေး အတွင်းမှာ ဖြစ်ပျက်သွားခဲ့တယ်။

“ငါ စိတ်မကောင်းဘူး နွေဦးရယ်

“ဘယ်တတ်နိုင်မလဲဟာ၊ ကံက ဒီလိုဖန်လာရင် ဒီလိုပဲ ကရမှာပေါ့”

“အဆက်သွယ်မဖျက်လိုက်နဲ့နော်

“အင်းပါ သိမ့်ရဲ၊ ငါတို့ဖုန်းနံပါတ်တွေသိနေတာပဲ၊ ဆက်သွယ်ကြမယ်လေနော်၊ ကာ... ကာရန်ကိုလဲ ပြောပေးပါ၊ ကြိုးစားပါလို့ ပြီးတော့.. ငါ့ကို ခွင့်လွှတ်ပါလို့”

“နွေဦး”

“ဟင်... ကာရန်”

“ဘယ်ချိန်ထဲက ရောက်နေတာလဲ”

“ကျွန်တော် မသိမ့်နဲ့ အတူတူလာတာ”

“နွေဦး သွားတော့မယ်နော်”

“နေပါဦး၊ ကျွန်တော် ကျွန်တော် လက်ဆောင်လေးပေး လိုက်ချင်တယ်”

“အဲဒီလို တစ်ဘဝစာတွေ နွေဦး မယူချင်ဘူး”

“လက်ခံပေးပါ ”

“သိမ့်လဲ လက်ဆောင်ပေးစရာရှိတယ်၊ ယူသွားပါ နွေဦးရယ်နော်”

သိမ့်က သူလွယ်အိတ်ကလေးထဲက စာအိတ်လေးတစ်အိတ်ကို ထုတ်ပေးခဲ့တယ်။

“ဒါ ဘာတွေလဲ သိမ့်”

“နွေဦး ဟိုကျရင် လိုမလားလို့ ငါစုထားတာလေးတွေပါ”

“ဟင့်အင်း သိမ့်၊ ငါမယူချင်ဘူး၊ မယူပါရစေနဲ့ သိမ့်ရယ်၊ ငါ ငါ့ကို ဝမ်းနည်းအောင် မလုပ်ပါနဲ့”

“ငါ့ကို နင်ပဲ ကူညီလာခဲ့တာ၊ ဒီတစ်ခါလေးတော့ ငါကူညီပါရစေ နွေဦးရယ်နော် လက်ခံပေးပါ”

ပြောပြောဆိုဆို ကျွန်မအိတ်ထဲ အတင်းထည့်ပေးခဲ့တယ်။ ကာရန်က ကျွန်မလက်ကိုဆွဲကာ ကြိုးလေးတစ်ခု ပတ်ပေးတယ်။ သူ့ နှုတ်ဖျားကလဲ စကားတစ်ခွန်းကိုရေရွတ်သံ ကျွန်မ ကြားလိုက်ရတယ်။

“မောင့် နွေဦး”

ပြောပြီး သူ့အင်္ကျီလက်ရှည်ကလေးကို ဆွဲတင်လိုက်တော့ သူ့လက်မှာလဲ

ကျွန်မနဲ့ဆင်တူ လက်ပတ်ကလေးရယ်။

"ကျောင်းမှာ ကံ့ကော်ပန်းတွေပွင့်တဲ့အခါ နွေဦး သတိရပေးပါနော်၊ ကျွန်တော် အဲဒီပန်းကို ဒီနေ့ထိ မခူးခဲ့ဘူး"

"ဘာဖြစ်လို့လဲ

"ကျွန်တော် ချစ်လို့ပေါ့၊ ကျွန်တော်မြတ်မြတ်နိုးနိုးချစ်ခဲ့လို့"

««« »»»

အပိုင်း [၃]

ရန်ကုန်ကိုရောက်တော့ ဈေးအသက်သာဆုံး အပေါ်ဆုံးလွှာမှာ ကျွန်မတို့မိသားစုသုံးယောက် တိုက်ခန်းငှားနေခဲ့ကြတယ်။

"သမီး"

"ရှင် ဖေဖေ"

"ဖေဖေ တောင်းပန်ပါတယ် "

"သမီးအလှည့်ပေါ့ ဖေဖေရယ်၊ သမီး ရှာကျွေးမှာပေါ့"

"သမီးအလှည့်ရောက်ဖို့ လိုပါသေးတယ်၊ ဖေဖေ့ လိုအပ်ချက် တွေကြောင့် သမီး ..."

"အဲဒီလိုတွေ မတွေးပါနဲ့တော့၊ အရာအားလုံးက ပိုကောင်းဖို့ ဖြစ်လာတာပါ၊ မငိုနဲ့တော့ ဖေဖေရယ်"

ကျွန်မ အလုပ်ရှာခဲ့တယ်။ ကိုးတန်းဆိုတဲ့ အရည်အချင်းဟာ ဘယ်နည်းနဲ့မှ ရန်ကုန်မှာ တိုးမဝင်ခဲ့။ ဒါကြောင့် ရရာအလုပ် ယောကျ်ားလေးအထည်တွေရောင်းတဲ့ ဆိုင်မှာ ဘာအတွေ့အကြုံမှ မရှိပါဘဲ ကျွန်မ ကံကောင်းထောက်မစွာ အလုပ်ရခဲ့တယ်။ မနက် ကိုးနာရီကနေ ညခုနစ်နာရီအထိ အလုပ်လုပ်ရသော်လဲ အိမ်ပြန်လမ်းဟာ အဝေးမပြေ။

ခုနစ်လွှာထိ ဓာတ်လှေကားမရှိပါဘဲ လှေကားနဲ့သာတက်ရတယ်။

"နွေဦး ပြန်ရောက်ပြီ မေမေ"

"အင်း အင်း သမီး၊ မေမေ ထမင်းပွဲပြင်ထားတယ်"

"ဖေဖေ၊ နွေဦး ပြန်ရောက်ပြီ"

"လာပါဦး သမီးရယ်၊ ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး ဖေဖေ၊ နွေဦး အဆင်ပြေပါတယ်"

"ဖေဖေ့သမီး လိမ်တတ်နေပါပြီ "

"မလိမ်ပါဘူး ဖေဖေရဲ့ နွေဦး ရေချိုးလိုက်ဦးမယ်နော် ဖေဖေရော စားပြီးပြီလား"

"အင်း... ပြီးပြီ"

"ဟုတ် နွေဦး ရေချိုးပြီး ထမင်းစားလိုက်ဦးမယ်နော်"

"အေးအေး"

ဖေဖေဟာ သူ့ကိုယ်သူ အားမရ၊ အချိန်ပြည့်ဒေါသထွက်နေခဲ့တယ်။ အားလုံးဟာ သူ့အမှားလို့ သူ့ကိုယ်သူ အပြစ်တင်နေခဲ့တယ်။

"မေမေ ပိန်သွားလိုက်တာ "

"မပိန်ပါဘူး သမီးရဲ့"

"နွေဦး ဒီထက်ကျယ်တဲ့ အိမ်လေးရအောင် ကြိုးစားမယ်နော် မေမေ"

"အမယ်လေး၊ မေမေတို့ နေတတ်ပါတယ် သမီးရယ်၊ သမီးသာ အဆင်ပြေအောင်နေ၊ ပင်ပန်းလာရင် မေမေ ရွှေတွေရောင်းပစ်လိုက်မယ် သမီးနား၊ မေမေ ဈေးဆိုင်ဖြစ်ဖြစ် ဖွင့်မယ် သိလား"

"နေပါ မေမေရယ်၊ နွေဦး ထပ်မဝယ်ပေးနိုင်သေးဘူးလေ၊ အဲဒါကြောင့် ရှိတာလေးတွေတော့ ရောင်းမပစ်ပါနဲ့ဦးနော် မေမေ"

"နေ့ခင်းက သမီးဖေဖေက ပြောတယ်၊ ငါ့သမီးလေး ကံ့ကော် ပန်းကလေးများ ပန်ချင်နေသလား မသိဘူးတဲ့"

ထမင်းစားနေရင်းမို့ ကျွန်မ မငိုမိအောင် ထိန်းထားပေမဲ့ စီးကျလာတဲ့ မျက်ရည်ဟာ ထမင်းပန်းကန်ပေါ်တစ်ဝက်၊ ပေါင်ပေါ်တစ်ဝက် ကျနေခဲ့တယ် ။

"ဖေဖေ ဒီတစ်ခါ အဲဒီလိုပြောရင် ဖြေပေးပါ မေမေရယ် နွေဦး ကံ့ကော်ပန်းကလေးတွေကို နောက်ဘယ်တော့မှ မပန်တော့ပါဘူး လို့၊ ဘာလို့လဲဆိုတော့ နွေဦး သူတို့ကို ချစ်လို"

ဝရန်တာမှာ ကျွန်မ ငြိမ်သက်နေမိခဲ့တယ်။ လေတွေတဟူးဟူးနဲ့ပါပဲ။ မီးရောင်စုံနဲ့လှနေတဲ့ ဟောဒီရန်ကုန်ဟာ ကျွန်မနေခဲ့ဖူးတဲ့ အဲဒီ နယ်မြို့ကလေးလောက် မလှပဘူး၊ မနွေးထွေးဘူး၊ ချစ်ခြင်းမေတ္တာမရှိဘူး။

ကျောင်းက ကံ့ကော်ပင်ကြီးရှိသေးရဲ့လား။ ကျွန်မ သူတို့ကို ဖုန်းလဲ မဆက်ဖြစ်ခဲ့ပါဘူး။ သိမ့် နေမှကောင်းရဲ့လား ။ ထို့အတူ ကာရန်ရော အဆင်ပြေရဲ့လား။ ဒီနှစ်ဆို သူ ဆယ်တန်းတက်နေရောပေါ့။ ကြယ်ကလေးတွေငေးရင်း...

"ကာရန်ရေ၊ နွေဦး ကံ့ကော်ပန်းကလေးတွေ နောက်မပန်တော့ဘူး သိလား၊ ဘာလို့လဲဆိုတော့ နွေဦး ချစ်တတ်သွားပြီ ကာရန်"

ကျွန်မ နေ့တိုင်းအဲဒီလို ကာရန်ဆီကို စကားလေးတွေပါးခဲ့တယ်။ ကြယ်ကလေးတွေဆီမှ တစ်ဆင့်၊ လေညင်းတွေဆီမှ တစ်ဆင့် သို့မဟုတ် လမင်းကြီးဆီမှ တစ်ဆင့် .. ။

"မေမေ၊ နွေဦး အလုပ်သွားတော့မယ်နော်"

"အင်းအင်း သမီးလေး ဂရုစိုက်နော်" "ဖေဖေ၊ နွေဦးသွားပြီနော်၊ ထမင်းများများစား ဂရုစိုက်"

"အင်းပါ သမီးရယ်"

ဖေဖေ ဝမ်းနည်းနေတာကို ကျွန်မ မကြည့်ရက်၊ သက်သာအခောင်သာ ကုပစ်လိုက်ချင်ပေမဲ့ အိမ်လခနဲ့ လူသုံးယောက်စားစရိတ်ဟာ ကျွန်မ လစာနဲ့ ကွက်တိဖြစ်နေခဲ့တယ်။ ငွေတွေ ဘယ်လို ရှာရပါ့မလဲလို တွေးရင်း...။

"နွေဦး "

"ရည်းစားမရှိဘူးလား"

"မထားသေးပါဘူး မမရယ် "

"ဒီလောက်လှတာ မရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူးဟယ်"

"တကယ်၊ ဒါပေမဲ့ ယူဖို့ တွေးထားတဲ့သူတော့ ရှိတယ် "

"ဟဲ့ ဘယ်လိုကြီးတုံး"

"ဟီး..."

"ဒီတစ်ပတ် ပိတ်ရက်ကျ အပြင်သွားမယ် လိုက်မလား"

"မလိုက်တော့ပါဘူး၊ နွေဦး အိမ်မှာ ဖေဖေ့ကို ပြုစုရမယ်"

"သွားရတုန်းပိတ်ရက်ကိုသွားနော်၊ နောက်မှပျက်ရင် အလုပ်ရှင်က အလုပ်ဖြုတ်လိမ့်မယ်၊ သူက ရက်ပျက်ရင် မကြိုက်ဘူး"

"ဟုတ်ကဲ့ပါ မမ "

"ချိတ်လေးတွေ ယူပေးပါဦး"

"ဟုတ်"

ကျွန်မက အသစ်မို့လို့ ဆရာကြီးလုပ်နေတာကို သိပေမဲ့လည်း ကျွန်မ ခေါင်းငုံ့သာ နေခဲ့တယ်။

"နွေဦး၊ ပြန်ရောက်ပြီ မေမေ"

“အဖေး သမီး ”

“ဖေဖေရော”

“အခန်းမှာလေ”

“ဖေဖေရယ် အခုလို တံခါးကြီးပိတ်ထားတော့ မမွန်းကျပ်ဘူးလား”

“ပိတ်ထားတော့ သမီးမောပြီး တက်လာတာကို ဖေဖေ မတွေ့ရတော့ဘူးပေါ့”

“ဖေဖေကလဲ နွေဦး မပင်ပန်းပါဘူး တကယ်”

“ဘာနေနေပါ ဖေဖေ ပိတ်ထားရတာကို ပိုသဘောကျတယ်”

“အင်းပါ၊ နွေဦး ရေချိုးလိုက်ဦးမယ်နော်”

“သွားချိုး သွားချိုး သမီး ”

စကားပြောရင်း ဖေဖေပေါင်ပေါ် ခေါင်းမှီရင်း ကျွန်မမေ့းကနဲ ဖြစ်သွားခဲ့တယ်။

“ကာရန် ကာရန်”

“ဘာဖြစ်တာလဲ သမီးလေး အိပ်လေ”

“ဟင်… ဘာမှ မဖြစ်ပါဘူး၊ နွေဦး အခန်းထဲ သွားအိပ်တော့ မယ်နော်”

“အင်းပါ တံခါးပိတ်ပေးသွားဦး”

အခန်းထဲရောက်တော့ ကျွန်မအိပ်မပျော်တော့။ ကာရန် နေရော ကောင်းရဲ့လား။ ကျွန်မကို သတိရနေမလားလို့တွေးရင်း ငိုနေမိခဲ့တယ်။

“သမီး နွေဦး ထတော့လေ ရှစ်နာရီထိုးတော့မယ်”

“ဟယ်… ဟုတ်လား”

မနက်စာတောင်မစားဘဲ ဝရုန်းသုန်းကား ကျွန်မ အပြေးထွက် လာခဲ့တယ်။ ကားတစ်စီးလာနေတာတွေ့ပေမဲ့လဲ ကျွန်မ ဖြတ်ပြေးနိုင်မယ် ထင်ပြီး ကားလမ်းကို အသားကုန် ပြေးကူးလိုက်မိတယ်။

“ တီ….”

“အမယ်လေး .. အား ….”

ကားတစ်စီးထိုးရပ်သွားပြီး ကျွန်မရှိရာ လူတွေ ဝိုင်းလာကြတယ်။

“ကလေးမ ဘာဖြစ်သွားသေးလဲ”

“ရတယ် ရတယ်၊ သမီး လန့်သွားလို့” “ကားကလဲ ယီးလို မောင်းလာတယ်” “အဲဒီလေဟယ်”

“ကျွန်တော် ကျွန်တော် လောသွားလို့ပါ၊ တောင်းပန်ပါတယ် ဗျာ၊ တောင်းပန်ပါတယ်”

လူတွေကြားထဲမှ အသံတစ်သံ ကျွန်မနားထဲ အတင်းတိုးဝင်လာခဲ့တယ်။

“ညီမလေး ဘာဖြစ်သွားသေးလဲ”

“ဟင့်အင်း ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး”

“လာလာ ကျွန်တော် ဆေးခန်းလိုက်ပို့ပေးမယ်”

ကျွန်မ ကာရန်ကို သတိရလိုက်မိတယ်။

“နွေဦး ချော်လဲပြန်ပြီ ကာရန်ရေ လာထူပေးစမ်းပါဦး”

ဆေးခန်းရောက်တော့-

“အစ်ကို တောင်းပန်ပါတယ် ညီမ၊ ပွဲရှိနေတော့ အစ်ကို လောသွားလို့ပါ”

“ရပါတယ်၊ နွေဦးက ပြေးဝင်လာတာကိုး၊ သွားစရာရှိရင် သွားပါ၊ နွေဦးဘာသာ ပြန်လိုက်ပါ့မယ်”

“မဟုတ်တာ၊ အခုမှတော့ ပွဲလဲ မမီတော့ပါဘူး”

“တောင်းပန်ပါတယ်”

“မဟုတ်တာဗျာ၊ ဒါနဲ့ အလုပ်သွားမလို့လားဗျ”

“ဟုတ်”

“ကျွန်တော့်ကြောင့် အလုပ်ပျက်ရပြီထင်တယ်”

“ရပါတယ်”

စကားပြောနေတုန်း

“မနွေဦးခင် ရှိလားရှင့်”

“ဟုတ်၊ ရှိပါတယ်ရှင်”

“အခန်းထဲဝင်လို့ရပါပြီရှင့်”

“နွေဦးခင်”

ကျွန်မ ထအရပ်မှာ သူ ကျွန်မနာမည်ကိုခေါ်လိုက်တော့

“ရှင်”

“ဘာမှ မဟုတ်ပါဘူးဗျာ၊ ဒီအတိုင်း ခေါ်မိလိုက်တာပါ”

“ဟုတ်”

“အဆစ်ကလေးတော့ ရောင်သွားတယ်၊ နှစ်ရက် သုံးရက် နားလိုက်ပေါ့”

“မနားလို့ မရဘူးလား ဆရာ၊ အလုပ်ပြုတ်မှာစိုးလို့”

“ထိုင်တဲ့အလုပ်ဆိုရင်တော့ ရပါတယ်၊ မတ်တတ်ရပ်ဆိုရင်တော့ အဆင်မပြေဘူး၊ ပိုရောင်လာနိုင်တယ်”

“ဟုတ်ကဲ့ ဆရာ”

“အမျိုးသားကို အထဲခေါ်လိုက်ပါလာ”

“ရှင်”

“သွားခေါ်ပေးပါဦး”

ဆရာက ဘေးက နာ့စ် ကို ပြောလိုက်တယ်။

“ခင်ဗျားအမျိုးသမီးက အလုပ်ပြုတ်မှာကြောက်လို့တဲ့၊ သုံး လေးရက် နားခိုင်းတာကို စျေးဆစ်နေတယ်”

“နွေဦးတို့က အိမ်ထောင်သည်တွေ မဟုတ်ပါဘူး ဆရာ”

“ရည်းစားတွေလား”

“မဟုတ်ပါဘူး ဆရာ၊ လမ်းမှာ တိုက်မိလာတာပါ သူ့ကားနဲ့”

“ဪ… ဆောရီး ဗျာ ဆောရီး ဆောရီး”

“ရပါတယ်”

“ဘာပဲဖြစ်ဖြစ် ကျန်းမာရေးကအဓိကပဲလေ အလုပ်နားလိုက်ပါ ကျွန်တော် အမြန်သက်သာအောင် ဆေးလဲ ပေးလိုက်မယ်နော်”

“ဟုတ်”

“ကျွန်တော်နာမည်က ဘုန်းသိုက်ပါ” “ဟုတ် နွေဦးခင်ပါ”

“ရော့ ဒါ ကျွန်တော်ရဲ့လိပ်စာကတ်” “ဟုတ်ကဲ့”

“အလုပ်နားလိုက်ပါဗျာ၊ အလုပ်ပြုတ်သွားရင်လဲ ကျွန်တော် ပြန်ရှာပေးပါ့မယ်”

"ကျေးဇူးတင်ပါတယ် ကိုဘုန်းသိုက်" "ကျွန်တော် လိုက်ပို့မယ်လေ၊ အိမ်က ဘယ်နားမှာလဲ" "ရပါတယ်၊ နွေဦးဘာသာ ပြန်လိုက်မယ်"

"မဟုတ်တာဗျာ"

လမ်းတစ်လျှောက်ကားမောင်းရင်း သူ ကျွန်မကို စကားတွေ ပြောနေခဲ့တယ်။

"အသက်ဘယ်လောက်ရှိပြီလဲ နွေဦးက"

"နှစ်ဆယ့်တစ် ပြည့်တော့မယ်"

"ဟုတ်လား၊ ကျွန်တော့်ထက် ရှစ်နှစ်တောင်ငယ်တယ်"

"ဟုတ်"

"ကျွန်တော်က မော်ဒယ် သင်တန်းကပါ၊ နွေဦးဝါသနာပါရင် ကြိုဆိုချင်ပါတယ်၊ နွေဦးက လှတယ်လေ"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးရှင်"

"ကျွန်တော် ရှိနေတာပဲ"

သူစကားတွေ ထပ်ပြောနေပေမဲ့ ကျွန်မ မကြားရတော့။ အလုပ်လေးရက်လောက်ပျက်လိုက်ရရင် သေချာပေါက် ကျွန်မ အလုပ်ပြုတ် တော့မှာကို တွေးပူနေခဲ့တယ်။

"ဒီတိုက်လား နွေဦး"

"ဟုတ်"

"ကျွန်တော် လိုက်ပို့ပါရစေ"

"အပေါ်ဆုံးထပ်မို့ ညောင်းလိမ့်မယ်၊ နွေဦး ဘာသာ သွားလိုက်ပါ့မယ်"

"ဟာ... အဲဒီလိုဆို ပိုတောင် စိတ်မချဘူး။ လိုက်ပို့မယ်ဗျာ၊ ခွင့်ပြုပါ"

"မေမေ၊ နွေဦး ပြန်ရောက်ပြီ" "ဟယ်... သမီး"

"ရှူး ဖေဖေ မသိစေနဲ့"

ဖြစ်ပုံအကုန် မေမေ့ကို ပြောပြလိုက်တယ်။

"တော်ပါသေးရဲ့ ဘုရားမလို့ပေါ့"

"ကျွန်တော် ပြန်လိုက်ပါဦးမယ်ဗျ"

" ဟုတ်"

"ရော့ ငါးသိန်း၊ အချိန်မရွေး လိုအပ်ရင် ထပ်ဆက်သွယ်ပါဗျ"

"မယူပါဘူးရှင့်၊ နွေဦး ဘာမှ မဖြစ်ပါဘူး၊ အဲဒီလောက်လဲ မလိုပါဘူး၊ ပြန်ပါတော့၊ ဖေဖေ သိသွားလိမ့်မယ်"

"ကျွန်တော့်ကြောင့်ဖြစ်သွားတာဆိုတော့။ ကျွန်တော်တာဝန် ယူချင်လို့ပါ၊ နောက်မပေးတော့ပါဘူး၊ ဒါလေးတော့ လက်ခံပေးပါ"

"မယူပါဘူးရှင့်၊ ပြန်ယူသွားလိုက်ပါ"

"အန်တီယူပေးပါခင်ဗျာ၊ မဟုတ်ရင် ကျွန်တော် စိတ်မကောင်းဖြစ်နေမိတော့မှာ"

"အေးပါ အေးပါ"

"မေမေ့"

ကျွန်မ တားလိုက်ပေမဲ့ မေမေလက်ထဲ ပိုက်ဆံကရောက်နေခဲ့ပြီ။

"သွားလိုက်ပါဦးမယ် နွေဦးခင်"

ကျွန်မ ခေါင်းသာ အသာညိတ်ပြလိုက်တယ်။

ဖေဖေမသိအောင်နေရင်း အလုပ်သွားချင်ယောင်သာဆောင်ခဲ့ပြီး အခန်းထဲသာ ပုန်းနေခဲ့တယ်။ နှစ်ရက်လုံး ကျွန်မ အလုပ်မသွားဖြစ်ခဲ့။ ဖုန်းဆက်တော့လဲ မကိုင်နဲ့ ကျွန်မ သေချာပေါက် အလုပ်ပြုတ်ပြီထင်ပါရဲ့။ ဖုန်းဝင်လာတော့ အလုပ်ကထင်ပြီး အားရပါးရ ကျွန်မ ကိုင်လိုက်မိတယ်။

"ဟယ်လို"

"ဟုတ်ကဲ့ရှင့်"

"နွေဦးခင်လား မသိဘူး"

"ဟုတ်ပါတယ်"

"ကျွန်တော် ဘုန်းသိုက်ပါ"

" ဟူး"

ကျွန်မ သက်ပြင်းချလိုက်မိတယ်။ "သက်သာလားဗျ"

"ဟုတ်"

"ကျွန်တော် အဲဒီဘက်ကြုံလို့ မုန့်တွေဝယ်လာပို့တာ"

"ရပါတယ်"

"ကျွန်တော် တံခါးဝရောက်နေပြီ ခင်ဗျ"

"ရှင့်... မေမေ၊ ရောက်နေတယ်တဲ့" "ဘယ်သူလဲ"

"ကိုဘုန်းသိုက် "

"အေးအေး၊ ဟာ... သမီးပြန်လာပြီလို့ သမီးဖေဖေကို အသံပြုလိုက်ဦးလေ"

ကျွန်မ အိမ်ရှေ့တံခါးဝသို့သွားပြီး .. နွေဦးပြန်ရောက်ပါပြီ ဖေဖေ"

"ဟင် ဒီနေ့ စောလှချေလား"

"ဟုတ် ဖေဖေ"

"လာ ကိုဘုန်းသိုက်၊ ဖုန်းတော့ ကြိုဆက်သင့်တယ်ရှင့်"

"ဆောရီး"

ရှင်က အမြဲတမ်း ဆောရီးပဲ ပြောတတ်တာလား"

"ဗျာ"

"ဟဲ့ သမီး၊ လူကြီးကို"

"ရပါတယ် အန်တီ၊ ကျွန်တော် ဝယ်လာတာဗျ "

"အေးကွယ် ကျေးဇူးပါ"

"နွေဦး တစ်ခုတော့ ပွင့်ပွင့်လင်းလင်းပြောပါရစေ၊ ဒီမှာတော့ ပြောလို့မရဘူး၊ တစ်နေ့ အေးဆေးစကားပြောကြမယ်လေ"

"ဟုတ်ကဲ့၊ မနက်အားလား "

"ခြေထောက်နာနေတာကို နွေဦး ဘယ်သွားနိုင်မှာလဲ"

"လာခေါ်မယ်လေ"

"ဟုတ်ကဲ့၊ အခုတော့ ပြန်ပါတော့၊ ဖေဖေသိသွားလိမ့်မယ်"

"ဟုတ်ပါပြီဗျာ"

သူပြန်သွားတော့၊ ကျွန်မ တွေးနေမိခဲ့တယ်။ သူက အဆင်ပြေပုံ ရတယ်။ ကျွန်မ သူ့ကို ...

"ဟာ... ငါ ဘာတွေတွေးနေပါလိမ့်"

နောက်တစ်နေ့မနက် သူလာခေါ်တော့ ကျွန်မ ကန်တော်ကြီးကို လိုက်သွားခဲ့တယ်။ ရေပြင်ကြီးကိုငေးရင်း၊ တစ်စတစ်စနဲ့ ပြောရင်း

ကျွန်မတို့မိသားစုအကြောင်း အကုန်လုံးလိုလို ပြောဖြစ်သွားတယ် နယ်မြို့လေးမှာ ကျန်နေခဲ့တဲ့ ကာရန်နဲ့ သိမ့်အကြောင်းရောပေါ့။

"ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော် အလုပ် ရှာပေးမယ်။ အဲဒီအလုပ်ကို ဆက်မလုပ်နဲ့တော့၊ မော်ဒယ်ဝါသနာ မပါရင်တောင် ကျွန်တော့်ရဲ့ မန်နေဂျာ လုပ်ပေးပါ"

"နွေဦးမှ အဲဒါတွေ မသိတာ"

"ကျွန်တော် သင်ပေးပါ့မယ်၊ နွေဦးဘေးမှာ ကျွန်တော် ရှိနေတယ်လေ"

"ကျေးဇူးတင်ပါတယ် ကိုဘုန်းသိုက်"

အဲဒီနောက် ကျွန်မ သူ့မန်နေဂျာလုပ်ခဲ့ရတယ်။ သူသွားတဲ့ နေရာလေးတွေ လိုက်သွားရုံကလွဲလို့ ဘာဆိုဘာမှလဲ မလုပ်ရဘဲ တစ်လ တစ်လ လစာရနေခဲ့ပါတယ်။

"သမီး"

"ရှင်... မေမေ "

"စားကောင်းလား ဟင်၊ အရင်လို မေမေ ဟင်းချက်မှ ကောင်းသေးရဲ့လား"

"ကောင်းတာပေါ့ မေမေရဲ့"

"အဆင်ရောပြေရဲ့လား အလုပ်အသစ်က"

"ပြေတယ် မေမေ၊ နွေဦး ဘာမှကို မလုပ်ရဘူး"

"မေမေ ထင်တာတော့ အဲဒီကောင်လေးက ငါ့သမီးကို သဘောကျနေတယ် ထင်တယ်"

"သူ့အနေအထားနဲ့ မေမေရယ်၊ သူသွားတဲ့နေရာတွေမှာဆို နွေဦးထက် ဆယ်ဆသာတဲ့ မိန်းမလှလေးတွေချည်းပဲ"

"အို...ငါ့သမီးက လှတယ်လေ၊ ပြင်ဆင်နေကြည့်ပါလား၊ မင်းသမီးတောင်ရှုံးမှာ"

"ဟင်း ...မေမေတို့ကတော့ အရောက်ပို့၊ ဖေဖေ့ကိုလဲ နွေဦးပြောပြချင်တယ်၊ ညကျပြောပြဖို့ စိတ်ကူးထားတယ်"

"အင်းပါ "

ထမင်းစားနေရင်း ဖုန်းဝင်လာတာနဲ့သွားကိုင်လိုက်တော့ ..

" ဟယ်လို "

"ဟယ်လို နွေဦးခင်လား "

"ဟုတ်ပါတယ်ရှင် "

"ကာရန်ပါ" "

ကျွန်မ ငြိမ်သက်သွားမိတယ်။

"ဟယ်လို ကြားလား၊ ကြားရဲ့လား နွေဦး "

"အင်း… ကာရန် ပြော "

"ကျွန်တော် ဆယ်တန်းအောင်ပြီးပြီလေ"

"ဟုတ်လား၊ ပျော်နေမှာပေါ့နော်၊ နွေဦးလဲ ပျော်ပါတယ်"

ကျွန်မ သူ့စကားကို ဖြတ်ပြောလိုက်တယ်။

"ပျော်တာပေါ့၊ ကျွန်တော် အဖြေရတော့မှာလေ"

" ဟင်"

"နွေဦးပဲ ဆယ်တန်းအောင်ပြီးတဲ့အခါ အဖြေပေးမယ်ဆို"

"နွေဦး အဲဒီလိုပဲ ပြောခဲ့တာလား၊ နွေဦး မမှတ်မိတော့ဘူး"

"ကျွန်တော်ပေးလိုက်တဲ့ လက်ပတ်ကလေးရော "

"ဟင်… ဘယ်တုန်းကပေးတဲ့ဟာလေးလဲ "

"နွေဦး "

"သြော်… သိပြီ ဆောရီးပါ ကာရန်ရယ်၊ နွေဦး အဲဒီနေ့ကပဲ ဖေဖေ့ကို မညာချင်လို့ လွှင့်ပစ်ခဲ့တယ်"

"တကယ်ပြောနေတာလား နွေဦး"

"မနွေဦးခင်၊ ခင်ဗျားက ဒီလိုပဲ သူများနှလုံးသားကို ပြက်ရယ်ပြုကစားတတ်တဲ့ သူလားဟင်"

"ကာရန်ထင်ချင်သလို ထင်ပေါ့ "

"ကျွန်တော် ဘယ်လောက် ကြိုးစားခဲ့ရသလဲ သိလား"

"နွေဦးပြောခဲ့တာတောင် နွေဦး မမှတ်မိပါဘူးဆို"

"ကောင်းပါပြီ မနွေဦးခင်ရယ်၊ ခင်ဗျားက ဆူးပဲ၊ ကံ့ကော်ပန်းမဖြစ်သင့်ဘူး "

ကျွန်မ ဘာမှ ပြန်မပြောခဲ့။ ပြောခွင့်လဲမရတော့၊ ကာရန်ဖုန်းချသွားခဲ့တယ်။ လူတွေမှာ မပြောဘဲကြား၊ မမြင်လဲ သိခွင့်ရှိကြရင် သိပ်ကောင်းမှာ

တကယ်တော့ ကျွန်မ အမှတ်တရတွေအားလုံးကို ယနေ့ထိ အမှတ်ရနေဆဲ၊ လက်ပတ်ကလေးကိုလဲ ကျွန်မ ခုထိသိမ်းထားဆဲပဲဆိုတာ သူ သိမသွားခဲ့ပါဘူး ။

"ဖေဖေ"

"ပြောလေ သမီးလေး"

"နွေဦးလေ နွေဦး ဖေဖေ့ကို သိပ်ချစ်တယ် "

"ဟာ... ငါ့သမီးလေးက မပြောစဖူးတွေ ပြောလို့ပါလား"

"တကယ်ဖေဖေရဲ့ အဲဒါမို့ နွေဦး ဘာမှ ဖေဖေ့ကို မညာ ချင်ဘူး

"အင်းပါကွယ်"

"နွေဦး ပြီးခဲ့တဲ့နှစ်လလောက်က ကားတိုက်မိမလိုဖြစ်ပြီး ဆေးခန်းပြခဲ့ရတယ်၊ အလုပ်သုံးရက် မသွားလိုက်တာ အလုပ်ပြုတ်သွားတယ် ဖေဖေရယ်၊ ဒါပေမဲ့ ကံကောင်းချင်တော့ တိုက်မိတဲ့ကား ပိုင်ရှင်က အလုပ်ပြန်ရှာပေးတယ်၊ နွေဦးကို သူ့မန်နေဂျာအဖြစ်အလုပ် ခန့်ပေးတယ်။ ကိုဘုန်းသိုက်တဲ့၊ ဖေဖေ အခန်းထဲပဲနေနေလို့ သူ့ကိုမတွေ့ တာ၊ တစ်ခါတလေ လာလည်တယ် ဖေဖေ "

ကျွန်မစကားတွေကို ဖေဖေ ဘယ်လိုအဓိပ္ပာယ် ဖွင့်နေခဲ့လဲတော့ မသိဘူး။ ဒါပေမဲ့ ဖေဖေ့မျက်လုံးမှာ မျက်ရည်တွေ ပြည့်လာခဲ့တယ်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဖေဖေ တောင်းပန်ပါတယ်ကွယ်"

"ဖေဖေရယ် အဲလိုတွေ မပြောပါနဲ့တော့ဆို၊ နွေဦးက မညာချင် မလိမ်ချင်လို့တောင် ဖေဖေ့ကို ပြောပြနေတာလေ "

"မဟုတ်ပါဘူး၊ ဖေဖေ့သမီးလေး ပင်ပန်းနေလို့ပါ"

"မပင်ပန်းပါဘူး ဖေဖေရဲ့ အပြင်လေးတွေ လိုက်သွားရုံပဲ လစာက အသားတင်ရနေတာ ဖေဖေ"

"သမီး"

ဖေဖေ စကားမစခင်

"နွေဦး ဖေဖေ့ကို ခြေထောက်ပြန်ကောင်းအောင် ကုမယ် အရင်လိုပြန်နေချင်တယ် ဖေဖေရယ် "

ပြောပြီး ဖေဖေ့ပေါင်ပေါ်ကို ကျွန်မ ဘေးတစောင်းလေ ခေါင်းမှီလိုက်တယ်၊ ဖေဖေက ကျွန်မရဲ့ဆံပင်လေးတွေ သပ်တင်ပေးရင်း ဖေဖေ့မျက်ရည်တွေဟာ ဖေဖေ့ပါးပေါ်ကနေ ကျွန်မပါးပေါ်ကို လိမ့်ကျနေခဲ့ကြတယ်။

အဲဒီနေ့က အပြင်သွားရင်း ဝက်သားတုတ်ထိုးဆိုင်တွေ့တာနဲ့

"ကိုဘုန်း ကိုဘုန်း၊ ကားခဏလောက် ရပ်ပေးပါလား"

"ဟင် ဘာဖြစ်လို့လဲ"

"ရပ်ပေးပါလို့"

"ဟုတ်ပြီ ဟုတ်ပြီ"

"နွေဦး ဝက်သားတုတ်ထိုးလေး စားချင်လို့"

"နွေဦးက ဝက်သားစားတာလား "

"ဟုတ်၊ ကိုဘုန်းက မစားဘူးလား" "အင်း "

"အဲဒါဆို ကားပေါ်နေခဲ့လေ"

"လိုက်ခဲ့မယ်၊ လူတွေများတယ် စိတ်မချဘူး"

"ဟင်း "

တုတ်ထိုးစားချင်တဲ့စိတ်က များနေတော့ နားမလည်ပေမဲ့လဲ ထပ်မမေးတော့၊ ကားပေါ်က အပြေးဆင်းပြီး တုတ်ထိုးဆိုင်ထဲ အပြေးသွားကာ နေရာအရင်ဝင်ယူလိုက်တယ်။

"နေနေ ရပါတယ်၊ နွေဦးဘာသာ ခွာပါ့မယ်"

"ရပါတယ်၊ နွေဦးစားပါ၊ ကို ခွာပေးမယ်"

"ဝက်သားမစားဘူးဆိုတော့ အနံ့ရော ခံနိုင်ရဲ့လား၊ ကားပေါ် သွားနေလေ၊ ခဏပဲ အမြန်စားပြီး လာခဲ့မယ်"

"ရပါတယ်၊ အေးဆေးစားပါ၊ ကို စောင့်နေမယ်" ပြောပြီး ဝက်သားမစားတဲ့ အမျိုးသားတစ်ယောက်ဟာ ဝက်သားတုတ်ထိုးဆိုင်ထဲလိုက်ပြီး ကျွန်မအတွက် ကြက်သွန်ဖြူခွံနွှာပေးနေခဲ့တယ်။

ဒီလိုနဲ့ တစ်လပြီး တစ်လ ကျွန်မ ကိုဘုန်းဘေးမှာ အချိန်တွေ ကုန်ခဲ့တယ်။

"ကိုဘုန်း"

"ပြောပါ နွေဦး"

"ဘာအလုပ်မှလဲ မလုပ်ရဘဲ လစာယူနေရတာ နွေဦး အားနာ

တယ်"

"ဟာ... အဲ့လို မထင်ပါနဲ့ မန်နေဂျာတွေက ဒီလိုပဲဟာကို"

“ဒါပေမဲ့ .. ”

“အဲဒါတွေ မပြောနဲ့ ၊ကို့ကို ဒီအဖုံးလေး ဖွင့်ပေးပါဦး”

ပြောပြီး မဖြစ်စလောက် ရေသန့်ဘူးလေးကို ဖွင့်ခိုင်းခဲ့တယ်။

“ကို ဒီညဒင်နာရှိတယ်၊ လိုက်ခဲ့ပေးပါလားဟင်”

“အဲဒီလိုတော့ မရဘူးနဲ့တူတယ်၊ နွေဦး ညပိုင်း မသွားဖူးဘူး ဘာဝတ်ရမလဲ နွေဦး မသိဘူး၊ ပြီးတော့ မေမေတို့ ဖေဖေတို့ စိတ်ပူ နေလိမ့်မယ်”

“ကို လိုက်ပြောပေးမယ်လေ ”

“ဟာ… အားနာစရာကြီး၊ နွေဦး ထွေထွေထူးထူးလဲ လုပ်စရာ မရှိဘဲ ကိုဘုန်း တစ်ယောက်တည်းသွားလို့ရရင် သွားလိုက်ပါလား မိတ်ဆက်ပေးဖို့ လူတွေလဲ ရှိလို့လေ၊ လိုက်စေချင်တာ နွေဦးကို”

“ဟို ..နွေဦး… နွေဦး… ဒီညလားဟင် ”

“ အင်း”

ဆိုင်တစ်ဆိုင်မှာ သူ ကားရပ်လိုက်ပြီး

“နွေဦး ဝင်သွားလိုက် ဒင်နာအတွက် သူတို့အင်္ကျီတွေထုတ်ပေးလိမ့်မယ်၊ ဝတ်ကြည့်ပြီး ကြိုက်ရင် ယူခဲ့ ကို မလိုက်တော့ဘူး”

“နွေဦး ဖိနပ်တော့ မရွေးတတ်ဘူး၊ ကိုဘုန်း ရွေးပေးပါလား

“တကယ်လား”

“ အင်း”

“ဟုတ်ပြီဗျာ”

ကျွန်မထိုင်နေတဲ့ဆီ အနက်ရောင်ဖိနပ်ကလေးတစ်ရန် သူ ယူလာပြီး

“ထိုင်နေ ထိုင်နေ နွေဦး၊ ကို စီးပေးမယ်”

“ ဟာ… မလုပ်ပါနဲ့၊ နွေဦးဘာသာ စီးပါ့မယ်

“ပေးပါ”

“ရပါတယ်ဆို ”

ကျွန်မလေသံ နည်းနည်းမာသွားတာနဲ့ သူဖိနပ်ကလေးကို ကျွန်မကို ပြန်ပေးတယ်။ ဒါပေမဲ့ ဖိနပ်ကြီး ကျွန်မ မချည်တတ်။

“နွေ… နွေဦး ကြိုးမချည်တတ်ဘူး ”

သူ ပြုံးရယ်လိုက်တယ်။ ပြီးတော့ ကျွန်မ ခြေဖဝါးကို အသာကလေးမပြီး တစ်ရှူးနဲ့ သုတ်ပေးကာ ဖိနပ်ကို ကြိုးချည်ပေးခဲ့တယ်။

“လှတယ်၊ ဒီဝတ်စုံနဲ့ လိုက်တယ် နွေဦး ”

“ဟုတ် ”

ကားပေါ်ရောက်တော့

“ကိုဘုန်း၊ အပြန်ကျ ပြန်လိုက်ပို့မယ်မဟုတ်လားဟင်”

“လိုက်ပို့မှာပါ စိတ်ချ ”

“အဲဒါဆို နွေဦးဘာသာ မေမေတို့ ကြည့်ပြောလိုက်ပါ့မယ်၊ အလုပ်အတွက်ပဲဟာ လွှတ်မှာပါ”

“အင်းပါ နွေဦးသဘော”

“ဒီနေ့အတွက် ကျေးဇူးနော် ”

တိုက်ရှေ့မှာ သူ ကားရပ်လိုက်ပြီး၊ ကျွန်မဘက်ကိုလှည့်ကာ ကျွန်မဆံပင်တွေကို သပ်တင်ပေးပြီး

“မလိုပါဘူး နွေဦးရယ်၊ အနားမှာ မင်းရှိနေတာနဲ့တင် ကျေးဇူးတင်နေပါပြီ

ကျွန်မ နားမလည်ပေမဲ့၊ ဘာမှလဲ မမေးခဲ့၊ ကားပေါ်ကဆင်းပြီး တာ့တာပြကာ အပေါ်တက်ခဲ့တယ်။ ဖေဖေ့ကိုမပြောခဲ့ပေမဲ့ မေမေ့ကိုတော့ စိတ်ချတဲ့အထိ သေချာလေး ပြောပြခဲ့တယ်။

“လူတွေအများကြီးပဲ ကိုဘုန်းရယ်”

“ မကြောက်ပါနဲ့ ကျွန်တော် ရှိပါတယ်”

“ဟက်ပီးဘတ်ဒေး ကိုဘုန်း”

“ဟာ… ဒါဒါ ပွဲလာပေးတာ ကျေးဇူးတင်ပါတယ်ဗျာ ”

“ဟင်… လာရမှာပေါ့ ကိုယ့်လူတွေပဲ”

ဒါဒါဆိုတဲ့ အမျိုးသမီးက ပြောလိုက်မှ ဒီပွဲဟာ ကိုဘုန်းမွေးနေ့မှန်း သိခဲ့ရတယ်။

“ဆရာဘုန်း မိတ်ဆက်ပေးဦးလေ ကောင်မလေးနဲ့”

“ဟုတ်ပါပြီဗျာ၊ သွားသွား ထိုင်စောင့်နေ၊ ပြီး ကျွန်တော် လာခဲ့မယ် ”

“အိုကေ”

“ကိုဘုန်း၊ မဟုတ်ဘူးလို့ တစ်ခါတည်းပြောလိုက်လေ”

“ကိုက ဟုတ်ချင်နေတာကို”

“ ရှင်”

ကျွန်မ အံ့သြနေခဲ့ပေမဲ့ သူကတော့ ပုံမှန်၊ ဉ္ဇေ့သည်တွေကို ကြိုနေခဲ့တယ်။ အမှတ်မထင် ပွဲထဲကို ဝင်လာတဲ့ လူတစ်ယောက်ကို ကျွန်မ တွေ့လိုက်ရတယ်။ ကျွန်မ စိတ်တွေ အကျိုးကျိုး အကြေကြေ ဖြစ်ခဲ့ရပါတယ်။

“ နွေဦး ဒါ ကျွန်တော်ညီ တစ်ဝမ်းကွဲလေ၊ ကာရန်ဦးတဲ့ ”

ကျွန်မ အံ့သြမှင်တက်စွာ ကာရန်ကို ကြည့်နေသလို၊ ကာရန် ကလဲ ဘာစကားမှ ထွက်မလာတော့တဲ့ထိ ကျွန်မကို ငေးမောန ခဲ့တယ်။

“ဟုတ်… ဟုတ်ကဲ့ ကိုဘုန်း”

ကာရန် မျက်နှာကို တစ်ချက်ပြုံးလိုက်ပြီး ကျွန်မကို…

“ဟုတ်၊ တွေ့ရတာ သိပ်ဝမ်းသာပါတယ် နွေဦးခင် ”

“ဟာ… သိနေကြတာလား ”

“အစ်ကိုပဲ ခုန မိတ်ဆက်ပေးပြီးတော့ဗျာ”

“အာ… ဟုတ်လား၊ ဩော်… အေးပါအေးပါ ထိုင်ဦးကွာ၊ ပြီးရင်လာခဲ့မယ်၊ သွား”

“ဟုတ်ကဲ့”

တကယ်တော့ ကိုဘုန်း ကျွန်မနာမည်ကို မိတ်ဆက်မပေးရ သေးပါဘူး။

“အားလုံးပဲ ကျွန်တော့်ရဲ့ မွေးနေ့ကို လာရောက်ပေးကြတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ လက်ဆောင်တွေအတွက်ရောပေ့ါ”

“မိတ်ဆက်ပေးဦးလို့” နောက်ဆုံးခုံမှ လူတစ်ယောက်က လှမ်းအော်တော့…

“ဟုတ်ပါပြီ၊ မိတ်ဆက်ပေးပွဲမယ်၊ ဒါ ကျွန်တော်ရဲ့ ဩော်.. သူ့နာမည်က နွေဦးခင်တဲ့”

“ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်”

အနီးအနားက လူတွေကို လက်ဆွဲနှုတ်ဆက်ရင်း ကျွန်မ မိတ်ဆက်ခဲ့တယ်။

“ဟာ… ဒါပဲလား”

“ဒါပါပဲ ခင်ဗျာ၊ ကဲ… သောက်ကြ စားကြပါဦး ခင်ဗျာ”

သူ အဆုံးသတ်လိုက်တော့ မကျေမနပ်နဲ့ပဲ လူတချို့ စားကြ သောက်ကြရတော့တယ်။

“ကျွန်တော် သူငယ်ချင်းတွေကိုတစ်ခု ပြောချင်ပါတယ်၊ အဲဒါက ကောင်မလေးတစ်ယောက်ကို ကျွန်တော် လေးလေးနက်နက် ချစ်မိနေခဲ့ပြီ ဆိုတာပါပဲ ”

“ဟာ… ဟေး… အမယ်လေးနော်”

အသံမျိုးစုံထွက်လာခဲ့ပြီး။

“နေပါဦး၊ ဆက်ပြောပါရစေဦး၊ အဖြေတော့ မရသေးဘူး ဗျ။ ကျွန်တော်လဲ ချစ်တယ်လို့ မပြောရသေးဘူး၊ ဖွင့်ပြောလိုက်တဲ့အခါ အငြင်းမခံရဖို့ ဒီနေ့အတွက် ဆုတောင်းတွေထဲမှာ ဝိုင်းဆုတောင်း ပေးကြပါဦးလို့ ”

“နွေဦး တစ္ဆိုင်းလက် ခဏသွားဦးမယ်”

“ဩော်… အင်းအင်း”

ကျွန်မ အပြင်ရေကူးကန်ဘက် ခဏထွက်လာခဲ့တယ်။ ကျွန်မမွန်းကျပ်မှုတွေကို ဘယ်သူသိမှာလဲ၊ ဘယ်သူကရော နားလည်မှာလဲ အခုချိန်ဆို ကာရန် နာကျင်နေမှာ၊ ဒီစကားတွေကြားနေရတဲ့ ကာရန် ဘယ်လောက်တောင် သူ့စိတ်တွေကို ထိန်းချုပ်ထားရမလဲ။ ကျွန်မတွေးနေမိတဲ့အချိန် ကျွန်မကို လက်တစ်ဖက် အားနဲ့ ဆွဲလှည့်လိုက်တယ်။

“နွေဦး၊ မင်း ပျော်လား”

“ကာရန် ”

“အဲဒီစည်းစိမ်တွေကြား မင်း ပျော်လားလို့”

“မဟုတ်ပါဘူး ကာရန်ရယ်”

“ငါလဲ ချမ်းသာတဲ့အသိုင်းအဝိုင်းကပဲဟာ၊ ငါ့ကိုရော သဘောမကျဘူးလားဟင်”

“ကာရန်”

ကျွန်မ အစောကထက် လေသံမာသွားမိခဲ့တယ်။

“ဘာမှမသိပဲ မပြောနဲ့နော်”

“သွားစမ်းပါ၊ ငါ့မှာတော့ မင်းကိုစောင့်လိုက်ရတာ၊ ကြိုးစားလိုက်ရတာ၊ မင်းကျ လာသာယာနေတယ်၊ ဒါမေတ္တာတွေရဲ့ အသွား အပြန်လား ဟုတ်လား”

“ကာရန် အထင်မှားနေတာပါ၊ နွေဦးပြောတာ နားထောင်ပေးပါဦး ကာရန်ရယ်”

ငိုနေတဲ့ကျွန်မကို ဘာစကားမှ ပြန်မပြောပဲ သူ ရေကူးကန်ထဲတွန်းချလိုက်တယ်။

“အား”

“နွေဦး … ”

သူမဟုတ်တဲ့အတိုင်း ရေထဲ ခုန်ဆင်းလာတယ်။ လူတချို့ ဝိုင်းလာပြီး ကိုဘုန်းလဲ ရေကူးကန်ထဲ ဆင်းလာတယ်။ ကာရန်ရော ကိုဘုန်းရောကျွန်မကိုလက်ကမ်းနေကြပေမဲ့ ကျွန်မကို ဘုန်းလက်ကိုပဲ ဆွဲခဲ့တယ်။

“ဘယ်လိုဖြစ်တာလဲ နွေဦးရယ်”

ပြောပြီး ပါးလွှာသွားတဲ့ ကျွန်မအင်္ကျီ လေးပေါ် သူ့ရဲ့ကုတ်ချွတ်ပြီးအုပ်ပေးခဲ့တယ်။

“ခြေထောက်ချော်ပြီး ပြုတ်ကျသွားတာ”

“လာလာ ကို ပြန်လိုက်ပို့ပေးတော့မယ်”

ကျွန်မစိတ်ထဲ ကာရန်ကို သနားနေမိတယ်။ ကိုဘုန်းနဲ့အတူ လျှောက်လာရင်း၊ ကျွန်မ ရပ်လိုက်တယ်။ ရေကူးကန်နားကိုပြန်သွားပြီ ကာရန့်ကို လက်ကမ်းလိုက်တော့ ..

“တွေ့လား မင်းသူ့ကိုပဲ ရွေးချယ်တယ်”

ခပ်တိုးတိုးပြောပြီး ကျွန်မကို ထပ်ဆွဲချလိုက်ပြန်တယ်။။ပြီးတော့ သူတက်သွားတယ်။ ကျွန်မကို သူဘယ်လောက်တောင် မုန်းနေရှာမလဲနော် ။

“ဟာ… နွေဦး”

ကိုဘုန်း ရေကူးကန်ထဲ ဆင်းလာပြီး ကျွန်မကို ပြန်လာဆွဲရရှာတယ်။

“ဒီကောင် ဘယ်လိုလုပ်လိုက်တာလဲ မသိဘူးကွာ”

အဲဒီနေ့က ကျွန်မ ကားပေါ်မှာ မငိုမိအောင် ထိန်းထားခဲ့တယ်။ ကိုဘုန်းကို ဘာစကားမှလဲ မပြောခဲ့။

“နွေဦး ပြန်ရောက်ပါပြီ၊ မိုးမိခဲ့လို့ မေမေရေ၊ ရေချိုးလိုက်ဦးမယ်နော်”

“ဩော်… အေးအေး သမီး”

ရေချိုးခန်းထဲရောက်မှ ရေဘားကိုအကုန်ဖွင့်ပြီး ကျွန်မငိုသံက မေမေတို့ ဖေဖေတို့ မကြားရအောင် ကျွန်မ ငိုနေမိခဲ့တယ်။

"တောင်းပန်ပါတယ် ကာရန်ရယ်၊ တောင်းပန်ပါတယ်၊ အားလုံး နွေဦးအပြစ်တွေပါ"

"သမီး သမီး နွေဦး ဘာပြောတာလဲ

"အပေါင်း၊ ဘာမှ ဘာမှမဟုတ်ဘူးသီချင်းဆိုနေတာမေမေ"

ပြောပြီး ထပ်ကြားသွားမှာစိုးလို ကျွန်မမျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး ငိုနေမိတော့တယ်။ အချိန်ဘယ်လောက်ကြာသွားခဲ့သလဲ မသိ

သမီး ထွက်တော့လေ အကြာကြီးပဲ၊ သမီးလေး နွေဦး"

အပြင်က ဒုန်း ဒုန်း ဒိုင်း ဒိုင်းအသံကြားမှ ကျွန်မထွက်ခဲ့တယ်။

နောက်တစ်နေ့ ကျွန်မ ဖျားနေခဲ့တယ်။

"ဟယ်လို နွေဦး ဆင်းခဲ့တော့၊ ကို ရောက်နေပြီ"

"နွေဦး နေမကောင်းဘူး၊ ကိုဘုန်း၊ ဒီနေ့ ခွင့်ယူပါရစေ"

"ဟုတ်လား၊ ကို တက်လာခဲ့မယ်၊ ရလား"

"အင်း"

သိပ်မကြာ သူရောက်လာတယ်၊ ကျွန်မလက်တစ်ဖက်ကိုကိုင်ကာ နဖူးကို လက်တစ်ဖက်နဲ့ လှမ်းစမ်းပြီး

"ဆေးခန်းသွားမယ်လေ နွေဦးရယ်" "မနက်က သွားပြီးပြီ"

"မနေ့က အေးသွားလို့ဖြစ်မှာ"

မေမေသိသွားမှာ စိုးလို့ စကားဖြတ်ကာ

"အင်း... မိုးက အရမ်းရွာတာကို

ကျွန်မ ဝင်ပြောလိုက်ရတယ်။ မေမေ အခန်းပြင် ထွက်သွားတော့

"ကို အခွင့်ကောင်းယူတယ်လို့တော့ မထင်ပါနဲ့၊ ကိုယ်မင်းကို ချစ်တယ် နွေဦး၊ မင်းလဲ သိမယ်ထင်ပါတယ်၊ ကိုမြင်မြင်ချင်း မင်းကို ချစ်ခဲ့မိတာပါ၊ မွေးနေ့က တစ်ခါတည်း လက်ထပ်ခွင့်တောင်းမလို့ပါပဲ၊ ဒါပေမဲ့ မင်းအဆင်မပြေမှာစိုးလို့ကို အဲဒီလောက်ပဲပြောခဲ့တာ"

"နွေဦး နွေဦး ကို.. .."

ပြောလက်စ စကားကို ဆုံးအောင်နားမထောင်ဘဲ သူ့အိတ်ကပ်ထဲက လက်စွပ်ကလေးကိုထုတ်ကာ ကျွန်မ ဘယ်ဘက်လက်သူကြွယ်ကို လက်စွပ်ကလေး ဝတ်ပေးလိုက်တယ် ။

“မင်းကို တစ်သက်လုံး စောင့်ရှောက်ခွင့်ပြုပါ နွေဦး ”

ဆန်ပြုတ်ပန်းကန်လေးကိုင်ပြီး မေမေ ပြန်ဝင်လာတော့ ကိုဘုန်းဖေဖေ့အခန်းထဲ ထသွားခဲ့တယ်။ မေမေရော ကျွန်မပါ အံ့သြလို့မဆုံးခင် ဖေဖေ့ဆီက ဟက်ဟက်ပက်ပက် ရယ်သံတစ်ခုကို ကြားလိုက်ရတယ်။ အကြောင်းပြချက်မဲ့စွာ ဟိုဘက်အခန်းက ဖေဖေ့ရယ်သံကြောင့် ဒီဘက်ခန်းက ကျွန်မတို့သားအမိပါ ရယ်လိုက်မိကြတယ်။

««« »»»

အပိုင်း [၄]

ကိုဘုန်းနဲ့ တစ်ချိန်လုံးအတူရှိခဲ့ပေမဲ့ ကာရန်က ကိုဘုန်းညီ တဝမ်းကွဲဆိုတာ မသိခဲ့တာတော့ ကျွန်မရဲ့ ညံ့ဖျင်းမှုပေါ့။ ခုတော့ ကျွန်မ ဘယ်သူ့ကို ရွေးချယ်ရပါတော့မလဲ။ ကျွန်မနှလုံးသားကို နွေးထွေးစေခဲ့တဲ့ သူဟာ ကာရန်ဆိုပေမဲ့ ကျွန်မဘဝကို ပြည့်စုံစေခဲ့တဲ့ သူဟာ ကိုဘုန်းပါ။

မေမေဈေးသွားနေတုန်း ကျွန်မအခန်းထဲကို ကာရန်ဝင်လာခဲ့တယ်။ ဖေဖေ့အခန်းတံခါးက ပုံမှန်အမြဲပိတ်ထားတာမို့ ဖေဖေတော သိမယ်မထင်ဘူး။

"ငါ မင်းကိုချစ်တယ် နွေဦး၊ ငါမင်းကို မရ ရအောင်ယူမယ်"

"အခုထွက်သွားစမ်း ကာရန်"

"မရဘူး မင်း ...

" လွှတ်ပါ ...ကာရန်ရယ်၊ ဖေဖေ ... ဖေဖေ

ကျွန်မ အသားကုန် အော်ခေါ်လိုက်တော့ တံခါးဖွင့်ကာ ဖေဖေ ဝင်လာပြီး

"ဟာ... ဟေ့ကောင်"

အော်ဟစ်ပြီး ကာရန်ကို ဖေဖေ ထိုးလိုက်တယ်။

"အခုထွက်သွားစမ်း ကာရန်၊ နင့်မှာ အဲ့လို ယုတ်မာတဲ့စိတ် ရှိမှန်းမသိခဲ့ဘူး၊ ရှုံစရာကောင်းတဲ့ကောင်"

"မင်းက ဘယ်သူလဲ "

"ဟားဟား... ဦးလေးသမီးရဲ့ ရည်းစားလေ"

"ဘာ"

"ကာရန်"

"နေ့တိုင်း ကျောင်းပို့ကျောင်းကြိုလုပ်နေပြီး ကိုယ့်သမီးကို ဘာဖြစ်နေလဲတောင် မသိရှာတဲ့ ဦးလေးကြီး"

"ဟဲ့ ကာရန်..."

“သမီး၊ ဒီကောင်ပြောနေတာ အမှန်လား ”

“ဖေဖေ ဟင့်…နွေဦး… ”

“အမှန်လားလို့ ဖေဖေ မေးနေတယ်လေ”

“ဖေဖေရယ် သမီး မှားပါတယ်”

“ဘာ.. သမီးမိုက်”

“မှားတယ်လား နွေဦး၊ ငါနဲ့ပတ်သက်ခဲ့တာကို မှားတယ်တဲ့လား၊ ငါ့ကို နည်းနည်းလေးမှ မချစ်ခဲ့ဘူးလား နွေဦးရယ်”

“ကာရန် ငါ့ကိုသာ သတ်လိုက်ပါလားဟယ်၊ ဟင်း…ငါ ဘယ်လို နင့်ကို ရှင်းပြရမလဲ ”

“သမီး နွေဦး… ”

“ကာရန် ငါ နင့်ကို ချစ်ပါတယ်၊ တကယ်အရမ်းချစ်ခဲ့တာပါ”

ကျွန်မကို ဖေဖေလေသံမာမာနဲ့ အော်လိုက်တယ်။

“ သမီး…”

“ဖေဖေ နွေဦး သူ့ကို မခွဲနိုင်ဘူး ဖေဖေရယ် ဟင့်၊ ကာရန်နဲ့မခွဲပါရစေနဲ့၊ နွေဦး မခွဲ..”

“ရွေးလိုက်စမ်း သမီး ”

“ဖေဖေ ဟင်း..ဟင့်”

“ ငါ့လက်ကို ဖြုတ်ချလိုက်စမ်းပါ နွေဦးရယ်”

တစ်ချိန်က ကျွန်မ တွေးခဲ့ဖူးတဲ့အရာတစ်ခုဟာ အခု ကျွန်မတကယ်ကြုံတွေ့နေခဲ့ရပြီ။ အချစ်ရဆုံး အမျိုးသားနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးလိုက်စမ်းပါတဲ့လေ။

“အဲ့လို ရွေးခိုင်းမဲ့အစား နွေဦးကိုသာ သတ်လိုက်ပါတော့ သတ်လိုက်ကြပါတော့”

“မင်းမက်မောတဲ့ စည်းစိမ်တွေကြားနေခဲ့ပါတော့ နွေဦးရယ်”

“ကာရန် ကာရန် အား …ကာရန်” “သမီး သမီး၊ ဘာဖြစ်တာလဲ”

မေမေ အခန်းထဲကို ပြေးဝင်လာပြီး

“ဟင်”

တကယ်တမ်းကျ အိပ်မက်သာ ဖြစ်ခဲ့တယ်။

“အိပ်မက်ဆိုးတွေ မက်နေတာပဲ သမီးရယ်၊ ရော့ ရော့ သောက်လိုက်”

ကျွန်မ မေမေနဲ့ စကားပြောနေတုန်း ကိတ်မုန့်ကလေးကိုင်က အခန်းထဲ ကိုဘုန်းဝင်လာပြီး

“ဟက်ပီးဘက်ဒေး တူးယူ ”

“ဟာ ကိုဘုန်း”

“ဟက်ပီးဘက်ဒေးပါမိန်းကလေး၊ မွေးနေ့မှာ ပျော်ရွှင်ပါစေကွာ”

“နွေဦးတောင် မေ့နေတာ ကိုယ့်မွေးနေ့ကို ”

“တစ်နေရာရာသွားမယ်လေ၊ ဘယ်သွားချင်လဲ”

“မသွားချင်တော့ပါဘူး ကိုဘုန်းရယ်”

“အင်း အဲဒါဆိုလဲပြီးရော၊ ကို အလုပ်သွားရဦးမှာမို့ သွားလိုက်မယ်၊ နွေဦးတော့ ဒီနေ့နားလိုက်၊ ခဏနေကျ ပစ္စည်းတွေ လာပို့လိမ့်မယ်၊ ယူထားလိုက်နော်”

“ဘာတွေလဲ ကိုဘုန်း”

“လာမှ ကြည့်ပေါ့၊ ခွင့်ပြုပါဦး အန်တီ”

“ အေးအေး... သား”

သိပ်မကြာ။ လူတစ်ယောက် ပုံးအသေးလေးတစ်ပုံးလာပို့သွားတယ်။ ဒေါက်ဖိနပ်အကြည်ကလေးတစ်ရန်ရယ်၊ ဘူးသေးသေးလေးရယ်၊ ဖွင့်ကြည့်လိုက်တော့ လည်ဆွဲကလေး၊ ရွှေရောင်တလဲ့လဲ့ကိုမှ ပါးပါး ကျစ်ကျစ်လေး။

“ပေး၊ မေမေ ဆွဲပေးမယ်”

ပြောပြီး ကျွန်မကို ဆွဲပေးတော့-

“နွေဦး သူ့ကို မချစ်သလိုပဲ မေမေရယ်”

“ မေမေကတော့ သမီးကို သူအရမ်းချစ်ရှာတယ်လို့မြင်တယ်”

“သမီးရေ... သမီးလေး”

ဖေဖေခေါ်နေတာနဲ့ ကျွန်မ ဖေဖေ့ဆီ သွားခဲ့တယ်။

“ဒီနေ့က သမီးလေး မွေးနေ့နော်၊ ဖေဖေ ဘာမှလဲမပေးနိုင်ဘူးကွယ်”

“ဖေဖေ ပေးခဲ့ပါတယ်၊ နွေဦးဘဝလေးကိုလေ”

“ဟိုမှာကြည့် ကံ့ကော်ပန်းတွေ၊ သမီးကမပန်ချင်တော့ဘူး ပြောလို့ ဖေဖေ ခူးမပေးတော့တာ”

“ဟယ် ဟုတ်ပ့ါ လှလိုက်တာ၊ အဲဒီတိုင်းလေးပဲ လှပါစေတော့ ဖေဖေရယ်”

အဲဒီနေ့မနက်က ဘုရားပန်းလဲမယ်ဆိုပြီး ဈေးသွားခဲ့တယ်၊ ပန်းဆိုင်ထဲ ကံ့ကော်ပန်းကလေးတွေ သိပ်လှတာပဲ၊ ရောင်းသူတွေဟာ ပန်းကလေးကို လှသလိုလေး ကြိုးနဲ့ချည်ကာ၊ တုတ်ကလေးမှာ ကပ်ကာ ရောင်းနေကြတယ်။ သိပ်သနားစရာကောင်းတဲ့ ပန်းကလေးတွေ၊ ကြွေချိန်မဟုတ်ဘဲ ကြွေကြရကျွန်မ ကံ့ကော်ပန်းမပန်တာ ဘယ်လောက်တောင် ကြာနေပြီလဲနော်

ကြည့်နေဆဲမှာပဲ အဲဒီ ပန်းကလေးတွေအားလုံးကို လူတစ်ယောက် ဆွဲယူသွားတယ်။ ပန်းကလေးတွေဟာ တရွေ့ရွေ့နဲ့ ကျွန်မနား ရောက်လာပြီး

“ရော့ ခင်ဗျား သိပ်ကြိုက်တဲ့ ပန်း”

ပြောပြီး ကျွန်မလက်ထဲကို ပန်းတွေထည့်ကာထွက်သွားတော့-

“ဟင်... ကာရန် ကာရန် နေပါဦး ကာရန်ရယ် ကာရန်”

လမ်းချိုးတစ်ခုထိရောက်အောင်ခေါ်ပြီး ကျွန်မလိုက်သွားခဲ့တယ်။

“ကာရန်”

သူ ရပ်သွားပြီး

“ဘာလဲ၊ အခုတော့ အဲဒီပန်းကို မကြိုက်တော့ဘူးလား ”

“ကာရန်၊ နွေဦးကို မုန်းနေလားဟင်”

“မုန်းတယ်၊ ခင်ဗျားကိုသတ်ပစ်ချင်လောက်အောင် မုန်းတာ ”

လက်နှစ်ပြန်စာလောက် ဝေးနေပေမဲ့လဲ သူ့နှုတ်ဖျားက ထွက်လာတဲ့စကားဟာ ဓားများ၊ ဆူးများအလား ကျွန်မရင်ကိုတည့်တည့် မတ်မတ်ဝင်ရောက် ထိုးစိုက်ကြတယ်။

“နွေဦး ရှင်းပြတာလေးတွေ နားထောင်ပါဦးလား ကာရန်ရယ် ဟောဒီပန်း.. ”

ဆိုပြီး သူ့ရှိရာကို ပန်းတွေမြှောက်ပြလိုက်တော့ လက်စွပ်ကို ကာရန်တွေ့သွားပြီး-

“ဟားဟားဟားဟား အခုတော့ စိန်လက်စွပ်ကြီးနဲ့ပေါ့နော်”

ကျွန်မကို လှောင်ပြောင်ရယ်မောပြောဆိုနေတဲ့သူ့ကို ပန်းတွေနဲ့ ပစ်ပေါက်လိုက်မိတယ်။

“ကာရန် နင်လွန်နေပြီနော်၊ ငါ့ကို စော်ကားတာများနေပြီ၊ ငါ...ငါ ဘာမှ

အဆင်ပြေမနေဘူးဟ၊ နင်ထင်နေသလိုမျိုး တစ်ခုမှ မဟုတ်ဘူး အဲဒါ နင် သိလား၊ ငါ… ကချင်လို့ ကခဲ့တဲ့ ကချိုးတွေ မဟုတ်ဘူး ကာရန်ရဲ့”

ငိုနေတဲ့ကျွန်မဘေးကို သူကပ်လာပြီး ကျွန်မကို ဖက်ခဲ့တယ်။

“နွေဦးရယ်၊ မောင့်..မောင့်ကို ရွေးချယ်ပေးပါလားကွာ၊ မောင်စောင့်ခဲ့ရတာ၊ စောင့်ခဲ့ရတာ မောင်ပါကွ၊ နွေဦးကြောင့် အရာရာ ကြိုးစားခဲ့တာ”

လမ်းကလေးထဲ သူ့ရှိုက်သံရော၊ ကျွန်မငိုသံရော ဆူညံနေခဲ့တယ်။ တစ်ချိန်ထဲ ကျွန်မလက်မောင်းနှစ်ဖက်ကို ဆွဲလှုပ်ပစ်လိုက်ပြီး-

“ကြားလားလို့ နွေဦး”

ကျွန်မ သူ့ကို ရူးသွားပြီလို့တောင် ထင်လိုက်မိတယ်။

“လွှတ်ပါ ကာရန်ရယ်၊ နွေဦးလက်တွေ နာတယ်”

“နွေဦး မောင့်ကို မချစ်ဘူးလားဟင်၊ နွေဦး မချစ်ဘူးလားလို”

“ဘာလို့ အော်နေတာလဲ ကာရန်”

“မောင် မေးနေတယ်၊ မောင့်ကို ချစ်လားလို့”

“ဒါပေမဲ့ ကာရန်ရယ်”

“ဘာကို ဒါပေမဲ့လဲ၊ မောင့်မှာ ပိုက်ဆံတွေရှိတယ် ပိုင်ဆိုင်မှုတွေရှိတယ်၊ ဟိုကောင်နဲ့အတူတူရှိတယ်ကွာ၊ မင်း မောင့်ကိုပဲ ရွေးချယ်စမ်းပါ”

“ကာရန်”

အော်လိုက်ပြီး ကျွန်မ… ကျွန်မ ချစ်မြတ်နိုးရတဲ့ ပါးချိုင့် ရှိရာကို ကျွန်မလက်ဝါးတွေနဲ့ အားအကုန်ရောက်ခဲ့တယ်။

“ရိုက်စမ်းပါ ရိုက်စမ်းပါ နွေဦးရယ်၊ ဟောဒီကောင်က မင်းသတ်လဲ သေမှာပါဟာ”

“အေး … သွားသေလိုက် သွား… သွား ….”

“ဟုတ်ပြီ နွေဦး ဟုတ်ပြီ၊ မင်းနောင်တရနေစေရမယ် မင်းမှတ်ထားကွ၊ ငါ့လို မင်းကို ချစ်မဲ့သူ ဒီကမ္ဘာမှာ မရှိဘူး၊ မရှိဘူး နွေဦး”

“နင့်အတွက် ချစ်မြတ်နိုးမှုဆိုတာ ဘာလဲ ကာရန်၊ တစ်ချိန်လုံး ငါ့ကို စကားတစ်ခွန်းတောင်ပေးမပြောဘဲ နင်ပြောချင်တာတွေ တစ်ဖက်သတ် ငါ့ကိုစွပ်စွဲနေတာ အဲဒါနင့်အချစ်လား ဟုတ်လား၊ အေး. အဲဒါဆိုလဲ သွား … သွားသေလိုက် သွားသေလိုက် ကာရန်ရဲ့၊ ငါဘဝမှာ နင့်ကို အမုန်းဆုံးပဲ သိလား ကာရန် ”

ကျွန်မနှုတ်က ထွက်ခဲ့တဲ့ အရာအားလုံးဟာ ကျွန်မစိတ်ရဲ့ ဆန့်ကျင်ဘက်တွေချည်းပါပဲ။ သူမုန်းသွားအောင်လဲဖြစ်နိုင်သလို ကျွန်မ နာကျင်မှုတွေကြောင့်လဲ အော်ပြောမိနေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ် သူမျက်ရည်တွေသုတ်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ကျွန်မနားကို ကပ်လာတယ်၊ ကံ့ကော်ပန်းကလေးကိုကောက်ပြီး ကျွန်မ နားထင် နားလေးကိုထိုးကာ ပန်လိုက်တယ်။ အဲဒီပန်းကလေးကိုနမ်းလိုက်တာလားကျွန်မပါးကိုနမ်းလိုက်တာလား၊ ကျွန်မ သေချာမသိ။

ပြီးတော့ ကျွန်မက မျက်ရည်တွေ သုတ်ပေးပြီး

"မောင့် နွေဦး၊ ဟားဟား ဟားဟား"

ရယ်မောကာ သူပြေးထွက်သွားခဲ့တယ်။ လမ်းကလေးထဲမှ ကျွန်မတစ်ယောက်တည်း ကံ့ကော်ပန်းတွေရဲ့အလယ် ကမ္ဘာပျက်ခဲ့ရတယ်။

ကြွေကျ ပျက်စီးနေတဲ့ ပန်းလေးတွေနဲ့အတူပေါ့ .. .

ကျွန်မ ကိုဘုန်းလာခေါ်မှာကို စောင့်နေခဲ့တယ်။ ဝရန်တာမှာ ဖေဖေနဲ့အတူ ကော်ဖီသောက်ရင်း…

“ဖေဖ”

“ပြော သမီးလေး ”

“အချစ်ဆိုတာ ဘယ်လို အရာလဲဟင်”

ဖေဖေ အချိန်ကြာကြာ တိတ်ဆိတ်သွားခဲ့တယ်။ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး…

“ဖေဖေ့အတွက် အချစ် ဆိုတာကတော့ သမီးမေမေပါပဲ ဖေဖေ့ဘဝဆင်းရဲတွင်းထဲကို ခုန်ဆင်းဝင်လာခဲ့တဲ့သူ၊ အဆိုးအကောင်းတွေ မျှဝေခံစားပေးတဲ့သူ၊ ပြီးတော့ သမီးလေး၊ ဖေဖေဆုံးရှုံးရမှာ သိပ်ကြောက်တယ်၊ ဖေဖေပဲ ပေးဆပ်နေချင်တာ၊ အပိုင်ရချင်တာ၊ အဲဒါ ဖေဖေ့အချစ်ပဲ”

ကျွန်မ နောက်ကို လှည့်ကြည့်လိုက်တော့ ဘယ်အချိန်ကတည်းက နားထောင်နေလဲမသိတဲ့မေမေ မျက်ရည်ကလေးတွေကို အမြန်သုတ်ပြီး ကျွန်မတို့ကို ကျောပေးလိုက်တယ်။ ဖုန်းလာနေတာနဲ့ မေမေယူပြီ ကျွန်မကို လာပေးတယ်။

“ရော့ သမီးလေး၊ ကိုဘုန်းလေ”

“ဟုတ်”

“ဟယ်လို”

“ဟုတ် ကိုဘုန်း”

“ကို ဒီနေ့ လာမခေါ်တော့ဘူးနော်”

“ဟင်… ဘာဖြစ်လို့လဲ”

“နာရေးရှိလို့ နွေဦးရယ်”

ကျွန်မခေါင်းတွေ ပူထူသွားပြီး ကြက်သီးမွေးညင်းထကာ မျက်ရည်ဝိုင်းလာခဲ့တယ်

“ဘယ် ဘယ်သူ ဟင့်…ဘယ်သူလဲ ဟင်”

“ကို့ညီတစ်ဝမ်းကွဲလေ၊ မနေ့က အပြင်သွားတာ ပြန်လာကတည်းက မူးပြီးငိုနေတာ ဘာမှမေးလို့လဲ မရဘူး၊ အခုမနက်မှ အန်တီ တွေ့တာ၊ ဘယ်ချိန်ကတည်းက တိုက်ပေါ်က ပြုတ်ကျနေလဲတောင် မသိကြဘူးတဲ့လေ။ ကိုလဲ ဒီမနက်မှ သိရတာ အန်တီတို့ ဖုန်းဆက်မှ အခုလဲ ဆေးရုံရောက်နေတယ်ပြောတယ်၊ ကာရန် ကတော့ ဆုံးပြီကိုသွားမှ ရမယ်၊ ၊ အဲဒါမို့လို့”

ကျွန်မလက်ထဲက ဖုန်းခွက်လွတ်ကျသွားခဲ့တယ်။

“သမီး သမီး ဘာဖြစ်တာလဲ”

ဖေဖေ့အသံကြားသွားပြီး ဖုန်းထဲက “နွေဦး နွေဦး ဘာဖြစ်လို့လဲ နွေဦး” ကျွန်မ ဖုန်းကို လွှတ်ချလိုက်ပြီး ဖေဖေ့ရှေ့ အဲဒီဖန်ကွဲစတွေအပေါ် ဒူးထောက်ရက် ထိုင်ချလိုက်မိတယ်။

“ဟင်း…ဟင့် ဖေဖေ … ဟင့် သူ…သူဆုံးပြီတဲ့ ဖေဖေရယ် ကာရန် ကာရန် ဟင့်. ..ဟင်း အဲဒီလို မလုပ်ပါနဲ့၊ ဖေဖေ … ဖေဖေ့ ပြောပေးပါဦး ဖေဖေရယ်၊ မေမေ၊ ကာရန် … ကာရန် ဆုံးပြီတဲ့ မေမေ ရယ်… ”

ကျွန်မတစ်ဦးတည်းသိတဲ့ ကျွန်မရင်ထဲက ကာရန်။ မေမေရော ဖေဖေရော ကာရန်ကို မသိပေမဲ့ ကျွန်မငိုနေတော့ သူတို့ပါ ငိုနေကြတယ်လေ။ ဖေဖေကတော့ ကျွန်မအောက်က ဖန်ကွဲစတွေကို ငိုရင်း ဖယ်နေလေရဲ့။ ကျွန်မ ရှုံးရပါပြီ။ ကျွန်မ မြတ်နိုးရပါသော ကာရန်လေး ပျက်စီးသွားပြီလေ။ ကျွန်မကြောင့် သူ့ဘဝအဆုံးသတ်ခဲ့ရပြီ။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့များ ကာရန်ရယ်။

“ဟင့် ဖေဖေ သိလား၊ အဲဒီကာရန်ကလေ ဖေဖေထိုးဖို့ပြင်ခဲ့တဲ့ ကောင်လေးလေ၊ နွေဦး နွေဦး သူ့ကို သိပ်ချစ်တာ ဖေဖေရဲ့ ဟင့် .. ဖေဖေ့အပြင် နွေဦး ထပ်ချစ်မိတဲ့ယောကျာ်းဟာ ကာရန်ပဲ ဖေဖေ၊ အဲဒါ ဖေဖေသိလား၊ ဒါပေမဲ့ ဒါပေမဲ့ အခု သူဆုံးပြီတဲ့ ဖေဖေရဲ့”

“သမီး၊ သတိထားပါဦး သမီးရယ်”

“ကာရန် ပြန်လာပါ ကာရန်ရယ်၊ နွေဦးစိတ်ရင်းတွေ မဟုတ်ပါဘူး၊ ..ချစ်ပါတယ်၊ နွေဦး သိပ်ချစ်ခဲ့ပါတယ်၊ ပြန်လာပါ ကာရန်ရယ် နွေဦးဆီ ပြန်လာပါ၊ ဟုတ်ပါတယ် မောင့်နွေဦးပါ၊ မောင့်နွေဦးပါလို့ ကာရန်ရဲ့..”.

“သမီး.. သမီး”

ငိုနေရင်း ကျွန်မ သတိလစ်သွားခဲ့တယ်။

သတိပြန်ရလာတော့ ကျွန်မ ဆေးရုံမှာ

“ကာရန်… ကာရန်”

“သမီး သမီး၊ မေမေရှိတယ်၊ မေမေရှိတယ် သမီး”

“မေမေ ကာရန်ရော ဟင် ကာရန်ရော”

“နားလိုက်ပါဦး သမီးရယ် နားပါ”

“သမီး ကာရန်ဆီသွားရမယ်၊ ဟုတ်တယ် သွားမယ် သွားရမယ် မေမေ”

ပြောပြီး ဘေးက ကိုဘုန်းကိုတောင် သတိမထားမိပါဘဲ လက်ကပိုက်ကိုဆွဲဖြုတ်ကာ ဖိနပ်မပါဘဲ ဆေးရုံလှေကားတွေအတိုင်း ပြေးဆင်းသွားခဲ့တယ်။

“ဟဲ့ သမီး၊ သမီးလေး…”

“နွေဦး၊ ဟာ… နေဦး၊ ကျွန်တော်ခေါ်လာခဲ့မယ်၊ အန်တီ နေနေ၊ ဦးကို ကြည့်ထားဦး”

နွေဦး ကာရန်ဆီ လာပြီ၊ နွေဦးကိုစောင့်နော် ကာရန်၊ နွေဦး ရှင်းပြတာတွေ နားထောင်ဦးနော်”

“ဟဲ့ဟဲ့ အမယ်လေး”

ဆေးရုံက သူနာပြုတွေရဲ့ အော်သံ။

“ကာရန် ကာရန်”

“ဟဲ့ ထွက်မသွားစေနဲ့၊ တားကြစမ်း”

“အား ဖယ်ကြ ဖယ်ကြစမ်းပါ၊ ကာရန်ဆီ သွားမလို့ ဖယ်ကြဦး”

“ နွေဦး သတိထားပါ၊ နွေဦးရယ်နော် ”

“ ဖယ်… အရမ်းချုပ်မထားကြနဲ့”

“ကိုလိုက်ပို့ပါ့မယ် နွေဦးရယ်၊ သတိထားပါ၊ စိတ်အေးအေး ထားစမ်းပါနော် နွေဦး”

“ဟင်း နွေဦး ကာရန်ကို အရမ်းချစ်တယ်၊ သိပ်ချစ်လွန်းလို့က ဝေးဝေးမှာ နေခဲ့တာ၊ မခူးရက်ခဲ့တာ ကိုဘုန်းရဲ့”

“ဟုတ်ပါပြီ၊ ကို လိုက်ပို့ပါမယ်၊ ကျွန်တော် ပြန်ခေါ်လာပါ့မယ် ဗျာ၊ တောင်းပန်ပါတယ်၊ ခဏလေး သွားခွင့်ပြုပါ”

တဖြည်းဖြည်း နီးနီးကပ်ကပ်ကြားနေရတဲ့ ကြေးစည်သံဟာ ကျွန်မ ရင်ကို ခြေမွဖျက်ဆီးနေသလို…

" သူအခန်းနံရံမှာ စာရေးခဲ့တယ်၊ မင်းကျေနပ်ပါတော့ မောင့် နွေဦးရယ်တဲ့"

"မပြောပါနဲ့ မပြောပါနဲ့ ကိုဘုန်းရယ်၊ အဲဒီ နေ့က နွေဦး နွေဦး ဒေါသတွေထွက်လို့၊ နွေဦးဆီက စကားလေးတစ်ခွန်းတောင် သူနားမထောင်လို့ သွားသေလိုက်လို့ပြောခဲ့မိတာ ကိုဘုန်းရယ်၊စိတ်ရင်းနဲ့ မဟုတ်ရပါဘူး"

"ကို သိပါတယ် "

"နွေဦးလေ ကံ့ကော်ပန်းလေးတွေ သိပ်ကြိုက်ရက်နဲ့ ဘာလို့မပန်လဲ သိလား၊ လူတစ်ယောက်က သင်ပေးခဲ့တယ်၊ ကိုယ်သိပ်ချစ်တဲ့ အရာတွေကို မခြွေခူး မဖျက်ဆီးရဘူးတဲ့ ဟင်း…"

"နွေဦးရယ်"

"ကာရန်ရယ်… ဘာမှ မဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် များဟယ်… အား … နွေဦးသေသင့်တာ၊ တကယ်သေရမှာ နွေဦးပါ နွေဦးကိုပါ ခေါ်ကြပါ"

လူပုံအလယ် ကျွန်မ အော်ငိုနေမိခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ပါးတွေ ရိုက်ရက်ပေါ့။

မိန်းကလေးတစ်ယောက်က ကျွန်မကို ထွေးပွေ့လိုက်ပြီး

"တော်ပါတော့ နွေဦးရယ်"

"ဟင်… သိမ့်၊ သိမ့်ရယ် နွေဦး တောင်းပန်ပါတယ်"

"ဖြစ်ချိန်တန်လို့ပေါ့ဟယ်၊ ဒါပေမဲ့ ဒါပေမဲ့ သူ နင့်ကို သိပ်ချစ်ရှာတယ်ဟယ်"

"နွေဦး သိပါတယ် သိမ့်ရဲ့ နွေဦး သိပါတယ်"

"ငါတို့ကျောင်းမှာ သူစိုက်ခဲ့တဲ့ ကံ့ကော်ပင်တွေအများကြီးပဲ နွေဦးရယ်၊ နင်သွားပြီးတဲ့နောက်ပိုင်း ကာရန် စာတွေပဲလုပ်ခဲ့တာ၊ သူ အားရင် ကံ့ကော်ပင်တွေ လိုက်ရှာတယ်၊ မျိုးဘယ်လိုစပ်ရလဲ လေ့လာတယ်၊ ပြီးတော့ စိုက်တယ်၊ ကျောင်း၊ နင်တို့နေခဲ့တဲ့ အိမ်၊ နင်တို့နေခဲ့တဲ့ အိမ်ဆိုကာမှ အင်း… အဲဒီအိမ်ကို သူ ပြန်ဝယ်ထားတယ်"

"အားလုံး နွေဦးအပြစ်တွေချည်းပါပဲ သိမ့်ရယ် "

"သူနေ့တိုင်း ငိုတယ် သိလား၊ အတူတူစာကျက်ရင်း မပြောမဆို ကျွန်တော် နွေဦးကိုသတိရတယ် ဆိုပြီးတော့လေ၊ သူ့ရဲ့အထီးကျန်မှုတွေထဲ နင်ကသာ အလင်းရောင်ဖြစ်ခဲ့တာ နွေဦးရဲ့ ဒါပေမဲ့ တကယ်တမ်းကျ နင်က သူ့အတွက် နွေသက်သက်ပဲ"

မျက်ရည်တွေ ကျနေပေမဲ့လဲ သူ့အသံက မာတင်းပြတ်သားလှတယ်။

သူဒေါသထွက်နေတာလဲ ဖြစ်နိုင်ပါရဲ့

"ဟုတ်ပါတယ် သိမ့်ရယ်... ငါက သူ့ကို ပူစေခဲ့တဲ့ နေ့ပါ ငါ သူ့ကို လောင်မြိုက်စေခဲ့တယ်၊ ဒါပေမဲ့ဟာ ဒါပေမဲ့"

"မမသိမ့်တဲ့၊ ကျွန်တော် ရန်ကုန်သွားမလို့ နွေဦးကို မတွေ့ရင်ကျွန်တော် ပြန်လာခဲ့မယ်၊ သေချာပေါက် သူ ကျွန်တော်ကို ဒီနယ်မြို့လေးဆီ ပြန်လာရှာမှာတဲ့၊ ပြီးတော့ ပြောသေးတယ်၊ သူသတိရရင်ကျွန်တော့်ဆီ စာရေးမှာပါတဲ့"

"ဟင်...ဟုတ်တာပေါ့ သိမ့်ရယ်၊ ငါ... ငါ ကာရန်ဆီ စာရေးလို့ရတာပဲ၊ ဟုတ်တယ်၊ ငါ စာရေးရမယ်"

"ဟင်... နွေဦး၊ သတိထားပါဦးဟ"

"နွေဦး... နွေဦး "

"အား ဟင် ကာရန်၊ နွေဦးကာရန် ဟားဟား ဟားဟား"

လူတွေရဲ့ကြားငိုပြီး ကျွန်မ နောက်တစ်ခါ သတိလစ်သွားခဲ့တယ်။ သတိရတော့ ဆေးရုံပြန်ရောက်နေခဲ့ပြန်ပြီ

"အား ကျွတ် ကျွတ် မေမေ၊ ဖေဖေရော"

"ဟိုဘက်အခန်းမှာ သမီး"

"ဟင်"

"သမီး စိတ်မပူပါနဲ့၊ ဟိုဟာ ဖေဖေ့ခြေထောက်ကို ကုနေကြ တာပါ၊ ဟိုနေ့က မောင်ဘုန်းသိုက်က သူ့ဘာသာဆရာဝန်နဲ့တိုင်ပင်ပြီး သမီးဖေဖေကိုပါ ဆေးရုံတက်ခိုင်းခဲ့တယ်၊ တစ်လ.."

" ဝမ်းသာလိုက်တာ မေမေရယ်" မေမေနဲ့စကားပြောနေတုန်း ကိုဘုန်းသိုက် ဝင်လာပြီး

"သက်သာပြီလား နွေဦး"

"ဟုတ်"

"အားရှိအောင်စား အနေးဆေးအနားယူနော်"

"ကျေးဇူးနော် ကိုဘုန်းသိုက်"

"ရပါတယ် နွေဦးရဲ့"

ကျွန်မ ဆေးရုံ အခန်းထဲမှာ တစ်လလောက် နေခဲ့ရတယ် ဘာကြောင့် ဒီလောက်ကြာနေလဲ၊ ကျွန်မ မသိပေမဲ့ ကျွန်မမေးလဲ ဘယ်သူမှ မပြောခဲ့ကြပါဘူး။

အဲဒီနေ့က ကျွန်မရယ်၊ ဖေဖေရယ်၊ မေမေရယ် ကိုဘုန်းသိုက်ရဲ့ မိဘတွေဆီ သွားလည်ခဲ့ကြတယ်။ ဖော်ဖော်ရွေရွေ ကြိုဆိုကြ၊ ချစ်ပေးကြ လို့ ကျွန်မတို့ ပျော်ခဲ့တယ်

ငါးလလောက်အကြာ ကျွန်မ ကိုဘုန်းသိုက်နဲ့ လက်ထပ်ခဲ့တယ်။ သူဝယ်ထားတဲ့ ခြံအကျယ်ကြီးထဲမှာ ဖေဖေရယ်၊ ကျွန်မရယ် မေမေရယ်၊ သူရယ်။ ခြံကြီးပတ်ပတ်လည်မှာ ဖေဖေစိုက်ပေးထားတဲ့ ကံ့ကော်ပန်းပင်လေးတွေ ရှိတယ်။ ရေကူးကန်လဲ ရှိတယ်။ ကုက္ကိုပင်ကြီးအောက်မှာ ဒန်းကလေးနဲ့။ တစ်မိသားစုလုံးကို ကောင်းကောင်းမွန်မွန် ပြုစုပေးတဲ့ ကိုဘုန်းသိုက်ဟာ ကျွန်မအပေါ် အကြွေးတွေ တင်နေခဲ့ပြီ။

ပုံမှန်လိုပဲ ကျွန်မ ကိုဘုန်းသိုက်အလုပ်တွေနောက် လိုက်လိုက် သွားတယ်။ အရင်လို မန်နေဂျာရာထူးနဲ့ မဟုတ်ဘဲ သူ့ဇနီးမယားတစ်ယောက်အနေနဲ့ပေါ့။ ကျွန်မကို ဆိတ်ငြိမ်တဲ့နေရာတွေမှာ ပေးမနေကြဘူး။ တစ်ယောက်တည်း မနေခိုင်းကြဘူး။ တစ်ခါတလေ စိတ်ရှုပ်ရတဲ့အထိ စကားတွေပြောနေကြတယ်။ တစ်နေ့ ကျွန်မ အိပ်ရာထ၊ ဘယ်သူမှမရှိတဲ့ အခန်းထဲကနေ အဲဒီရေကန်ကြီးကို ငေးမောနေမိတယ်။

ဒန်းကလေးပေါ်မှာ လူတစ်ယောက် ကျွန်မကိုကျောပေးပြီးထိုင်နေတယ် ပြီးတော့ ကျွန်မဘက်လှည့်လိုက်တော့

“ဟင်… ကာရန်”

“လာလေ နွေဦး”

“ဟင့်အင်း၊ နွေဦးတို့ ဒီလိုလေးပဲ စကားပြောရအောင်နော်”

“အင်းပါး”

“နွေဦး ကာရန်ကိုချစ်တယ် သိလား”

ကာရန် မျက်နှာလွှဲသွားပြီး

“ညာနေတာပါ နွေဦးက”

“မညာဘူး၊ နွေဦးပြမယ် နေဦး”

ဗီရိုထဲက လက်ပတ်ကလေးကို ထုတ်ကာ

“ဒီမှာကြည့် ကာရန်၊ နွေဦး ခုထိ သိမ်းထားတုန်း၊ လွှင့်ပစ်ခဲ့တယ်ဆိုတာ ညာတာ ကာရန်ရဲ့”

“ကျွန်တော့်ကို သိပ်ချစ်တယ်လားဟင်”

“ချစ်တာပေါ့ ကာရန်ရဲ့ တကယ် အရမ်း အရမ်း”

သူ ရယ်မောပြီး ဒန်းကလေးကို လွှဲနေခဲ့တယ်။

“ကာရန် ကာရန်လို့ ကာရန်”

ကျွန်မ အော်ခေါ်လိုက်မိတယ်။

“သမီး သမီး ဘာဖြစ်တာလဲ”

ဖေဖေတို့ ပြေးဝင်လာပြီး

“ဟိုမှာ ကာရန်၊ သမီးခေါ်နေတာကို မထူးလို့ ခေါ်နေတာ၊ အပေါ်တက်လာတော့လို့၊ ဖေဖေရယ် အောက်မှာ သွားခေါ်ပေးပါလား”

“ဘယ်မှာတုံး သမီးရဲ့”

“ဟိုမှာ ဒန်းပေါ်မှာလေ“

မေမေက ကျွန်မစိတ်အခြေအနေ၊ ကျွန်မအမူအရာတွေကို ကြည့်ပြီး ငိုနေရှာတယ်။ ဆေးတွေ လေးငါးလုံး ကျွန်မပါးစပ်ထဲအတင်းထည့်ပြီး ရေတွေ အတင်းသောက်ခိုင်းနေတဲ့ ဖေဖေဟာလဲ မျက်ရည်တွေ ဝိုင်းလို့ပေါ့။ ကျွန်မ ပြန်အိပ်ပျော်သွားခဲ့တယ်။

“ဝါး”

“နိုးပြီလား နွေဦး”

“ဟုတ် ကိုဘုန်း ”

ကျွန်မနဖူးကို နမ်းလိုက်ပြီး

“ကျွန်တော့ မိန်းမလှလေး ရေချိုးခန်းထဲသို့ကြွပါခင်ဗျာ”

“ဟာ... ကိုဘုန်းကလဲ”

“ဟင် ... သမီးလေး နိုးပြီလား”

“ဟုတ် ဖေဖေ၊ မေမေရော

“မီးဖိုခန်းထဲမှာ နွေဦး”

“ပြီးရင် မေမေ့ကို ကူရမယ်”

“ဒါပေါ့ နွေဦးရဲ့”

“ဘာလုပ်နေတာလဲ သွားလေ၊ နွေဦး ပြီးရင် ထွက်ခဲ့မယ်”

“လုပ်ပါ၊ ကြောက်နေမှာစိုးလို့ ကို စောင့်ပေးနေတာ”

“ဘာကို ကြောက်ရမှာလဲ နွေဦးက”

"လုပ်ပါကွာ၊ ပြီးရင် မေမေ့ကို ကူမယ်ဆို"

"ဟုတ်သား အင်း အင်း "

ဒီလိုနဲ့ ကျွန်မကိုယ်တိုင်တောင် မသိတဲ့ ကျွန်မနေ့တွေဟာ သိပ်ကိုလျှို့ဝှက်ဆန်းကြယ်ခဲ့တယ်။ တစ်ဦးတည်းနေချိန်တွေဆို ကာရန်ကျွန်မအနားကို ရောက်ရောက်လာတယ်။ ပြီးတော့ တစ်လတစ်ခါ ကျွန်မတစ်လတစ်ခါကာရန်ဆီကို စာရေးဖြစ်တယ်။ အဲဒီနေ့က မိုးတွေ အရမ်းရွာနေခဲ့တယ်။

"သို့… မောင်

မောင် နေကောင်းရဲ့လား၊ နွေဦးကို သတိရရဲ့လားဟင်၊ မောင်ရှိတဲ့အရပ်မှာရော ကံ့ကော်တွေ ပွင့်ရဲ့လား၊ မောင် အဲဒီ ပန်းလေးတွေမြင်တိုင်း နွေဦးကို သတိရနေမယ် မဟုတ်လား ဟင်"

"သမီး ဘာတွေ ရေးနေတာလဲ"

"ကာရန်ဆီ စာပို့မလို့ ဖေဖေ၊ စာတိုက်ကနေ နွေဦးမပို့တတ်ဘာ ဖေဖေရယ်၊ ဖေဖေ ပို့ပေးပါလားနော် "

ပြောပြီး စာရွက်ကလေးကိုခေါက်ကာ ဖေဖေ့ကို ပေးလိုက်တယ်။

"ရောက်အောင်ပို့ပေးနော် ဖေဖေ"

"ဖေဖေလဲ မပို့တတ်ဘူး သမီးရယ်၊ ဒါပေမဲ့ ရော့ ဒီပူဖောင်းကလေးမှာ ချည်ပြီး ဟောဒီလို ကောင်းကင်ပေါ်ကို မြှောက်လိုက်ဒါဆိုရင် သူ့ဆီရောက်မှာပါ"

ပျံတက်သွားတဲ့ ပူဖောင်းလေးကိုကြည့်ကာ

"ဒီလိုပို့ရင် ရောက်တယ် ဟုတ်လား"

"အင်းပေါ့ သမီးရယ် "

"ဖေဖေ လမ်းလျှောက်နိုင်လာတာ နွေဦးပျော်တယ် သိလား ကိုဘုန်းကို… ကိုဘုန်း.. ကိုဘုန်းက ဘယ်သူလဲ ဟင်၊ ကိုဘုန်း ဘယ်သူလဲ ဟင်၊ ဖေဖေ … အား ကျွတ်ကျွတ်"

"သမီး သမီးလေး"

"အား… ဘယ်သူလဲ ဘယ်သူလဲ" "နွေဦး၊ နွေဦးရယ် သတိထားပါဦး

ဆေးလေးငါးလုံး ကျွန်မကို အတင်းတိုက်ကြတဲ့အခါ ပြန်အိပ်ပျော်သွားပြန်တယ်။

မနက်ခင်းတစ်ခု ကျွန်မအိပ်ရာကနိုးတော့ မေမေ ကျွန်မဘေးမှာ

ထိုင်နေခဲ့တယ်။

"နွေဦး နိုးပြီ မေမေ"

"သက်သာလား သမီးလေး၊ ခေါင်းကိုက်နေလား"

"ဟင့်အင်း မကိုက်ဘူး မေမေ "

"သွား...သွား မျက်နှာသွားသစ်၊ မေမေ ထမင်းပွဲပြင်ပြီး စောင့်နေမယ်"

"ဟုတ်"

ကျွန်မ ထွက်လာတော့ ဖေဖေနဲ့ ကိုဘုန်း အခန်းတစ်ခန်းထဲမှာ စကားပြောနေကြတယ်။ ကျွန်မ ခိုးပြီးနားထောင်နေခဲ့တယ်။

"ငါ့ သားကို အဖေ အားနာပါတယ်"

"မလိုပါဘူးဗျာ၊ ကျွန်တော်က သူ့ကို ချစ်တာကိုး"

"အဖေတို့မိသားစုကို မင်းကယ်တင်ပေးခဲ့တယ်၊ ကျေးဇူးတွေများလှပါတယ် သားရယ်၊ အဖေ စိတ်မကောင်းဘူး။ သမီးလေးအတွက် အဖေမေတ္တာတွေ သမီးလေးကို စူးနေသလိုပဲ"

"ဒီလိုမဟုတ်ပါဘူး အဖေရာ၊ ဖြစ်ချိန်တန်လို့ဖြစ်လာတာတွေ ကျွန်တော် နားလည်ပါတယ်၊ စိတ်မကောင်းလဲ မဖြစ်နဲ့၊ ကျွန်တော် အဖေတို့ကို စောင့်ရှောက်မယ်၊ သူ့ကို ကာကွယ်မယ်၊ ရအောင်လဲ ကုမယ် အဖေရာ"

"အေးပါကွာ အေးပါ"

"အား... အမယ်လေး "

မီးဖိုခန်းထဲက အော်သံကြောင့် ဖေဖေ ထလာတော့ ကျွန်မ ပုန်းနေလိုက်တယ်။ ပြီးမှ အနောက်က လိုက်သွားပြီး

"မေမေ၊ အမေ ဘာဖြစ်တာလဲ"

"ခင်... ခင်"

"ဝက်ကြီးက ဓာတ်လိုက်နေတယ် ကိုစိုးရယ်"

အစောက ကျွန်မလှမ်းတွေ့လိုက်တော့ မေမေပစ်လဲသွားတာ ဒါပေမဲ့ တစ်ခဏအတွင်း မေမေ ဘာမှ မဖြစ်ဟန်နဲ့ ပြန်ထကာ မေဖေ့ကို သက်သောင့်သက်သာ ပြောနေလေတယ်။

"အဲဒါဆို ဖယ်ဖယ်"

ပြောပြီး ဖေဖေ ဓာတ်ကြိုးကို စစ်ဆေးနေခဲ့တယ်။ တဖျပ်ဖျပ်ဝင်းလက်နေတဲ့

မီးလေးကို ကျွန်မ ကြည့်နေရင်း အဲဒီနေ့က ကာရန် ကျွန်မကို ပြောတဲ့စကားတွေ၊ နာနာကြည်းကြည်းကြည့်တဲ့ အကြည့် တွေကို ပြန်မြင်မိလာတယ်။

"နင်... ဘယ်သူလဲ ဟင်၊ နင် ဘယ်သူလဲ"

"နွေဦး... နွေဦး "

"သမီး"

"နာတယ် အား ...နင် ဘယ်သူလဲလို့"

ဖေဖေရော၊ ကိုဘုန်းရော ကျွန်မကို အတင်းချုပ်ပြီး အခန်း ထည့်ပြစ်လိုက်ကြတယ်။

"အား . ဖွင့်.. ဖွင့်ကြစမ်းပါ၊ နွေဦး ကြောက်လို့"

ခေါင်းထဲက သူ့ပုံရိပ်တွေ ထွက်သွားအောင် ခေါင်းတွေကိုထု၊ ကိုယ့်ပါးတွေကို ကိုယ်ပြန်ဆွဲဖွဲ့နေမိတယ်။ အခန်းထဲက ဖန်ခွက်၊ ပန်းအိုးရှိရှိသမျှအကုန် ကျွန်မ ရိုက်ခွဲထုခြေပစ်နေမိတောတယ်။

တစ်နေ့မနက် ကျွန်မခြံထဲဆင်းရင်း ဒန်းပေါ်မှာထိုင်နေမိတယ် ဖေဖေကတော့ ရေကန်ပေါင်ကလေးမှာ ထိုင်ရက်ပေါ့။ ဖေဖေ သီချင်းတစ်ပုဒ်ကို နာနာကျင်ကျင် ညည်းဆိုနေတယ်။

"ထွက်သွားသူက...ဘယ်သိမှာလဲ၊ ကျန်ခဲ့သူကပဲ ရှူးတယ်၊အိုကွယ် အသက်ရယ်..."

ရှေးဟောင်းသီချင်းသံတစ်ပုဒ်ဟာ ဒန်းပေါ်က ကျွန်မကို ချော့သိပ်နေသလို။

"ဟား ဟားဟား"

"သမီး မပြေးနဲ့၊ မေမေလိုက်ရတာ မောတယ်ကွယ်၊ မပြေးနဲ့ လာပါ၊ သမီးရယ်"

"နွေဦးကို လိုက်ပါ မေမေ၊ နွေဦးပြေးချင်လို "

"မေမေ၊ မေမေ့ မေမေ့... "

ကျောခိုင်းသွားတဲ့ မေမေ့ကို ကျွန်မ အော်ခေါ်မိလိုက်တယ်။

"သမီး သမီး အဆင်ပြေရဲ့လား "

"ဖေဖေ၊ ဖေဖေ ဟင့်...နွေဦး မေမေ့ကို အိပ်မက်မက်တယ်။ နွေဦးတို့ ပြေးလွှားပြီး ဆော့နေကြတာ ဖေဖေရဲ့"

ဖေဖေပါ ဒန်းပေါ်ထိုင်လိုက်ပြီး

“သမီးလေး ဖေဖေပြောမယ် စိတ်အေး ...”

“အဖေ”

ကိုဘုန်းရောက်လာပြီး ဖေဖေ့စကားကို ဖြတ်ခဲ့တယ်။

“အဖေ စီစဉ်မလား၊ လာဦးမလား၊ သား လုပ်လိုက်ရမလား”

“ဘာကိုလဲဟင် ”

“ဪ... အလုပ်ကိစ္စပါ နွေဦး”

“အဖေ လုပ်ပါ့မယ်၊ ငါ့သားက သမီးနားပဲ နေပေးပါ”

“မေမေရောဟင်”

“ဟင် ”

“မေမေရောလို့၊ ခုရက်တွေထဲ မေမေ့ကို မတွေ့သလိုပဲ”

“ အာ... အမေ .. ”

ကိုဘုန်း ဆက်မပြောတာနဲ့ ဖေဖေက

“သမီးမေမေ ရွာကို အလည်သွားတယ်”

“ဟင်း... နွေဦးကိုတောင် ပြောမသွားဘူး”

“ဟုတ်တယ် နွေဦးရဲ့ အရေးကြီးလို့လေ”

“ဖေဖေက လိုက်မသွားဘူးလား၊ မေမေတစ်ယောက်တည်းကို”

“တကယ်ပဲ မေမေ့တစ်ယောက်တည်းကို လွှတ်ရတယ်လို့”

ပြောရင်း ကျွန်မ အိမ်ပေါ်ကို တက်ခဲ့တယ်။ သူတို့ ပါလာမယ်ထင်ပေမဲ့ ပါမလာကြတဲ့အခါ ကျွန်မ ပြန်ကြည့်လိုက်တော့ ဖေဖေငိုနေတာကို ကိုဘုန်းက နှစ်သိမ့်ပေးနေခဲ့တယ်။ ဘာလို့လဲဆိုတဲ့ အတွေးနဲ့အတူ ပြန်ဆင်းမဲ့ဟန်ပြတော့ သူတို့ထလာကြတာနဲ့ ကျွန်မ မသွားဖြစ်၊မေးလဲ မမေးဖြစ်ခဲ့

“သို... မောင်

သတိရတယ် မောင်ရေ၊ မောင့်ကို နွေဦး ဒီတစ်ခါ လက်ဆောင်ကလေးပါ ထည့်ပေးလိုက်ပါတယ်၊ ဒါလေးက နွေဦး မောင့်ကိုဘယ်လောက်ချစ်လဲဆိုတာ သက်သေပြမှာပါ”

စာရေးပြီး လက်ပတ်လေးကိုရော စာအိတ်လေးထဲထည့်ကာ ကျွန်မ ပူဖောင်းမှာ ချည်ပြီး လွှတ်လိုက်တယ်။

တရွေ့ရွေ့နဲ့ လေယူရာကို လွင့်မျောသွားတဲ့ မိုးပျံပူဖောင်းကလေး။ ဒီတစ်ခေါက်စာလေး မောင်ရတဲ့အခါ ကျွန်မကိုသေချာပေါက် အကြောင်းပြန်မှာပါ။

တစ်လကျော်ကြာတဲ့ထိ မေမေကို ကျွန်မ မတွေ့

"ဖေဖေ၊ မေမေလဲ ပြန်မလာသေးဘူး"

"သမီး"

"နွေဦးတို့ပါ လိုက်သွားရအောင်"

"သမီးရယ်"

ပြောပြီး ဖေဖေ ယူကျုံးမရ ငိုနေခဲ့တယ်။

"ဘာဖြစ်တာလဲ ဖေဖေ ဟင်၊ ဘာဖြစ်လို့လဲ၊ မေမေ ဘာဖြစ်လို့လဲ၊ နွေဦး စိတ်ပူလိုက်တာ"

"သမီးမေမေ၊ သမီးမေမေ ဆုံးပြီ"

"ဟင်"

ကျွန်မခေါင်းတွေ ချာချာလည်သွားပြီး အရာအားလုံး ဝေဝါးလာခဲ့တယ်။

"မေမေဆုံးပြီ ဟုတ်လား"

"သမီးလေးရယ်"

"ဟား ဟား၊ ဖေဖေပဲ ခရီးသွားနေတယ်ဆို"

"ဖေဖေ တောင်းပန်ပါတယ်ကွယ်"

ကျွန်မ ပစ်လဲသွားပြီး

"ဟင့်…နွေဦး နွေဦး၊ ဟိုးဘဝက ဘာတွေများ လုပ်ခဲ့လဲ မသိဘူးနော်"

"သမီးရယ်"

"မေမေ့ကို ဘာလို့ ခေါ်သွားရတာလဲ၊ ဟင်. နွေဦးတို့ကို ဘယ်သူက ဆူမှာလဲ၊ ဘယ်သူကရော နွေဦးတို့ကို ဟင်းချက်ကျွေးတော့ မှာလဲ ဟင် "

"သမီး"

"သေမင်းက နွေဦးကို ခေါ်ရမှာ၊ လူတွေ မှားနေတယ် ကာရန် ဟင့် ကာရန်ရော၊ မေမေရော နွေဦးကို ထားခဲ့ကြပြီ။ ဖေဖေရယ် နွေဦးကို ထားခဲ့ကြပြီ "

ကိုဘုန်း အခန်းထဲဝင်လာပြီး

“နွေဦးရယ် မင်းပင်ပန်းပါတယ်ကွာ။ သွားတဲ့သူတွေသွားပြီ မင်းပဲ သက်သာအောင်နေပါ ”

“ကိုဘုန်း ဘယ်လိုများ ပြောလိုက်တာလဲ၊ ရှင့်အမေ ရှင်ချစ်ရတဲ့သူ မဟုတ်တော့ ရှင်က ပြောနိုင်တာပေါ့”

“သမီး နွေဦး”

“ရှင် မရှက်ဘူးလား၊ နွေဦးလို အရူးမကို မိန်းမတော်ထားရတာ၊ ရှင် ကာရန်ဆီကနေ ကျွန်မကို အရယူခဲ့တာ ပျော်လားဟင် ကိုဘုန်း ”

“နွေဦး... တောက်... ငါ မင်းကို ဒီလောက်ချစ်တာကွာ မင်း အဲဒီလို စကားတွေ ပြောရက်တယ် ”

ပြောပြီး သူ ငိုကာ ထွက်သွားမှ ကျွန်မ ပြန်တွေးမိခဲ့တယ်။ သူချစ်တဲ့မိန်းကလေးက တခြားတစ်ယောက်ကို ချစ်ကြောင်း တဖွဖွပြောနေတယ်။ သူဘယ်လောက်နာကျင်နေရမလဲ၊ ပစ်လိုက်လို့ရရက်သားနဲ့ သူ့အနားမှာ မရရအောင်ခေါ်ထားပြီး ပြုစုကျွေးမွေးနေတဲ့ အဲဒီယောကျ်ားတစ်ယောက်ရဲ့မေတ္တာဟာ ဘယ်လောက် ခမ်းနားလိုက်သလဲ။ ။ ဒါပေမဲ ဒါပေမဲ့လေ...

“ဖေဖေ၊ နွေဦး မှားသွားပြီ ဖေဖေရယ်”

“သမီးလေးရယ်”

“နွေဦးကြောင့် အားလုံး စိတ်ညစ်ကြရပြီ၊ မေမေ့ကို နွေဦးမကူညီခဲ့ရဘူး၊ ဒီဘဝမှာလေ ဖေဖေတို့၊ မေမေတို့ရဲ့ သမီးဖြစ်ရတာ နွေဦး ကျေနပ်တယ်၊ ဒါပေမဲ့ သေမင်းက နွေဦးကို အရင်မခေါ်တာတော့...”

“သမီးရယ် ဘာတွေ ပြောနေတာလဲ” “မေမေတို့ကို နွေဦး တွေ့ချင်လိုက်တာ”

“မရဘူးသမီးရယ်၊ ဒီတစ်ခါတော့ ဖေဖေစကားကိုနားထောင်ပါ၊

နားထောင်ပေးပါ၊ သမီးသွားရင် သမီး ကျန်းမာရေးအခြေအနေတွေ ပိုဆိုးလာလိမ့်မယ်၊ ဖေဖေ့ကိုချစ်ရင် ဒါလေးတော့ နားထောင်ပေးပါ သမီးရယ်နော်”

“မေမေရဲ့ နောက်ဆုံးခရီးမှာတောင် သမီး မတွေ့ရဘူးပေါ့ ဟုတ်လား ဖေဖေ၊ သမီးက ဘာဖြစ်နေလို့လဲ ဟင်၊ ရူးနေတာမှ မဟုတ်ပဲ၊ ဆိုးလဲ ဆိုးပါစေ ဖေဖေရယ်၊ မေမေ့ကို တွေ့ခွင့်ပြုပါ”

“ဖေဖေပြောနေတယ် နွေဦး၊ နားထောင်စမ်း”

မျက်ရည်တွေကျရက်နဲ့ ဖေဖေ ကျွန်မကို မအော်ဖူးတဲ့လေသံ ခပ်မာမာနဲ့ အော်လိုက်တယ်။

“လိုက်မှာပဲ ဖေဖေ၊ နွေဦးသေရင်လဲ သေပါလေ့စေ”

တံခါးကို ဖေဖေ အပြင်ကနေ လော့ခတ်သွားတယ်။

“ဖေဖေ၊ အား .. ဖွင့်ပေး ဖွင့်ပေးပါ၊ ဖေဖေရဲ့ နွေဦး မေမေ့ကို နောက်ဆုံးလေး တွေ့ပါရစေ ဖေဖေ”

“ဒုန်း…ဒုန်း… ဒုန်း”

တံခါးကို အသားကုန်ကန်၊ ထုတွန်းပြီး ကျွန်မ သောင်းကျန်း နေခဲ့တယ်။

“ကိုဘုန်း အပြင်မှာရှိလား၊ နွေဦးကို တံခါးဖွင့်ပေးပါ၊ ဖေဖေ အား…အပြင် မှာ ဘယ်သူရှိလဲ၊ နာ့စ်တွေရှိလား အပြင်မှာ၊ ဖွင့်ပေးကြပါ”

“နွေဦး”

“ဟင်… ကာရန် ”

“ဘာလို့ အဲဒီလိုတွေ လုပ်နေတာလဲ”

“ကာရန်၊ ဟင်း … နွေဦးမေမေ ဆုံးပြီတဲ့ ကာရန် နင်နဲ့တွေ့လား ဟင်၊ နင့်နောက်လိုက်လာတယ်လေ မေမေက”

“ နွေဦး ပင်ပန်းနေပြီ၊ လာ ဒီမှာ ခဏထိုင်ဦး”

ခုတင်ပေါ်မှာ ကျွန်မတို့ ထိုင်လိုက်ပြီး

“နွေဦးအမေကို တွေ့ခဲ့တယ်၊ ကျန်းမာအခေါင်နေလို့မှာလိုက်တယ်”

“အခု အခုလေ နွေဦး မေမေ့ကို တွေ့ချင်တာ ဖေဖေက ပေးမတွေ့ဘူး ကာရန်ရယ်၊ နွေဦးကို တံခါးလေး ကူဖွင့်ပေးပါလား”

“အင်းပါ၊ ကျန်းမာအခေါင်နေမယ်လို့ ကတိပေးပါ၊ ကာရန် သွားရတော့မယ်၊ နှုတ်ဆက်ပါတယ်၊ သတိရတဲ့အခါ ကာရန်ဆီ စာရေးနော်”

“ကာရန် ကာရန် … ကာရန်၊ နေပါဦး ကာရန်”

တံခါးပွင့်သွားပြီး

နာ့စ်လေးငါးယောက် ကျွန်မကို ဝိုင်းချုပ်ကြတယ်။ ဆေးတစ်လုံး ကျွန်မကို ထိုးလိုက်တော့ ရုန်းကန်နေရင်းသားက ကျွန်မငြိမ်ကျသွားတယ်။

သတိရလာတော့ ကိုဘုန်းရော၊ ဖေဖေရော ကျွန်မဘေးမှာ ထိုင်နေကြတယ်။

“ကိုဘုန်း၊ နွေ … နွေဦးကို ခွင့်လွှတ်ပါ … အား… ကျွတ် ကျွတ်”

“လှဲနေ လှဲနေ သမီး ”

မေမေဆုံးပြီးတဲ့နောက် ကိုဘုန်းက အိမ်မှာ အိမ်အကူအန်တီကြီးတစ်ယောက်ကို ခေါ်ထားပေးတယ်။ ဖေဖေကတော့ သူ့ကို ရာသက်ပန် ရိပ်သာဝင်ခွင့်ပြုပါဆိုပြီး ရိပ်သာမှာပဲ သွားနေခဲ့တယ်။

အားလုံး ကျွန်မဘဝထဲက တရိပ်ရိပ် ပျောက်ကွယ်သွားကြတယ် တိမ်တွေလို၊ လေတွေလို...။ အဲဒီနေ့က ခြံထဲဆင်းပြီး ကျွန်မ ဖေဖေ စိုက်ပေးထားတဲ့ ကံ့ကော်ပန်းပင်ကလေးတွေကို ရေလောင်းနေခဲ့တယ်။

ကျွန်မ ပန်းမပန်ခဲ့တာ ဘယ်လောက်တောင် ကြာနေခဲ့ပြီလဲ။ ခြံအပြင်မှာ စာပုံးကလေးတစ်ပုံး ကျွန်မ တွေ့လိုက်တယ်။

"အန်တီထား၊ အန်တီထား လာပါဦး"

"ဟေ... သမီး ပြောလေ"

"အဲဒီစာပုံး နွေဦး စာထည့်လို့ရလား" "အင်း... ရတယ်လေ"

"အဲဒီလိုဆို အရောက်ပို့ပေးတာလား "

"အင်း... လာယူပြီး စာပို့သမားတွေက ပို့ပေးတယ်လေ"

"ဟုတ်လား"

"အင်း"

"ဒါဆို နွေဦးကို ဘောပင်နဲ့စာရွက် ယူပေး"

"ဟုတ်"

ဒန်းကလေးပေါ်ထိုင်ပြီး ကာရန်ဆီစာပို့ဖို့ ကျွန်မစာတွေရေးနေခဲ့တယ်။ တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ လတိုင်းမပျက်မကွက်

"ကိုဘုန်း"

"ပြောလေ နွေဦး

"နွေဦးကို ချစ်လားဟင်"

မှန်ကြည့်ပြီး ကြယ်သီးတပ်နေတဲ့ သူ့အနားကို ကျွန်မ ဖြည်းဖြည်းလေးသွားပြီး မေးလိုက်တယ်။

"ချစ်တာပေါ့ နွေဦးရယ်၊ နွေဦးနဲ့ဆို တစ်လောကလုံးကိုအဆက်သွယ်ဖြတ်ရဲတဲ့ထိ "

ဘာအကြောင်းကြောင့် ဒီလိုပြောလိုက်မှန်းမသိပေမဲ့ ကျွန်မကျေကျေနပ်နပ် ပြုံးလိုက်မိတယ်။

"နွေဦးနဲ့ တွေ့ရတာ နောင်တရလားဟင်"

"ဟင့်အင်း မရဘူး၊ ကိုယ်ကျေနပ်ပါတယ် အရာရာကို"

"လူတစ်ယောက်နဲ့တစ်ယောက် အိမ်ထောင်ပြုကြတာဟာ အတူတူနေချင်လို့

မဟုတ်ဘူးလားဟင် ”

“အဲဒါမို့ ကိုယ် မင်းကို လက်ထပ်ယူခဲ့တာပေါ့

“နွေဦးတို့က တစ်ခါမှ အတူတူမနေရသေးဘူးလေ”

“ဘာကို၊ ဪ... အဲဒါဆိုရင်တော့ မှားတယ် နွေဦး၊ ကိုယ် မင်းကိုချစ်တယ်ဆိုတာ မင်းဘဝလေးကို၊ မင်းနာမည်လေးကို၊ မင်း နှုတ်ခမ်းပါးလေးတွေကို ဒီလောက်ပဲ၊ ကိုယ့်ကြောင့် မင်းကို ပျော်စေချင်တယ်၊ နွေးထွေးစေချင်တယ်၊ မင်းပြောသလို လိင်ဆက်ဆံလို့တော့ မဟုတ်ဘူး

“စကားကြီးက ရင့်သီးလိုက်တာ ”

“ဒါပေမဲ့ နွေဦးရယ်၊ မင်းက ကိုယ့်အမျိုးသမီးပဲ ကိုလဲ.. ကို ...ထားပါ၊ မင်း ကျန်းကျန်းမာမာနဲ့ ကိုယ့်အနားရှိနေပေးရင်ကို သေပျော်ပါပြီ”

“ကိုဘုန်း... ”

“ကို သင်တန်းသွားလိုက်ဦးမယ်”

ကျွန်မစကားကို ဖြတ်ပြီး ကျွန်မနဖူးကို မထိတထိလေး နမ်းကာ ထွက်သွားတယ်။

ကျွန်မ အရမ်းအံ့ဩမိတယ်၊ တွေးနေမိခဲ့တယ်။ ချစ်သူနှစ်ဦး ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် အတူတူရှိကြတဲ့အခါ၊ တစ်ခုတင်ထဲ အတူတူအိပ်ကြတဲ့အခါ လိင်စိတ်ဟာ ဘယ်သူ့အရင်စဖြစ်ပါသလဲ။ ကျွန်မကတော့ မိန်းမတွေလို့ပဲ ထင်တယ်။ ယောက်ျား တစ်ယောက်ဘေးမှာရှိနေတဲ့အခါ ရင်ခုန်နေလိမ့်မယ်၊ ရှက်နေလိမ့်မယ်၊စိုးရိမ်ပူပန်နေလိမ့်မယ်။ ဘေးကကိုယ့်ချစ်သူက ဘယ်အချိန်လာထိမလဲ မျှော်ကောင်းမျှော်နေနိုင်ပါရဲ့၊ ဒါပေမဲ့ မိန်းမဖြစ်တဲ့အတွက် သူမျိုသိပ်နေရလိမ့်မယ်။ ကျွန်မတော့ ကျွန်မအပျူနဲ့ကျွန်မ၊ ကျွန်မသောကနဲ့ကျွန်မမို့ ကိုဘုန်းကလဲ ကျွန်မ မချစ်တဲ့ယောက်ျားတစ်ယောက်မို့လို့ ရှိလိုရှိမှန်းတောင် သတိမထားမိခဲ့ဘူး။ ဒါပေမဲ့ ကျွန်မဟာ ကိုဘုန်းချစ်တဲ့ မိန်းမ တစ်ယောက်၊ ညစဉ် ညတိုင်း သူ့ဘေးနားမှာ အိပ်စက်နေခဲ့တဲ့မိန်းမ တစ်ယောက်၊ ဒီလိုအနေအထားတစ်ခုမှာ ဘယ်လိုမေတ္တာတွေဆီကများ ကျွန်မကို မထိပါးစေဖို့ တွန်းအားရခဲ့ပါသလဲ။ သူဘယ်လောက်တောင် ထိန်းချုပ်ခဲ့ရမလဲ။

ကျွန်မကာရန်နာမည် ရေရွတ်မိတဲ့အချိန်တိုင်း သူနှလုံးသားတွေ ဘယ်လောက်တောင် နာကျင်ရမလဲ။

“သမီး”

“ရှင် အန်တီ”

“လာလေ မနက်စာစားမယ်”

“ဟုတ်”

"ကိုဘုန်းမျက်နှာလဲ မကောင်းဘူး အန်တီ၊ ဘာဖြစ်လို့လဲ သိလားဟင်"

"သေချာတော့ မသိဘူး၊ ဟိုရက်ကတော သမီးခြံထဲဆင်းတုန်း သူ့အမေနဲ့ ဖုန်းပြောနေသံကြားတယ်"

"ဟုတ် "

"ဟိုဘက်ကပြောတာတော့ အန်တီမကြားဘူးလေ၊ သူပြောတာကတော့ သား သူ့ကို မထားခဲ့နိုင်ပါဘူး အမေ၊ သားကို ခွင့်လွှတ်ပါတဲ့"

ကျွန်မ ကိုဘုန်းကို သနားမိခဲ့တယ်။ သေချာပေါက် သူ မထားခဲ့နိုင်ပါဘူးဆိုတဲ့သူဟာ ကျွန်မပဲနေမှာ။ အင်းပေါ့ ဘာတိုးတက်မှုမှမရှိ ဆင်းရဲဒုက္ခအပြည့်နဲ့ ရှုးကြောင်ကြောင်ဖြစ်နေတဲ့ မိန်းမကို ဘယ်မိဘက သူ့သားသမီးနဲ့ ကြာကြာနေစေချင်ပါ့မလဲ။ ကျွန်မဆုံးဖြတ်ချက်ချခဲ့တယ် အဲဒီနေ့ကစ ကိုဘုန်းစားဖို့ကို ကျွန်မကိုယ်တိုင် ချက်ခဲ့တယ်။ သူ့ကိစ္စမှန်သမျှ ကျွန်မ လုပ်ပေးခဲ့တယ်။ ပြီးတော့ ကျွန်မတို့အတူတူနေခဲ့တယ်။ ခရီးအတူတူထွက်တယ်။ သူ့အလုပ်ဆီကိုလဲ အရင်လို ကျွန်မ ပြန်လိုက် သွားဖြစ်ခဲ့တယ်။ နွေးထွေးလာတယ်။ ချစ်ခြင်းမေတ္တာတစ်ခုကို အသစ်တစ်ဖန် ပြန်ခံစားလာရတယ်။ ဖေဖေ့ကိုလဲ လတိုင်းသွားကန်တော့ ကြပြီး ကျွန်မ ကာရန်ဆီလဲ လတိုင်း စာရေးမပျက်ခဲ့။ ထိန်းချုပ်ထားပါရက်နဲ့ သတိရတဲ့အခါ ငိုမိနေတုန်းပဲ။

"ကိုဘုန်း"

"ပြောလေ နွေဦး"

"နွေဦး ဒီနေ့ ခေါင်းမူးနေသလိုပဲ" "ဟုတ်လား၊ ဆေးခန်းသွားမလား"

"ဟင့်အင်း အဲဒီလောက်ထိတော့ မဟုတ်ပါဘူး၊ ခေါင်းထဲ မူးနောက် မူးနောက် ဖြစ်နေတာလေးပါပဲ "

"သံပရာသီးကလေးရှူ နွေဦး" "ဟုတ်"

"နွေဦး ဒီနေ့ မလိုက်တော့ဘူးနော်" "အင်းပါ ရပါတယ်၊ ကို စောစောပြန်ခဲ့မယ် "

မနက်စာစားပြီး သူထွက်သွားတော့အခန်းထဲ ကျွန်မတစ်ယောက် တည်း၊ မေမေနဲ့ ကာရန်ကို သတိရနေခဲ့တယ်။ သူတို့တွေ ဘယ်ဘဝတွေများ ရောက်နေပြီလဲလို့တွေးရင်း စားပွဲပေါ်တွင်မှေးခနဲ အိပ်ပျော်သွားခဲ့တယ်။

"နွေဦး"

"ကာရန်"

"နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကာရန်ရော အဆင်ပြေရဲ့လား"

“အင်း၊ ပြောပါတယ်၊ ကျွန်တော် တစ်ခုလောက် မေးချင်လို့”

“မေးလေ ကာရန်၊ နွေဦး မညာတော့ပါဘူး၊ အားလုံးကို နွေဦး အမှန်တိုင်းဖြေပါ့မယ်”

“နွေဦး ကျွန်တော့်ကို တကယ်ချစ်ခဲ့လား”

“ ချစ်တာပေါ့ ကာရန် ချစ်တာပေါ့၊ နွေဦးရဲ့အချစ်ဦး၊ နွေဦးရဲ့ အချစ်ဆုံး၊ နွေဦးရဲ့နောက်ဆုံး”

“ဒါဆို ကိုဘုန်းသိုက်ကို ဘာလို့ လက်ထပ်ယူခဲ့တာလဲ”

“ဟင် ”

“ဖြေလေ၊ သူနဲ့ဘာလို့ အတူတူအိပ်ခဲ့တာလဲ၊ ဘာလို့ သူနဲ ပျော်နေရတာလဲ”

“ကာရန်ရယ်၊ ဟင့် နွေဦးမှာ ... ရွေးစရာမှ မရှိတော့တာ”

“ကျွန်တော့်ကို ဘာလို့ မရွေးခဲ့တာလဲ ဟင်၊ ကျွန်တော့်လို မေတ္တာငတ်နေတဲ့ကောင်ကိုမှ ဟားဟား ဟားဟား ”

“ကာရန် ..ကာရန်... နွေဦးပြောပါရစေဦး ကာရန်”

အခန်းထဲ အန်တီထား ပြေးဝင်လာပြီး

“နွေဦး သမီး သမီး ဘာဖြစ်တာလဲ”

“ဟူး..နွေဦး...နွေဦး အိပ်မက်မက်နေတာ အန်တီ၊ ရေတစ်ခွက်လောက် ပေးပါလား”

“အေးအေး သမီး”

“ရတယ် စိတ်မပူနဲ့ သွားသွား ”

ကျွန်မ ရေသောက်လိုက်ပြီး ကာရန်ဆီကို စာရေးခဲ့တယ်။

“ သို့... မောင်

သတိတရ စာရေးလိုက်ပါတယ်၊ မောင်... နွေဦးဆီ မကြာခဏ လာလည်ပါ အိပ်မက်တွေဆီကို ဖြစ်စေ၊ အတွေးတွေထဲကို ဖြစ်စေ၊ နွေဦးရဲ့ သားလေးတစ်ယောက်အနေနဲ့ ဖြစ်စေ ...”

««« »»»

အပိုင်း [၅]

ခြံတံခါးဝဆီက စာပုံးကလေးကို ကျွန်မအခန်းထဲကနေ ငေးနေမိတယ်။ ကိုဘုန်း ခြံထဲကို အတင်းကားမောင်းလာတယ်။

ပြီးတော့ စာပုံးထဲက စာကိုယူပြီး ဖတ်တယ်၊ စိတ်ဆိုးဟန်နဲ့ ဒေါသတကြီး အိမ်ထဲဝင်လာတယ်။ ကျွန်မ အသက်ခပ်ပြင်းပြင်း တစ်ချက်ရှုလိုက်ပြီး နေရာတကျလေး ထိုင်ပြီး စောင့်နေလိုက်တယ်။ အခန်းတံခါးကို

" ဒုန်း" ခနဲမြည်အောင် ဖွင့်လိုက်ကာ ခုတင်ပေါ်ကို စာလေးပစ်တင်လိုက်ပြီး

"ဒါ ဘာလဲ နွေဦး"

"စာလေ "

"ဘာ... မင်း ဒီထဲမှာ ဘာတွေ ရေးထားတာလဲ ဟင်၊ ငါ့မှာတော့ ချစ်လိုက်ရတာကွာ၊ ပျော်လိုက်ရတာ၊ ငါ့ကို ပြန်ချစ်လာပြီအထင်နဲ့ လက်စသတ်တော့ မင်းက အဲဒီကောင်ကို လူ့ဘဝထဲ ပြန်ရောက်အောင်လုပ်ဖို့ အတူတူနေခဲ့တာကိုး"

"ကိုဘုန်း ဘာတွေပြောနေတာလဲ။ ဒါကရော ဘယ်သူရေးတဲ့ စာမို့လို့လဲ"

"မင်းရေးတာလေ"

"ဟင်... နွေဦး မရေးရပါဘူး "

ကျွန်မ လိမ်လိုက်တယ်။ ကျွန်မ မေ့ချင်ယောင်ဆောင်ပစ်လိုက်တယ်။ ဘာလို့လဲဆိုတော့ သူမေးတဲ့ အဲဒီမေးခွန်း၊ ရိုင်းစိုင်းလိုက်တဲ့ အဲဒီစကားအတွက် ကျွန်မမှာ အဖြေမရှိလို့ပဲ။

" နွေဦးရယ်၊ ကို ကိုက မင်း အဆင်မပြေဘူး၊ အိပ်မက်ဆိုးတွေ မက်နေပြန်ပြီလို့ ဒေါ်ထားဖုန်းဆက်လာလို့ အတင်းပြန်လာတာပါကွာ"

ပြောပြီး သူ ကျွန်မရှေ့ ဒူးထောက်ငိုနေတယ်။ ဒီယောကျ်ားရဲ့ ဝဋ်ကြွေး ဘယ်သေးပါ့မလဲနော်။ သူ့အပြစ်မရှိပါဘဲ သူ့အပြစ်လို ခံစားနေရှာတယ်။

အချစ် အချစ် ..။

"ဖေဖေ"

“ဟာ… သမီးတို့၊ လာဝင် ဝင်”

“အဆင်ပြေရဲ့လား ဖေဖေ”

“ပြေပါတယ်၊ သမီးတို့ရော”

“ဖေဖေ ပိန်သွားသလားလို့”

“မပိန်ပါဘူး သမီးရယ်၊ မနက် ထချိန်၊ အိပ်ချိန်၊ စားချိန်မှန်နေတာ ဒီမှာ”

“နွေဦးကို သတိမရဘူးလား”

“ရတာပေါ့သမီးရယ်၊ ဒါပေမဲ့ ဖေဖေ အခုလုပ်နေတာတွေက သံယောဇဉ်ဖြတ်နည်းတစ်မျိုးပဲ ”

“အင်းပါ … ဖေဖေ အဆင်ပြေတယ်၊ စိတ်ချမ်းသာတယ်ဆိုရင် နွေဦးလဲ ပျော်ပါတယ်၊ လိုတာတွေ ဖုန်းဆက်ပေါ”

“ငါ့သားရော စိတ်ရော၊ လူရော အဆင်ပြေရဲ့လား”

“ဟုတ်”

“ဟင်… ဖေဖေ မေးပုံကြီးကလဲ”

ကျွန်မကြားထဲကနေဝင်ပြီး ရှုံ့တွပြောခဲ့လိုက်တယ်။ ခဏကြာ ဖေဖေကို ကန်တော့ခဲ့ပြီး ကျွန်မတို့ အိမ်ကို ပြန်လာခဲ့ကြတယ်။

“နွေဦး ခရီးလေးဘာလေး ထွက်ချင်လိုက်တာ ကိုဘုန်းရယ်”

“နွေဦးက ဘယ်သွားချင်လို့လဲ”

“ကံ့ကော်ပန်းတွေ အများကြီးပွင့်တဲ့ဆီ”

ကိုဘုန်း ကားကို ချက်ချင်း ထိုးရပ်လိုက်တယ်။

“ကံ့ကော်တစ်ထောင်ကို သွားမလား”

“ကြားဖူးသလိုပဲ”

“အင်း … ရောဝတီတိုင်းဘက်မှာလေ”

“ဟုတ် သွားချင်တယ်၊ နွေဦးကို လိုက်ပို့ပါလား”

“နေ့ချင်းပြန် သွားလို့ရတယ်ဆိုတော့ … မနက်ဖြန် လိုက်ပို့မယ်လေ”

“ဟုတ် ”

အဲဒီညက ကျွန်မ အိပ်ရာပေါ်မှာ အိပ်မောကျနေခဲ့တယ်။ တံခါးပိတ်သံ

ခပ်တိုးတိုးပေမဲ့၊ ကျွန်မတစ်ချက်လန့်ပြီး တုန်သွားပေမဲ့ မျက်လုံး မဖွင့်နိုင်တော့တာမို့ ကျွန်မ ဆက်အိပ်နေလိုက်တယ်။

“နွေဦး ကိုယ့်ဘက်လှည့်ပါဦးကွာ

“ဟင်... ဘာလို့လဲ ကိုဘုန်း”

ကျွန်မ လှည့်ကြည့်လိုက်တော့ ကိုဘုန်းခေါင်းမှာ သွေးတွေ။

“အမယ်လေး... သွေး သွေးတွေနဲ့ပါလား”

“ကာရန် ကာရန်...အား အဲဒီကောင်မသေသေးဘူး နွေဦး”

“ဟင်... ကာရန်မသေသေးဘူး၊ ဟုတ်လား ကိုဘုန်း ”

ကျွန်မဟာ သိပ်ရက်စက်နိုင်လွန်းတဲ့ မိန်းမပဲ။ ကိုယ့်ရှေ့မှာ သွေးသံတရဲရဲဖြစ်နေတဲ့ သူကိုမှ မငဲ့ညှာ၊ ကာရန် မသေသေးဘူးလို့ ပြောလိုက်တော့ ကျွန်မ အခန်းပြင်ဘက်ကို ပြေးထွက်ပြီး လိုက်ရှာနေမိတယ်။ ဧည့်ခန်းထဲမှာ ကျွန်မကို ကျောပေးရက် ထိုင်နေတဲ့သူတစ်ယောက်။

တဖြည်းဖြည်း ခြေလှမ်းနေးကွေးသွားပြီး သူ့အနားကို သွားကာ

“ကာ... ကာရန်... ကာရန်လားဟင်” သူ ကျွန်မကို လှည့်ကြည့်လိုက်ပြီး တုတ်တစ်ချောင်းနဲ့ ကျွန်မကို ပစ်ပေါက်ခဲ့တယ်။

“နွေဦး၊ နွေဦး ဘာဖြစ်တာလဲ” “ဟင်... ကိုဘုန်း”

ကျွန်မ မသိမသာ သူ့ခေါင်းက ဒဏ်ရာကို လိုက်ရှာနေမိတယ် ဒါပေမဲ့ ဒါဟာ အိပ်မက်တစ်ခုသာ ဖြစ်ခဲ့တယ်။

နောက်တစ်နေ့မနက် ကျွန်မတို့ ကုံကော်တစ်ထောင်ကို သွားခဲ့ကြတယ်။ လမ်းမှာ ကျွန်မညက အိပ်မက်အကြောင်းပဲ တွေးနေမိတယ်၊

“ငြိမ်နေပါ့လား နွေဦး၊ နေမကောင်းလို့လား”

မေးပြီး ကျွန်မနဖူးကို ခပ်ဖွဖွစမ်းတယ်။

“ကိုယ်လဲ မပူပါဘူး”

“နေကောင်းပါတယ်၊ ညက... ညက အိပ်မက်အကြောင်း တွေးနေတာ”

“ဟင်... ဘာမက်လို့လဲ “ကာရန် မသေဘူး”

“ဟင်”

“ပြီးတော့ ပြီးတော့ ကိုဘုန်းခေါင်းကို ဘာလို့ သူရိုက်ရတာလဲ၊ ကိုဘုန်းကရော ဘာလို့ အဲဒီကောင် မသေသေးဘူးလို့ ပြောရတာလဲ”

ကိုဘုန်း ကားကိုရပ်လိုက်ပြီး သူ့လည်ပင်းကကြယ်သီးတစ်လုံးကို ဖြုတ်လိုက်တယ်။ တစ်ခုခုကို ထိတ်လန့်နေသလိုလို၊ ပြီးတော့

"နွေဦး၊ အဲ… အဲဒါက အိပ်မက်လေကွာ၊ စိတ်ထဲမထားပါနဲ့ သေတဲ့သူက သေသွားပြီလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ နွေဦး သူ့အသက်ရှိနေသေးတယ်လို့ ခံစားရတယ်"

ကျွန်မလက်ကို လှမ်းကိုင်လိုက်ပြီး သူကားဆက်မောင်းတယ်။ ကားပေါ်က ဆင်းတာနဲ့ ဝင်းထဲကို လမ်းလေးအနည်းငယ်လျှောက်ရတယ်။

"အို… လှလိုက်တာ "

ကျွန်မ နှုတ်က ရေရွတ်လိုက်မိတယ်။ ကံ့ကော်ပင်တစ်ပင် အောက်မှာ ဘုရားတစ်ဆူတည်ထားတယ်။ ဒီဝင်းထဲမှာ ကံ့ကော်ပင် တစ်ထောင်ရှိတယ်ထင်ပါရဲ့။ စိမ်းစိုဝေဆာနေတဲ့ သစ်ခက်တွေကြားက ပွင့်ဖတ်အဖြူလေးတွေနဲ့ ရွှေဝါရောင် ကံ့ကော်ပန်းပွင့်ကလေးတွေ ..

"ကျေးဇူးတင်ပါတယ် ကိုဘုန်းရယ်၊ အခုမှ စိတ်ထဲလန်းဆန်းသွားတာပဲ"

မြေပြင်သို့ကျနေတဲ့ ကံ့ကော်ပန်းလေးတစ်ပွင့်ကို သူကောက်ပြီးကျွန်မနားထင်မှာ လာပန်ပေးကာ-

"လှတယ် နွေဦး၊ အခုမှပဲ နွေဦးကံ့ကော်ပေါ့"

သူပြောပြီး ရယ်မောနေခဲ့တယ်။

"ဟင့်အင်း မဟုတ်ပါဘူး၊ နွေဦးက မောင့်နွေဦး"

စိတ်ထဲကနေ ပြောလိုက်မိတယ်။ တချို့ ပန်းကလေးတွေက မြေပြင်ပေါ်ကျနေတယ်၊ ခူးပြီး ထားခဲ့ကြတာ ဖြစ်နိုင်သလို ကြွေနေတဲ့ ပန်းကလေးတွေလဲ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မခြေထောက်နဲ့ မနင်းမိအောင် ရှောင်ဖယ်လျှောက်နေရင်း ..

လူတစ်ယောက် ကျွန်မဘေးကနေ ဖြတ်သွားတော့

"ကာရန်၊ ကာရန်လား ဟင်" နောက်က ကျွန်မ လိုက်ခေါ်နေမိတယ် "ကာရန်လားလို့ ကာရန်…ကာရန် နေပါဦး"

"တောင်းပန်ပါတယ်ရှင်၊ ကျွန်မ လူမှားသွားလို"

"ဟုတ်ကဲ့ ရပါတယ်"

ကျွန်မ လှည့်ကြည့် လှည့်ကြည့်နဲ့ပဲ စိတ်ထဲ ပြန်လေးပင်လာခဲ့တယ်။ အိမ်ရောက်တော့ အိမ်ပေါ်ကို ကိုဘုန်း အရင်တက်သွားတယ် ကျွန်မကတော့ ဒန်းပေါ်ထိုင်ပြီး ကန်ကြီးကို ငေးနေမိခဲ့တယ်။

“ ထွက်သွားသူက…ဘယ်သိမှာလဲ၊ ကျန်ခဲ့သူကပဲ ရူးတယ် အိုကွယ် အသက်ရယ်…. ”

ဖေဖေ့သီချင်းသံလေး ကျွန်မ ပြန်ကြားနေမိတယ်။ အိပ်မက်ထဲကလိုပဲ ကာရန် အသက်ရှင်နေသေးရင် သိပ်ကောင်းမှာပဲလို့ ကျွန်မတွေးနေမိတယ်။

တစ်ချိန်ထဲ ကျွန်မခေါင်းထဲကို တိုးဝင်လာတဲ့မေးခွန်းတစ်ခုက

“အခုချိန် ကာရန် အသက်ရှင်နေသေးရင်ရော သူ့ကို ရွေးချယ်မှာလား”

တကယ်တော့ ကျွန်မ ဒီယောက်ျားနှစ်ယောက်လုံးကို လိုအပ်တယ်။ တစ်ယောက်က သံယောဇဉ်၊ တစ်ယောက်ကအချစ်၊ ဒါပေမဲ့ ကျွန်မအတွက် ကာရန်မရှိတဲ့ ဘဝဟာ ပိုအဓိပ္ပာယ်မဲ့ပါတယ်။

“သမီး”

“ရှင်အန်တီထား”

“ထမင်းစားမယ်လေ”

“ ဟုတ် ဟုတ် ”

အိမ်ပေါ်ထပ်ကနေ အန်တီထား ခေါ်နေတာနဲ့ ကျွန်မ သွားဖို့ထအရပ်မှာ ခြံတံခါးဝက ကျွန်မကို လူတစ်ယောက် ကြည့်နေသလို ခံစားရတာနဲ့ လှည့်ကြည့်လိုက်တော့

“ဟင်… ကာရန်”

ကျွန်မ အသေအချာ ကာရန်ကို တွေ့လိုက်ရပြီး

“အန်တီထား အန်တီထား၊ သော့ယူလာပါ၊ လာ မြန်မြန်”

“ဟင်… အေးအေး”

“ကာရန် ကာရန်၊ နေပါဦး ကာရန်ရေ”

ကိုဘုန်းရော အန်တီထားပါ ဆင်းလာပြီး ကျွန်မပါးစပ်ထဲ ဆေးတွေ ထည့်လိုက်ကြတယ်။

တစ်ခဏ ကျွန်မ မိန်းမောသွားခဲ့ရတယ်။

အဲဒီနေ့ မနက်အိပ်ရာကနိုးတော့ စားပွဲပေါ်မှာ စာလေး တစ်စောင် ..

“ကို့ရဲ့ချစ်ဇနီးလေးရေ … မနက်ဖြန်ဆို ကိုတို့အိမ်ထောင်သက် လေးနှစ်ပြည့်ပြီနော်၊ အရမ်းချစ်တယ် ကိုပိုဂရုစိုက်ပါ့မယ် နွေဦး ခင်လေးရေ” တဲ့ စာရဲ့အဆုံးမှာ ရက်စွဲကလေးတစ်ခု။ မနက်ဖြန်ဆို လကုန်ပြီပဲ၊ ကျွန်မ စာရေးရဦးမယ် ဟုတ်တယ်လို့တွေးပြီ ကျွန်မ စာရေးခဲ့တယ်။

"သို့ မောင် … "

အစပျိုးပြီး ကျွန်မတွေးမိလိုက်တယ်

"ကာရန်က သေပြီလေ၊ ငါဘာလို့ လတိုင်းစာတွေ ရေးပို့နေတာလဲ"

"ဟာ၊ သူ မသေသေးပါဘူး"

" ဟင့်အင်း ကာရန်ကသေပြီ၊ အဲဒီလိုရှူးကြောင်ကြောင် အကြောင်းတွေ မလုပ်နဲ့တော့ နွေဦး"

"မသေပါဘူး၊ ကာရန်မသေသေးပါဘူး။ နွေဦးသိတယ်"

ကျွန်မတစ်ယောက်တည်း တွေးဖြေရင်း မျက်ရည်ကျရက်က ကျွန်မ စာဆက်ရေးလိုက်ပြီးနောက် ကျွန်မ ပူဖောင်းလေးမှာချည်ကာ ပြတင်းဝကနေ လွှတ်ခဲ့တယ်။

"ဒီတစ်ခေါက်တော့ စာပြန်ပါမောင်ရေ"

နှုတ်မှ ရေရွတ်ရင်း…။ ကိုဘုန်းအခန်းထဲ ဝင်လာပြီး

"နိုးနေပြီလား နွေဦး"

"ဟုတ်"

"ဘာတွေ လုပ်နေတာ …"

လက်ထဲက ဘောပင်ကို သူမြင်သွားပြီ

"စာရေးနေတာလား"

"အင်း"

"ဘယ်သူ့ဆီ"

"ခုမှ ရေးမလို့ပါ"

"သူ့ဆီလဲ နွေဦး"

"ဖေ… ဖေဖေ့ဆီ"

"နွေဦး သတိရရင် ကို လိုက်ပို့မယ်လေ၊ စာမရေးပါနဲ့၊ ပေး"

ပြောပြောဆိုဆိုနဲ့ ကျွန်မလက်ထဲက ဘောပင်ကိုယူကာ

"လာ မနက်စာစားမယ်၊ မျက်နှာသစ်တော့"

ပြောပြီး အခန်းထဲက ဆွဲခေါ်လာခဲ့တယ်။ မကြာခင် ကျွန်မတို့ ထမင်းစားပြီး ကျွန်မ မှန်ထိုင်ကြည့်နေမိတယ်။

"ဟာ... အလှပြင်မလို့လား နွေဦး"

"မဟုတ်ပါဘူး၊ ဒီအတိုင်း ထိုင်နေမိတာပါ"

"ကို ခေါင်းဖြီးပေးမယ် "

ပြောပြောဆိုဆို သူ ကျွန်မဆံပင်တွေကို ညင်ညင်သာသာဖြီးပေးနေခဲ့တယ်။ ဖြီးပေးနေရင်း-

"ကိုလေ နွေဦးကို အရမ်းချစ်တယ်"

"နွေဦး သိပါတယ်"

"အဲဒီအတွက် ကို မလုပ်သင့်တာတွေလဲ လုပ်ခဲ့မိတယ် ကျွန်မရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး

"ဘာတွေလဲဟင်"

"အဖေတို့၊ အမေတို့နဲ့ အဆက်သွယ်ပြတ်သွားတာ ကြာပြီ နွေဦးရယ်"

သူပြန်ပြောတော့ ကျွန်မ မေမေကိုတောင် သတိရမိသွားတယ်။ ကျွန်မက ဒုတိယဖေဖေ မဖြစ်ခဲ့ရင်တောင် သေချာပေါက် ကိုဘုန်းဟာ ဒုတိယမေမေပါပဲ။

"နွေဦး ကိုဘုန်းအပေါ်ဘာတွေများကောင်းခဲ့ဖူးလို့လဲဟင်"

"နွေဦး အချစ်ကို ဘယ်လိုခံယူထားလဲ '"

"ဟင့်အင်း မသိဘူး၊ ဒါပေမဲ့ အချစ်ကိုတော့ အချစ်လို့ပဲ မြင်တယ်"

"ကိုကတော့လေ...ကိုက နွေဦးကို စမြင်မှ အချစ်ကို ခံစားမိလာတာ၊ ကို ရည်းစားမထားဖူးဘူး တကယ်၊ ဘယ်သူ့ကို ဘယ်လို ပြောရမယ်၊ ဘာလုပ်ရမယ်ကို မသိဘူး၊ မနက်မိုးလင်းရင် သူ့ကိုမြင်ချင်တယ်၊ သူပျော်နေတာ မြင်ချင်တယ်၊ သူ့ရဲ့အရာရာကို ဖြည့်ဆည်းပေးနေရတာ ဒါကို အချစ်လို့မြင်တယ်"

"မေတ္တာဆိုတာ အသွားအပြန်ရှိတယ်လေ၊ အခု နွေဦးဆီက ကိုဘုန်း ဘာတွေများ ခံစားရလို့လဲ"

"ကို မမျှော်လင့်ပါဘူး၊ ကို လုပ်ပေးနေခွင့်ရတာကိုက ကို အချစ်ပဲလေ၊ ကိုနွေဦးကို ကို့ကို ချစ်လားလို့မှ မမေးခဲ့တာ"

ဟုတ်သား၊ သူ ကျွန်မကို ချစ်လားလို့ တစ်ခါမှ မမေးဘူး။ ဒါနဲ့များ သူကျွန်မကို ဘယ်လိုများ လက်ထပ်ယူခဲ့ပါလိမ့်။ ကျွန်မကရော ဘယ်လိုလုပ် သူ့ကို လက်ထပ်ယူခဲ့မိပါလိမ့်။

“ကိုဘုန်းရဲ့အချစ်ဦးက ဘယ်သူလဲ”

“နွေဦး”

“ဟင်း”

“တကယ်၊ ကို နွေဦးကိုပဲ လိုချင်ခဲ့ဖူးတာ၊ ချစ်ခဲ့ဖူးတာ”

“နွေဦးရဲ့အချစ်ဦး သိချင်လား

“ဟင့်အင်း ”

“နွေဦး ပြောပြချင်လို့လေ”

သူ ငြိမ်နေတယ်။

ကျွန်မလဲ ဆက်မပြောဖြစ်တော့၊ နှစ်ယောက်လုံးငြိမ်သက်စွာ ကန်ရေပြင်ကြီးဆီသို့ ငေးနေမိခဲ့ကြတယ်။ အချိန်ဘယ်လောက် ကြာသွားသလဲ မသိ။

“ဟယ်လို”

“ဟယ်လို”

“နွေဦး နေကောင်းရဲ့လား၊ သက်သာလားဟင်”

“သိမ့်... သိမ့်လား ”

“ဟုတ်ပါတယ်”

“ကောင်းပါတယ် သိမ့်ရယ်၊ သိမ့်ရော နေကောင်းလား”

“အင်း၊ အချိန်တွေ ကြာသွားပြီနော်”

သိမ့်က ပြောသော်လဲ ကျွန်မအတွက်တော့ အရာအားလုံးဟာ မနေ့တစ်နေ့ကလို့ အတွေးထဲပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ပါပဲ။

“နွေဦး သိမ့်နဲ့ အေးဆေးစကားပြောချင်လိုက်တာ ”

“တွေ့ကြမယ်လေ၊ အခု ငါက ရန်ကုန်မှာ”

“ဟုတ်လား၊ နွေဦးကို လိပ်စာပြော၊ ကိုဘုန်းကို လိုက်ပို့ခိုင်းမယ်၊ မနက်ဖြန် လာခဲ့မယ် သိမ့် ”

“ငါ သူ့ကို မတွေ့ချင်ပါဘူး”

“ဟင်... ဘာလို့လဲ”

“နွေဦးဘာသာ လာရင်လာ”

"ဘာလို့လဲ သိမ့်၊ ကို... ကိုဘုန်းက..."

"သူ ပါလာမယ်ဆိုရင်တော့ မလာနဲ့တော့လေ"

သိမ့်က တိတိကျကျ ပြတ်ပြတ်သားသားပြောတော့ ကျွန်မ စိတ်တွေ ဘဝင်မကျ ဖြစ်ခဲ့ရပြန်တယ်။ ဘာတွေ ဖြစ်နေကြတာလဲ။ ကျွန်မ မသိလိုက်ရပါပဲ ဘာတွေ ဖြစ်ခဲ့ကြသေးလဲလို့ အတွေးတွေ၊ သံသယတွေ ကျွန်မခေါင်းထဲ ဝင်လာခဲ့ကြတယ်။

တစ်နေ့ ကျွန်မဗီရိုထဲက ကာရန်နဲ့ ကိုဘုန်းရဲ့ဓာတ်ပုံကို ကျွန် တွေ့လိုက်ရတယ်။ နှစ်ယောက်သား စကားတွေပြောရင်း ရယ်မောနေတဲ့ ပုံကလေးပေါ့။ ကာရန်ပါးပေါ်က ပါးချိုင့်လေးတွေဟာ ထင်းနေအောင် မြင်နေရတယ်။ ပြီးတော့ ကျွန်မ တွေ့လိုက်ရတယ်၊ ကာရန် လက်က လက်ပတ်ကလေး။

"ဟင်... ငါ့လက်ပတ်ရော"

ကျွန်မ ဗီရိုထဲ ပြန်ရှာလဲ မတွေ့ ။

"ကိုဘုန်း လာပါဦး"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ နွေဦး"

"ဒီထဲက နွေဦးလက်ပတ်လေးရော"

"ကို မသိဘူးလေ"

"အန်တီထား၊ ဒီထဲက နွေဦးလက်ပတ်လေးရော"

"ဟေ... အန်တီလဲ မသိဘူးလေ"

"ဖေဖေ့ကို ဖုန်းဆက်ပေးပါ၊ ဖေဖေများ ယူသွားသေးလား မသိဘူး

"အဖေ တရားထိုင်နေမှာ ဒီချိန်ဆို "

"ဟာ... မသိဘူး၊ အခုဆက်မယ်၊ ဘယ်မှာလဲ ဖုန်း"

"တူ......တူ..တူ ...တူ .."

"ဟာ ကြာလိုက်တာ၊ ဖေဖေဆီလိုက်ပို့ လိုက်ပို့ ကိုဘုန်းရဲ့"

"နွေဦး ဘာတွေဖြစ်နေတာလဲကွာ "

ပြောပြီး သူထိုင်ကာမှိုင်သွားမှ ကျွန်မ အတွေးတွေ ရပ်သွားခဲ့တယ်။ ခဏနေတော့ ဖေဖေ့ဆီက ဖုန်းပြန်ဝင်လာတယ်။

"ဟယ်လို"

"ဟယ်လို ဖေဖေ

““သမီး ဖုန်းခေါ်ထားတာလား”

“ဟုတ်၊ နွေဦး လက်ပတ်လေးရော”

“ဟင် ... ဘယ်လက်...ဪ... သမီးပဲ ကာရန်ဆီပို့မယ် ဆိုပြီး စာအိတ်လေးထဲ ထည့်ပေးလိုက်တယ်လေ”

“ဖေဖေတို့ပြောတော့ ကာရန်က ဆုံးပြီဆို”

“အင်း ”

“အဲဒါကို နွေဦးက ဘာလို့ စာပို့ရမှာလဲ ဖေဖေရဲ့”

“နွေဦး”

“ဖေဖေတို့ နွေဦးကို ဝိုင်းလိမ်နေကြတာလား၊ တစ်ခုခု နွေဦးမသိအောင် လုပ်ထားတာ ရှိနေတာလားဟင်”

ကျွန်မလက်ထဲက ဖုန်းကို ကိုဘုန်းက ဆွဲယူပြီး

“ဒါပဲနော် အဖေ”

ပြောကာ ဖုန်းချလိုက်တော့

“ဘာလုပ်တာလဲ၊ နွေဦး ဖေဖေနဲ့စကားပြောနေတယ်လေ”

“အဖေက ရိပ်သာမှာ စိတ်အနှောင့်ယှက် သွားမပေးပါနဲ့ နွေဦးရယ်”

“ဟာ.. နွေဦး သိချင်လို့ မေးတာလေ”

“မမေးနဲ့လို”

“ဟ.. ဘာလဲ၊ ကာရန်ကို ရှင်သတ်လိုက်တာ သိသွားမှာ စိုးလို့လား”

“ဘာတွေပြောနေတာလဲကွာ”

ကျွန်မ မျက်ရည်တွေ ကျလာပြီး

“ကိုဘုန်း ကာရန်ကို သတ်လိုက်တာမဟုတ်လားဟင်”

“နွေဦး”

“ပြောလို”

“ကို ဘာလို့သတ်ရမှာလဲ”

“ဒါဆို သူ အသက်ရှင်သေးတယ်မဟုတ်လား၊ ဟင်”

“ဟင့်အင်း၊ဒါပေမဲ့ မင်းအတွေးထဲမှာတော့ သူ အသက်ရှင်နေသေးတယ်”

“ဒါ ဘာစကားကြီးလဲ”

“ဆေးသောက်လိုက်ပါဦး နွေဦး”

ဆေးတွေကိုင်ပြီး ကျွန်မအနား တိုးကပ်လာသည်။

“ဟင့်အင်း နွေဦး မသောက်ဘူး၊ ခုနစကားက ဘာစကားကြီးလဲဟင်၊ နွေဦးမေးတာက သူသေပြီလား၊ ရှင်သေးလား ဒါပဲမေးတာ၊ သေတစ်ဝက် ရှင်တစ်ဝက် မသေချာ မရေရာတွေ မဖြေစမ်းပါနဲ့”

“အေး… သူ အသက်ရှင်နေသေးတယ်၊ မင်းစာတွေ ဆက်ပို့ဖို့ပဲဟုတ်ပြီလား ”

“ ဘာ”

“အန်တီထား လာပါ၊ ဆေးတိုက်ရအောင်”

“ အေးအေး”

“အား… မသောက်ဘူး မသောက်ဘူးလို့ ဖေဖေရေ အား…”

ကျွန်မ ရုန်းနေရင်းသားက ကျွန်မပါးစပ်ထဲ ဆေးဘွေဝင်ခဲ့ပြန်တယ်။ အချိန်ဘယ်လောက်ကြာကြာ ကျွန်မ ငြိမ်ကျသွားသလဲ မသိ။ ဘာမှ မမြင်ရတော့၊ ပြီးတော့ ဘာမှ မကြားရတော့။ အဲဒီနေ့က နှစ်လပိုင်း ၁၁ ရက်နေ့၊ ကျွန်မ ဘာမှ မသိတော့…

ခြံထဲက ကံ့ကော်ပင်တွေကို ရေလောင်းရင်း ဖေဖေ့ကို သတိရ နေခဲ့တယ်။။ ထို့အတူ မေမေ့ကိုရောပေါ့ ။

“နွေဦး”

“ဟင်”

“နွေဦး၊ ရှူး လာ၊ ဒီဘက်ကို”

“ကာရန် ”

“ရှူး.. လာ…”

ကျွန်မကို ကာရန် ခြံတံခါးအပြင်ဘက်ကို လက်ယပ်ခေါ်နေခဲ့တယ်။

“လာလို့မရဘူး ကာရန်၊ တံခါးပိတ်ထားတယ်”

“ ဟာ”

“ ကာရန်၊ ကာရန် မသေသေးဘူးပေါ့နော်”

" အင်း"

"နွေဦး... နွေဦး အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော် "

" နံပါတ်တစ်ခုပြောမယ် မှတ်ထား၊ ပြီးရင် အပေါ်တက်ပြီးဆက်ပါ၊ သူတို့ မသိစေနဲ့ "

ပြောပြီး နံပါတ်ကိုးလုံး ကျွန်မကိုပြောပြီး သူထွက်သွားတယ်။ ကျွန်မ အဆက်မပြတ် ရေရွတ်လာခဲ့ပေမဲ့လဲ နံပါတ်တွေ ကျွန်မလွဲသွားတယ်ထင်ပါရဲ့။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ ဆက်သွယ်၍ မရနိုင်ပါရှင် "

"ဟာ"

ကိုယ့်ကိုယ်ကိုယ် ပါးတွေ ရိုက်လိုက်မိတယ်။

"ငါ အိပ်မက်မက်နေတာလား၊ မဟုတ်ပါဘူး၊ ကာရန်ကို ငါ တကယ်တွေ့လိုက်တာ၊ ဟင်... ဒါဆို ဟိုးရက်တွေက ငါတွေ့ခဲ့တာ ကာရန်ပေါ့"

"အန်တီထား အန်တီထား .."

"ဟေ ဟေ... သမီး "

"နွေဦးကို ရိုက်ပါ"

"ဟင်"

"နွေဦးလက်ကို ရိုက်လိုက်ပါလို့ "

အသံမာမာ ပြောလိုက်လို့ အန်တီထား ကျွန်မလက်ကို ရိုက်လိုက်တော့မှ

"အိပ်မက်မက်နေတာ မဟုတ်ဖူးပဲ"

"ဘာလို့လဲ သမီး"

"ရပြီ၊ သွားတော့ သွားတော့"

ဘာတွေလဲ၊ ကာရန်က တကယ် မသေဘူးဆိုရင် အဲဒီနေ့က ကျွန်မ ကြားခဲ့ရတဲ့ ကြေးစည်သံ၊ တရားသံ၊ အဲဒီ နာရေးအိမ်က ကာရန် အတွက် မဟုတ်ဘူးပေါ့။ ဖေဖေကရော... ဖေဖေကရော ကျွန်မကို ဘာလို့ ညာတာလဲ၊ ဟင် ... ဒါတွေကို မေမေရော သိသွားခဲ့တာ လား။

"အန်တီထား"

"ဟေ"

"ကိုဘုန်းရော"

“အလုပ်သွားတယ်လေ သမီး”

“ဟုတ်ပြီ ဟုတ်ပြီ ”

ကျွန်မ ဖေဖေ့ဆီ ဖုန်းဆက်လိုက်တယ်။

“ဖေဖေ ”

“ပြောလေ သမီး ”

“ကာရန် မသေသေးဘူး ဖေဖေ ”

“ဟေ… သမီးရယ်၊ ကာရန်က ဆုံးပြီလေ”

“ဒီနေ့မနက်ကမှ နွေဦး သူနဲ့ စကားပြောခဲ့တာ၊ အိပ်မက်မဟုတ်ဘူး၊ တကယ် ဖေဖေ၊ နွေဦးတို့ သိထားတဲ့ အဲဒီနာရေး၊ အဲဒီအကြောင်းအရာတွေက တစ်ယောက်ယောက်က နွေဦးတို့ကို လှည့်စားနေတာပဲ”

“မဖြစ်နိုင်ပါဘူး သမီးရယ်”

“ဖေဖေ၊ နွေဦးကို မယုံဘူးလား၊ နွေဦး အဲဒါတွေ ရအောင် စုံစမ်းမယ်၊ ဒါပေမဲ့ ဖေဖေ ကိုဘုန်းကိုတော့ ပြန်မပြောလိုက်ပါနဲ့နော်”

“သမီးနွေဦး ဖေဖေကိုယုံပါ၊ အဲဒီကောင်လေးက သေသွားပြီ”

“ဟာ… နွေဦး ခုမနက်ပဲ သူ့ကို မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တာ၊ သူနဲ့ စကားပြောခဲ့တာ ဖေဖေရဲ့”

“အေးပါ အေးပါ ဖေဖေ တရားနာချိန်ရောက်နေလို့ သွားရတော့မယ် ”

“ဟုတ်၊ ဖေဖေရော အဆင်ပြေတယ်မဟုတ်လား”

“ပြေပါတယ် သမီး”

“အင်းပါ၊ အဲဒါဆို ဒါပဲလေ ဖေဖေ”

ပြောပြီး ကျွန်မ ဖုန်းချလိုက်တယ်။ မမှတ်မိတော့တဲ့ နံပါတ်တစ်လုံးကိုလဲ ကျွန်မ စဉ်းစားနေမိတယ်။ ဒါတွေကို ဘယ်သူ ဖန်တီးခဲ့တာလဲ၊ ဘာ့ကြောင့် ဒီလို လုပ်ခဲ့ကြတာလဲ။ ကျွန်မခေါင်းထဲ အတွေးပေါင်းများစွာနဲ့ ထိုင်မရထမရ ဖြစ်နေခဲ့တယ်။

“နွေဦး”

“ရှင်… ရှင် ကိုဘုန်း”

“မထူးစဖူးတွေ ရှင်တဲ့ပါလား”

“ဒီအတိုင်းပါပဲ ကိုဘုန်းရဲ့”

“အင်းပါ၊ ကို ရေချိုးလိုက်ဦးမယ်” “ဟုတ် ”

“ဒါနဲ့ မနက်ဖြန် ဘယ်သူ့မွေးနေ့လဲ သိလား”

“ဟင်.. နွေဦး မွေးနေ့ ”

“ဟုတ်တာပေါ့၊ ဘုရားလိုက်ပို့ပေးမယ်”

“ရတယ်၊ နွေဦး မသွားချင်ဘူး၊ အိမ်မှာပဲ နေလိုက်မယ် ကိုဘုန်း အလုပ်ပဲ သွားပါ”

“ဘာဖြစ်နေတာလဲ နွေဦး ”

“ဘာမှ မဖြစ်ပါဘူး”

“ဘာနေနေ မနက်ဖြန်တော့ နွေဦး ဆေးရုံခဏသွားရမယ်”

“ဟင်... ဘာလို့လဲ ”

“ဟိုဟာလေ နွေဦးကို ဆရာဝန်က ပြန်လာပါဦးတဲ့၊ အဲဒါမို့”

“နွေဦး ဘယ်တုန်းက ဆေးခန်းသွားလို့နွေဦးကို ဘယ်ဆရာက ထပ်ခေါ်မှာလဲ ”

“ကိုနေမကောင်းတော့ နွေဦးလိုက်ခဲ့ပေးတာလေ၊ အဲဒါအခုလဲ လိုက်ခဲ့ပေးလို့ ပြောတာပါ ”

ဖုန်းသံကြားလိုက်ရတော့ ကျွန်မ လန့်သွားခဲ့တယ်။ သွားကိုင်မလို့ ဟန်ပြင်နေတဲ့ ကိုဘုန်းကို

“နေနေ နွေဦး သွားကိုင်လိုက်မယ်၊ ကိုဘုန်း ရေသွားချိုးလေ ”

ပြောလိုက်ကာ

“ဟယ်လို”

“ဟယ်လို သမီး ”

စိတ်သက်သောင့်သက်သာဖြစ်စေဖို့ ကျွန်မ သက်ပြင်းချလိုက်မိတယ်။

“ဟုတ် ဖေဖေ ”

“ကျန်းမာရေးသာ ဂရုစိုက်ပါလို့ ဖေဖေမှာဖို့ မေ့သွားလို့ပါ သမီးရယ် ”

“ဟုတ် ဖေဖေ၊ နွေဦး ဂရုစိုက်ပါတယ် ဖေဖေ”

“အေးအေး သားရော ပြန်ရောက်ပြီလား”

"ဟုတ် ရေချိုးနေတယ်"

"အဲပေါ အဲပေါ အဲဒါဆို ဒါပဲနော်၊ မနက်ဖြန်မွေးနေ့လေးမှာပျော်ရွှင်ပါစေ သမီးလေး"

"ဟုတ် ဖေဖေ

အဲဒီနောက် ကျွန်မ ဖေဖေ့ကို ဖုန်းဆက်ပြောတာကို ဖေဖေ ကိုဘုန်းကို ပြန်ပြောလိုက်တယ်ထင်ပါရဲ့။ တစ်ပတ်လောက်ထိ ကိုဘုန်း အလုပ်မသွား၊ ကျွန်မကို ဆေးခန်းလိုက်ခဲ့လို့ပြောပြီး ဘယ်အချိန် သူဘာသာ သွားလိုက်သလဲ ကျွန်မ မသိ။

"ကိုဘုန်း"

"ဟင်"

"ခုတစ်လော ဘယ်မှ မသွားသလိုပဲနော်"

"အင်း ကိုနေသိပ်မကောင်းချင်လို့၊ အလုပ်လဲပါးနေလို့လေ"

"ဩော်... ခုရော သက်သာပြီလား၊ ဆေးခန်းသွားမယ်ဆို"

"သွားပြီးပြီလေ"

" ဟင်"

ကျွန်မနဲ့တစ်ချိန်လုံးရှိနေပြီး သူဘယ်အချိန်သွားလဲ ကျွန်မ မသိခဲ့ရ။ ဒါပေမဲ့ ကျွန်မ သူ့ကို ဆက်မမေးဖြစ်ခဲ့။ ဒီနေ့တွေမှာ ကျွန်မ ခေါင်းထဲ ကိုဘုန်းကို သံသယဖြစ်နေခဲ့တယ်။ မသေချာ မရေရာတဲ့ မေးခွန်းတွေနဲ့အတူ ကျွန်မတစ်ယောက်တည်း ချောက်ချားနေခဲ့တယ်။ အရာရာကို အထိတ်တလန့်နဲ့ပါပဲ။ ကျွန်မကပဲ စိတ်ထင်နေသလား တကယ့်အဖြစ်ပျက်လား ကျွန်မဝေခွဲမရဖြစ်နေပေမဲ့လဲ တစ်လတစ်ခါတော့ ကျွန်မ ကာရန်ဆီ စာပို့ဖြစ်နေဆဲ။ တကယ်ကို ကျွန်မကိုယ်ကျွန်မတောင် နားမလည်ခဲ့တဲ့ နေ့တွေပါပဲ။ ဒီလိုနဲ့ နှစ်လလောက်နေတော့

"ဟယ်လို"

"ဟယ်လို"

"နွေဦး၊ မင်း ဘာလို့ ဖုန်းမဆက်တာလဲ"

"ဟင်... ကာရန်လား"

"ဘာလို့ ဖုန်းပြန်မဆက်တာလဲလို့"

နွေဦး... နွေဦး ဖုန်းနံပါတ်မမှတ်မိတော့လို့ပါ ကာရန်ရယ် အခု... အခု နံပါတ်ကို မှတ်ထားလိုက်မယ်လေနော် ကာရန်၊ ကာရန် အခုဘယ်မှာလဲ အဆင်ပြေရဲ့လား၊ နေရောကောင်းလား"

မေးခွန်းတွေကို ကျွန်မ ဆက်တိုက်မေးနေမိတယ်။

“ ကောင်းတယ်၊ မနက်ဖြန်မနက် ကံ့ကော်ပန်း လာပို့မယ်

“ဟင်... ကာရန် ဟယ်လို ကာရန် ကာရန်”

ဖုန်းချသွားပြီ။

“နွေဦး”

“ ဟင် ”

“ဘယ်သူနဲ့ ပြောနေတာလဲ”

“ဖေဖေနဲ့ပါ ကိုဘုန်း”

“နွေဦးကို ချစ်လား”

“ထူးထူးဆန်းဆန်းပါလား”

“နွေဦးကို ခဏလောက် လာဖက်ထားပေးပါလား”

“ ဟင်း”

“ဖက်ထား ပေးပါလားလို့၊ နွေဦး အထီးကျန်နေသလို ခံစားရလို”

“ဟုတ်ပါပြီ ဟုတ်ပါပြီ ဖက်ထားပေးမှာပေါ့၊ အဆင်ရောပြေရဲ့လား၊ နေလို့ထိုင်လို့ရော ကောင်းရဲ့လား”

“ကောင်းပါတယ်၊ ကိုဘုန်း အလုပ်သွားရင် ဂရုစိုက်နော်”

“ဟုတ်ပါပြီကွာ၊ ဒီလိုလေးတွေ ပြောနေတော့ မထားတောင် မထားခဲ့ချင်တော့ဘူး၊ လိုက်ခဲ့ပါလား သင်တန်းကို”

“ဟင့်အင်း မလိုက်တော့ပါဘူး၊ ညနေပြန်လာရင် စတော်ဘယ်ရီသီး ဝယ်ခဲ့ပေး

“နွေဦး စားချင်လို့လား”

“ အင်းပေါ့”

“ဟုတ်ကဲ့ပါဗျ၊ အများကြီးဝယ်ခဲ့မယ်”

“ဟုတ် ”

စကားလမ်းကြောင်းတွေ လွှဲပစ်ကာ ကျွန်မ မသိမသာ နေပစ်ခဲ့တယ်။ နောက်တစ်နေ့မနက် ကိုဘုန်း အလုပ်သွားတာနဲ့ ကျွန်မ ခြံထဲဆင်း ထိုင်မရထမရ

ဖြစ်နေခဲ့တယ်၊ စိတ်ထဲလဲ စိုးရိမ်စိတ်တွေနဲ့ လမ်းမှာ တွေ့သွားကြပြီလား၊ ဒါမှမဟုတ် လာရော လာပါ့မလား စသဖြင့် တွေးပူနေတုန်း ခြံရှေ့စက်ဘီးတစ်စီး ထိုးရပ်လာခဲ့တယ်။ စက်ဘီးခြင်းထဲမှာ ကံ့ကော်ပန်းတွေ အပြည့်နဲ့ပေါ့...

"ကာရန် "

"ရှော့"

"နွေဦး ပြောစရာရှိတယ် ကာရန်ရယ်၊ ဖုန်းခေါ်လိုက်မယ်နော်"

ဘာမှပြန်မပြော၊ သူစက်ဘီးပြန်နင်းသွားတယ်။ ။ ကျွန်မခေါင်းထဲ အတွေးတစ်ခု ရောက်လာပြန်တယ်။ ကာရန်က ကျွန်မကို ပန်းမပေး ဖူးဘူး။ ဒါပေမဲ့ အခုကျ ကံ့ကော်ပန်းတွေကို အခက်လိုက် အခက်လိုက် ခူးကာ ကျွန်မကို ပေးတယ်။ ပန်းကလေးတွေကို ချစ်တဲ့အခါ မခူးရဘူး ဆိုတဲ့ သူက အခုကျ တစ်ခါတည်း ပန်းတွေအများကြီးကို ချိုးကာခူးကာ လုပ်တယ်တဲ့လား။ သူ ပြောင်းလဲသွားတာလား။ ပန်းကလေးတွေကို မချစ်တတ်တော့တာလား၊ ပြီးတော့ ကျွန်မကိုရော ချစ်သေးရဲ့လား။ တစ်နေ့တစ်နေ့ ကျွန်မ ခြံတခါးဝကိုမျှော်လိုက်၊ ဖုန်းအသံနားစွင့်လိုက်နဲ့ ကျွန်မ အလုပ်ရှုပ်နေခဲ့တယ်။

"နွေဦး၊ ကို ပြန်ရောက်ပြီနော်"

"ဟုတ်"

"ကိုလေ အခုတစ်လော တစ်မျိုးကြီးပဲ၊ တစ်ယောက်ယောက်က ကို့နောက် လိုက်နေသလို ခံစားနေရတယ်"

"ဟင်... ဘယ်သူလဲ"

"မပြောတတ်ဘူးလေ၊ ကိုကပဲ စိတ်ထင်နေတာလားတော့ မသိဘူး"

"အသွားအလာ ဂရုစိုက်ပေါ့ ကိုဘုန်းရယ်၊ ကို့အရိပ်ကလဲ ကို့နောက်လိုက်တတ်တာပဲလေ"

ကျွန်မ တွေဝေ ငေးမော ပြောလိုက်မိတယ်။ သူ့ဆီကတော့ ဘာစကားသံမှ ပြန်မကြားရခဲ့ ။

"မနက်လာခဲ့မယ်"

ကာရန်ဆီက စာဝင်ထားတယ်။ နောက်တစ်နေ့ မနက် ကိုဘုန်း အလုပ်သွားတာနဲ့ ကျွန်မ အန်တီထားဆီက ခြံတံခါးသော့ကို ခိုးယူထားပြီး

"အန်တီထား၊ နွေဦး ဒီနေ့ ပန်းချီဆွဲမှာမို့ အေးဆေးနေချင်တယ် တံခါးလာမခေါက်ပါနဲ့"

"အေးပါ အေးပါ သမီးရယ် "

အဲဒီနောက် ကျွန်မ အိမ်အပြင်ကို ခိုးထွက်ခဲ့တယ်။ ကားမောင်းနေတဲ့

ကာရန်ကို ကျွန်မ အံ့သြ မှင်တက်စွာကြည့်နေမိတယ်။ သူ ဘယ်ကိုမောင်းနေလဲ ကျွန်မ မသိ။ ဘာအတွေးမှ မရှိပါဘဲ စိတ်လိုလက်ရ ခိုးထွက်လာကာ သူ့ဘေးနားမှာ သူနဲ့အတူ ပါလာခဲ့တယ်။

"ဘာလို့ ငါ့နောက်လိုက်လာတာလဲ"

"ကာရန်၊ နွေဦး အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော် "

"မေးနေတယ်လေ "

"ဟူး... မသိတော့ပါဘူး ကာရန်ရယ်၊ ဒါပေမဲ့ နွေဦး သိချင်တာတွေရှိတယ်"

"အင်း"

"ဘာလို့ အခုလို တွေ့တွေ့နေနေတာလဲဟင်"

"အဲဒါ ငါ့ကိစ္စလေ"

"ငါလို့ မပြောပါနဲ့ ကာရန်ရယ် "

လမ်းဘေးတစ်နေရာမှာ ကားကို ထိုးရပ်လိုက်ပြီး ကျွန်မ မျက်လုံးတွေကို စူးစူးစိုက်စိုက်ကြည့်ကာ

"ဒီလိုဆို မောင်လို့ သုံးရမှာလား"

"အဲဒီလို မဟုတ်ပါဘူး၊ အရင်လို ကျွန်တော်လို့ သုံးလဲ ရပါတယ် "

"ဟုတ်ပါပြီ၊ မေးမလို့ဆို"

"အင်း ဘာလို့အခုလိုတွေ ဖြစ်နေတာလဲ ပြောပြပါလားဟင်၊ ဘာလို့ အကုန်လုံးက ကာရန်ဆုံးပြီလို့ နွေဦးကို ပြောတာလဲ"

"သူတို့က သေစေချင်နေတာကိုး "

"ဟင်"

"နွေဦး နားလည်မှာ မဟုတ်ပါဘူး" "နားမလည်လို့ အခုပြောပြခိုင်းနေတာပေါ့ ကာရန်ရယ်"

"ကျွန်တော်ကို ချစ်လား"

"ချစ်တာပေါ့ ကာရန်၊ နွေဦး ကာရန်ကို အရမ်းချစ်တာ၊ အချစ်ဦးမို့ ရူးခဲ့တယ်၊ ပြီးတော့ မချစ်ဖူးလို့လဲ ရူးခဲ့တယ်၊ နွေဦးဘဝမှာ ကာရန်ကို အချစ်ဆုံးပါပဲ ကာရန်ရယ်"

"ဒါဆို မင်း သူနဲ့ ဘာလို့ အိပ် "

ရိုင်းစိုင်းလိုက်တဲ့ မေးခွန်းကို ရှုံ့စရာကောင်းတဲ့ မျက်နှာပေးနဲ့ သက်ပြင်းယဲ့ယဲ့ကလေးချကာ ကျွန်မကို ကာရန် မေးခဲ့တယ်။ အဖြေမရှိခဲ့ပေမဲ့ ကျွန်မ

သူ့ထက်ကို ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးဆိုတာ ကျွန်မကိုယ်စောင့်နတ်တော့ သိပါလိမ့်မယ်။

"ဖြေလေ"

" ပျော်လို့ "

ဖြေလိုက်ပေမဲ့လဲ ကျွန်မ ကာရန်ကို ကျောပေးကာ ငိုနေမိတယ်။

"ဒီဘက်လှည့်၊ ဒီဘက်လှည့်လို့ "

ပထမတစ်ခါ ပြောတာ မကြားလိုက်ပေမဲ့ ဒုတိယတစ်ခါကျ အသံကျယ်လာတာနဲ့ ကျွန်မ ကာရန့်ဘက်ကို လှည့်လိုက်တယ်

"ကျွန်တော့်ကိုနမ်း"

" ဟင်"

"နမ်းလို့"

"ကာရန် "

"ပြောနေတယ်လေ နမ်းလို"

မြတ်နိုးရိုကျိုးရတာမို့ ကျွန်မ သူ့နဖူးကို နမ်းလိုက်သည်။

" မဟုတ်ဘူး၊ နှုတ်ခမ်းကို "

"နွေဦး မနမ်းနိုင်ဘူး၊ ကာရန်"

"တောင်းပန်ပါတယ်၊ နွေဦးက အိမ်ထောင်ကျပြီးပြီဆိုတာ သတိထားပေးပါ"

"ဟားဟား ဟားဟား၊ မင်း အိမ်ထောင်ကျတာနဲ့ ငါက မချစ်တော့ဘူးထင်နေတာလား၊ မှတ်ထား၊ ငါဆိုတဲ့ကောင်ကလေ မင်း အရိုးပေါ် အရေတင် ပျက်စီးလာရင်တောင် ချစ်နေဦးမှာ"

"ကာရန်ရယ်"

"အဲဒီလို သနားတဲ့ မျက်လုံးတွေနဲ့ မကြည့်ပါနဲ့"

"မဟုတ်ပါဘူး ကာရန်ရယ်၊ တကယ်တော့ နွေဦးက နလုံးသားအသေနဲ့ အသက်ရှင်နေရတဲ့သူပါ "

"ငါကရော၊ ငါကလဲ ဘဝရော၊ နှလုံးသားရော သေနေတာပဲကွ၊ လူ့လောကမှာ အသက်ရှူနေရတာ တစ်ခုလေးပဲ"

" ဒါတွေအားလုံးက နွေဦးအပြစ်တွေပါ ကာရန်ရယ်၊ တောင်းပန်ပါတယ်၊ ဒါနဲ့ နွေဦး လတိုင်း စာတွေပို့တယ် ကာရန် ရလားဟင်၊ ခုရော ဘယ်မှာ နေနေလဲ၊

ဘယ်သူနဲ့ အတူနေလဲတစ်ယောက်တည်းလား အဆင်ပြေလား ပိုက်ဆံရော ရှိရဲ့လား”

“ဟာ ဖြည်းဖြည်းမေးပါ၊ အဆင်ပြေတယ်၊ သုံးစရာတော့ မသိမ့် ပို့ပေးတယ် ”

“ဟင်... သိမ့် ဒါကို သိနေတာလား” “အင်း..”

ကားနောက်က ပန်းစည်းလေးယူကာ-

“ ရော့”

“ဟယ်... ကံ့ကော်ပန်းလေးတွေ ကျွန်မစိတ်ထဲ မေးခွန်းတစ်ခု ထပ်ပေါ်လာခဲ့တယ်။

“ကာရန် ပန်းကလေးတွေကို ခူးတတ်ချိုးတတ်နေပြီလားဟင်”” “ကျွန်တော် ပန်းတွေကို မချိုးဘူးဗျ၊ ဘာလို့လဲဆိုတော့ ချစ်လို့”

ဟင်”

“ဒါပေမဲ့ အခုကတော့ ချိုးချင်လို့ကို ချိုးတာ”

ကာရန် အရင်လို မဟုတ်တော့ဘူး၊ ပြောင်းလဲသွားခဲ့ပြီဆိုတာ ကျွန်မ သတိထားမိခဲ့တယ်။ ပန်းတွေကို ချိုးတတ်သလို ငါဆိုတဲ့ အရိုင်းဆန်ဆန် စကားလုံးတွေလဲ သုံးတတ်နေပြီ။ အချိန်ကြာကြာ ကားပေါ်မှာ ကျွန်မတို့ တွေးငေးနေမိတယ်။ ကာရန်လဲ ဘာမှ မပြောသလို ကျွန်မလဲဘာမှမပြော။

“မေ့နေတာ၊ ပြန်လိုက်ပို့တော့ ကာရန်”

“ကြောက်နေတာလား”

“မကြောက်ပါဘူး ကာရန်”

“အဲဒါဆို လိုက်ခဲ့မယ်လေ ”

“ရပါတယ် ”

ကျွန်မ ဖြေလိုက်တော့ သူ အလာလမ်းအတိုင်း ကားကို ပြန်လှည့်မောင်းလာခဲ့တယ်။ တကယ်မလိုက်ဘူးထင်လို့ ပြောမိခဲ့တဲ ကျွန်မစကားကို ကျွန်မ နောင်တရနေမိတယ်၊ ဒါပေမဲ့ ကျွန်မစိတ်က လျှော့မသွား၊ လိုက်လဲ လိုက်ပါစေလို့ တင်းမာပြတ်သားနေခဲ့တယ်။

“ရောက်ပြီး၊ မင်း အရင်ဆင်း”

ပန်းစည်းကို သူ့ကားထဲပဲ ထားခဲ့ပြီး ကျွန်မ ခပ်သွက်သွက် ဆင်းကာ ခြံတံခါးသော့ဖွင့်တယ် လှည့်ကြည့်လိုက်တော့ ကားမရှိတော့။ ခြံတံခါး သော့ပြန်ခတ်နေတဲ့အချိန်

“သမီး နွေဦး”

ခေါ်ပြီး ကျွန်မပခုံးကို ပုတ်လိုက်တော့ ကျွန်မ အလွန်အမင်း လန့်သွားခဲ့တယ်။

“ အန်တီထား သော့ ... သော့လေ”

“အေး... အန်တီ မနက်ကတည်းက ရှာနေတာ၊ မေ့နေတာ၊ ဒီမှာ တွဲလောင်းထားခဲ့မိတာကိုး ”

ကျွန်မ သက်ပြင်းခပ်ကြီးကြီး ချလိုက်မိတယ်၊ အိမ်ပေါ်ကို ခပ်သွက်သွက်တက်လာပြီး ရေချိုး၊ ခေါင်းလျှော်ပစ်လိုက်တယ်။

“အန်တီထား၊ သံပရာဖျော်ရည်လေး ဖျော်ထားပေးပါလား”

“ အေး... သမီး”

ကျွန်မ မုန်တင်ခုံရှေ့ သံပရာရည်ခွက်ကိုင်ကာ ငုတ်တုတ်မေ့နေခဲ့တယ်။ ဆံပင်က ရေတွေလဲ ကြမ်းပြင်ပေါ် တတောက်တောက်ကျလျက်...။

“ကို ပြန်ရောက်ပါပြီ နွေဦးရေ၊ ဟာ ခေါင်းလျှော်ထားတာလား”

“ဟုတ်၊ ဟုတ်တယ် ကိုဘုန်း

“ကို **Dryer** မှုတ်ပေးမယ်”

ဆံပင်လေးတွေကို ညင်သာစွာကိုင်နေတော့ ကျွန်မ စိတ်ထဲ မလုံမလဲ။

“နွေဦး ကို့ကို ချစ်လား”

“ဟင် ”

“ကိုအခုထိ ဒီမေးခွန်းကို မမေးရသေးလို့လေ၊ ကို့ကို ချစ်ရဲ့လားဟင်”

“လိုအပ်ခဲ့ပါတယ်”

သူ ကြားချင်တဲ့ အဖြေ မဟုတ်တဲ့အတွက် သူ့မျက်နှာလေး ညှိုးသွားပေမဲ့ ကြိုတွေးပြီးသားအဖြေ ဖြစ်နေလို့ ထင်ပါရဲ့ဘာမှ ဆက်မပြောတော့... ။

««« »»»

အပိုင်း [၆]

ဆောင်းရဲ့ နေ့ကလေးတစ်နေ့ပါပဲ။ မနက်ခင်းတွေမှာ ခြံထဲနှင်းတွေ တဖွဲဖွဲကျလျက် အေးစိမ့်နေတယ်။ အနွေးထည် ခပ်ထူထူကတောင် မနွေးနိုင်တော့ပါဘူး။ ကျွန်မက ချမ်းလွန်းတတ်တဲ့သူမို့အအေးလိုင်း ဖြတ်တဲ့ဆောင်းတွေဆို အနွေးထည်တွေ နှစ်ထပ်လောက်ကာ၊ ခြေအိတ် လက်အိတ်တွေ ဝတ်ထားရတယ်၊ ဒီဆောင်းမှာ ဘယ်သူတွေ နွေးလို့ ဘယ်သူတွေ အေးနေပါသလဲ။

"ဟယ်လို ဖေဖေ "

"ဟယ်လို "

"ဖေဖေက ဖုန်းတောင် မဆက်ဘူး"

"ဦးစိုးလွင် မဟုတ်ပါဘူး ခင်ဗျ၊ သူ့ကျောင်းဘေးကပါ၊ သူ ဆုံးပြီဗျ "

"ရှင်"

"ဖေဖေ ... ဖေဖေ့"

"ဟင် ... နွေဦး၊ နွေဦး ဘာဖြစ်တာလဲ"

"ဟင် "

"အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား၊ ရော့ ရော့ ရေသောက်၊ရေသောက်.."

"ကို ... ကိုဘုန်း၊ ဖုန်းရော ဖုန်းရောဟင်"

"ရော့ ဒီမှာ"

"ဟယ်လို"

"ဟယ်လို ဖေဖေ"

"ဟေ... သမီးလေး"

"ဟူး"

ရင်ထဲ မွန်းကျပ်လှတဲ့လေတွေကို နှုတ်ခမ်းမှ ကျွန်မ မှုတ်ထုတ်လိုက်တယ်။

"ဖေဖေ နေကောင်းကျန်းမာတယ်ဟုတ်လားဟင်"

"ကောင်းပါတယ် သမီးလေးရဲ့ သမီးတို့ မလာတာတောင် ကြာနေလို့ ဖေဖေက စိတ်ပူနေတာ၊ အဆင်ပြေကြ၊ နေကောင်းကြလား"

"ကောင်းပါတယ် ဖေဖေ"

"လာလည်ပါဦး၊ ဖေဖေ့ဆီ တစ်ရက်လောက်"

"ဟုတ် ဖေဖေ၊ ဒါပဲနော် "

"အေးအေး သမီးလေး"

ကျွန်မ ဖုန်းချလိုက်တော့၊ ကျွန်မပေါင်ကို ခေါင်းအုံးလျက် ကိုဘုန်း လှဲလိုက်ပြီး

"ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ပါ နွေဦးရယ်၊ စိတ်ထဲမထားပါနဲ့ "

"ဟုတ် ကိုဘုန်း၊ ဒါပေမဲ့ ဖေဖေနဲ့ တွေ့ချင်လို့လေ၊ အဲဒါ လိုက်ပို့ပါဦးနော် ကိုဘုန်း၊ အားတဲ့ တစ်ရက် "

"အင်းပါ ကို လိုက်ပို့မယ်နော်"

ကလေးတစ်ယောက်လို ကျွန်မပေါင်ပေါ် အိပ်နေတဲ့သူ။ တကယ်ကို အပြစ်မရှိသူပါပဲ၊ သနားစရာကောင်းလွန်းတယ်။ ကျွန်မသူ့ခေါင်းလေးကို ပွတ်ပေးနေမိတယ်။

" စိတ်ထဲကလဲ တောင်းပန်ပါတယ် ကိုဘုန်းရယ်" လို့ ပြောရင်း

"ဟို ဟိုဟာလေ နွေဦး"

"ဟုတ် ကိုဘုန်း ပြောလေ"

"ကို ကလေးလေးလိုချင်တယ် နွေဦးရယ်၊ ကိုယ်ချစ်ရတဲ့သူရဲ့အသွေးအသားနဲ့ ကိုယ့်အသွေးသားနဲ့ပေါင်းပြီး ရလာမဲ့ လူသေးသေး ကလေးပေါ့"

ကျွန်မ ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ်။ ကျွန်မ ကိုဘုန်းကို ရထားတာ ဒီလောက်ကံကောင်းပါရက်နဲ့ ကျွန်မ ဘာတွေ ကြွေကွဲနေရတာလဲ၊ ဘာတွေက ကျွန်မကို နာကျင်စေတာလဲ။ ကျွန်မ ဘာကြောင့် အဲဒီ နာကျင်မှုတွေဆီက လွတ်အောင်မပြေးခဲ့တာလဲ၊ ကျွန်မကိုယ် ကျွန်မလဲ နားမလည်တော့…

"နောက်တော့ မွေးပေးမှာပေါ့ ကိုဘုန်းရယ်"

"ဟင်… တကယ်လား "

"အင်းပေါ့ သားလေးလေ"

သူ တိတ်ဆိတ်သွားပြီး အချိန်အတော်ကြာမှ

"ကို အလုပ်သွားဖို့ လုပ်ရမယ်"

ဆိုပြီး ရေချိုးခန်းထဲဝင်သွားတော့ ကျွန်မ အိပ်ရာထဲပြန်လှဲကာ အရာအားလုံးကို ခုံငြိုတွေးနေမိတယ်။ ကျွန်မ ဘာတွေ ဖြစ်နေတာလဲ၊ ဖြစ်ခဲ့ဘာတွေလဲ။ ကာရန် သေသွားပြီဆိုတာ သိသိကြီးနဲ့ ဘာကြောင့် အဓိပ္ပာယ်မရှိ စာတွေကို ကြိုးနဲ့ချည်ကာ မိုးပေါ်လွှတ်ခဲ့တာလဲ။ အခု ရှင်နေတာ သိသိကြီးနဲ့ရော ကျွန်မ ဘာလို့ ဘာတွေ ဖြစ်ခဲ့လဲဆိုတာ မသိရတာလဲ။ ဘာကြောင့် ခုထိ စာတွေ ရေးနေရတာလဲ။ ကာရန်ရော၊ ကိုဘုန်းရော၊ ဖေဖေရော ကျွန်မကို ဘာလို့ မသိစေချင်ကြတာလဲ။ မပြောကြတာလဲ။ ကျွန်မကရော ဘယ်သူလဲ၊ ဘာဖြစ်နေလို့လဲ။ အတွေး များစွာနဲ့ မူးဝေသလိုလို ခေါင်းထိုးကိုက်လာတယ်။

" အား .... "

"နွေဦး သတိထား သတိထား"

ကိုဘုန်း နာ့စ်တွေ ခေါ်လိုက်တော့ ကျွန်မ အံ့ဩနေမိတယ် သိပ်မကြာ ဆရာဝန်တွေနဲ့အတူ နာ့စ်တွေရောက်လာကာ ဆေးတစ်လုံး ထိုးလိုက်သည်။ သူတို့က ဘယ်ချိန်ကတည်းကရှိနေတာလဲ အတွေးမဆုံး ခင်မှာ တိမ်တွေလား၊ မျက်နှာကြက်လား ကျွန်မ မသဲကွဲတော့ မျက်လုံး ကို မှိတ်ပစ်လိုက်တယ်။

တစ်နေ့မနက် ခြံထဲဆင်း ဒန်းပေါ်လှဲကာ ကံ့ကော်ပင်တွေကို ငေးမောနေရင်း ကျွန်မ မှေးခနဲ ဖြစ်သွားချိန်

"နွေဦး... နွေဦး"

ကြားနေရတဲ့အသံတစ်ခုကြောင့် ကျွန်မ ဒန်းပေါ်မှ ထကာ ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်မိတယ်။

"ဟင်... ကာရန်"

"အပြင်ထွက်ခဲ့"

"မရဘူး၊ သော့မရှိဘူး ကာရန်" "ကျွန်တော် လာခဲ့မယ်"

"မရဘူးလေ"

တားလို့ မဆုံးခင် ကာရန် တံခါးကိုကျော်ကာ ခြံထဲရောက်လာခဲ့တယ်။ အန်တီထား ဈေးသွားနေတာမို့ ကာရံကို အိမ်အပေါ်ထပ် ကျွန်မ အခန်းထဲကိုခေါ်သွားလိုက်တော့ အခန်းပတ်ချာလည်ကို ကြည့်ကာ-

"ဒါ မင်းတို့ အိပ်တဲ့ အခန်းပေါ့"

"အင်း "

"မင်း သာယာလှတဲ့ အခန်းပေါ့လေ ဟားဟား"

“ကာရန်”

ကျွန်မအနားကို တိုးကပ်လာပြီး ကျွန်မဆံပင်တွေကို သပ်တင်ကာ

“ကျွန်တော်နဲ့ရော မသာယာချင်ဘူးလား”

“ဖြောင်း ”

ရိုင်းစိုင်းလှတဲ့ စကားကြောင့် ကျွန်မ နာနာကျင်ကျင်နဲ့ ကာရန့်ပါးကို ရိုက်လိုက်မိတယ်။

“နင်ထင်ထားသလို မိန်းမ မဟုတ်တဲ့အတွက် အခု နင် ပြန်လိုက်ပါတော့ ကာရန်”

“ဟားဟား”

“နင်က တကယ့်အရိုင်းအစိုင်းပဲ၊ ဘာလို့နင်အဲဒီလောက်တောင် ပြောင်းလဲသွားရတာလဲ၊ ငါလိုချင်တာနင့်ကိုမဟုတ်ဘူး၊ ကျောင်းတုန်းက ကာရန် ငါ့အချစ်ဦး ငါ့အချစ်ရဆုံး ကာရန်ဟဲ့ ”

“သေပြီလေ၊ သူက သေပြီ၊ မင်းသတ်လို့ မဟုတ်ဘူး၊ မင်းယောကျ်ားသတ်လို့ ”

“နင် ဘာတွေ ပြောနေတာလဲ ကာရန်”

“သိချင်ရင် ပြန်လာတဲ့အခါ မင်း ကိုကိုဘုန်းကို မေးကြည့်”

ခနဲ့တဲ့တဲ့ရွဲ့တည့်တည့် စကားတွေကို မခံစားနိုင်တော့တာမို့ တစ်ချိန်ထဲမှာတင် ကျွန်မစိတ်ထဲ ဆုံးဖြတ်ချက်ချလိုက်မိတယ်။ နောက် ကျွန်မ သူ့ကို အဆက်သွယ် မလုပ်တော့ဘူးလို့ ပြီးတော့ ကျွန်မစိတ်ထဲ သူ့ကို သရဲတစ်ကောင်လို၊ အရူးတစ်ယောက်လို ကြောက်နေခဲ့တယ်။

“ဟုတ်ပါပြီ၊ သွားတော့မယ် နွေဦး”

မျက်ရည်တွေကျရက်နဲ့ သူ ကျွန်မကို နှုတ်ဆက်သွားတယ်။

“နေဦး၊ ငါ့ဘဝမှာ နင်ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး၊ မရှိတော့ဘူး ကာရန်၊ အဲဒါကိုပါ နင် မှတ်သွားလိုက်”

“ ဟားဟား ဟားဟား”

ကျွန်မနားက သူ့အော်ရယ်ကာ ဒုတိယအကြိမ် ထွက်ပြေးသွားပြန်တယ်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် မှားသွားပြီဆိုတာ သိလိုက်တယ်။

“ အား.. . ဖြောင်း ဖြောင်း ဖြောင်း...”

ကိုယ့်ကိုယ်ကိုယ်ပါးတွေ ချလိုက်မိတယ်

“ဘာတွေ လုပ်နေတာလဲ နွေဦးရယ်”

ကုတင်ပေါ် ခြေကုန်လက်ပန်းကျပြီး ပစ်လှဲလိုက်မိတယ်။ မျက်ရည်များ စီးကျလျက် ..

“သမီး နွေဦး”

“ဟင် ဖေဖေ”

“အိပ်ရာ မနိုးသေးတာလား”

“ဖေဖေ ဘယ်တုန်းက ရောက်နေတာလဲ”

“အခုလေးတင်ပဲ၊ သမီးထားထားရီနဲ့ လမ်းမှာတွေ့တယ်”

“အန်တီထားရော ရောက်ပြီလား” “အင်း… သမီးလေး”

“သမီးတို့က ဒီစနေနေ့ကျလာမလို့ ရှိသေးတယ်”

“ဘယ်ကိုလဲ သမီး”

“ဖေဖေ့ဆီလေ၊ ဖေဖေပဲ ခေါ်ထားပြီး

“မခေါ်ပါဘူး၊ ဖေဖေလာခဲ့မယ်လို့ပဲ ပြောတာပါ”

ဖေဖေအသက်ကြီးနေပြီ၊ သတိတွေမေ့နေပါပြီဆိုပြီး တွေးနေခဲ့ပေမဲ့ တစ်ချိန်ထဲ အတွေးတစ်ခု ထပ်ဝင်လာတယ်။ ဖေဖေ သတိမေ့တာဟုတ်ရဲ့လား၊ ကျွန်မ မေ့နေတာများလား၊ ဒါမှဟုတ် ကျွန်မ…”

“ကျွတ်…ကျွတ် ခေါင်းမူးလိုက်တာ ဖေဖေရယ်”

“ထိုင်နေ ထိုင်နေ သမီး”

“ဖေဖေ၊ နွေဦးလေ မေမေ့ကို သတိရတယ်”

“အင်း ဖေဖေတောင် ဟိုရက်က အိပ်မက်မက်သေးတယ်”

“ နွေဦးကိုတော့ အဲဒီလို အိပ်မက်လာမပေးဘူး ဖေဖေ”

“သမီးကြောက်တတ်တာ သူသိလို့လေ”

ကျွန်မစိတ်ထဲဝမ်းနည်းသွားပြီး ငယ်ငယ်က မေမေ့ကို ပြောဖူးတာလေး သတိရသွားခဲ့တယ်။

“မေမေသေသွားတဲ့အခါ သမီးကို လာနှုတ်မဆက်ရဘူးနော် သမီး သရဲကြောက်လို့ ”

"အေးပါ အေးပါ သမီးရယ်"

အဲဒီ စကားအတွက် ကျွန်မ ကိုယ့်ကိုယ်ကိုယ် နောင်တရနေမိတယ်ယ

"ဖေဖေက အသက်ကြီးနေပြီ သမီးလေးရယ်၊ ဖေဖေ့မြေးလေးတော့ ချီသွားချင်တယ် "

"ဖေဖေကလဲ"

"ဟုတ်တယ် သမီး၊ အိမ်ထောင်ကျတာ ကြာနေပြီ၊ ကလေး ယူကြတော့၊ အိမ်ထောင်ရေးမှာ အချစ်တွေ ကုန်ခန်းလာတဲ့အခါ သံယောဇဉ်တွေနဲ့ ဆက်သွားရတယ်"

ဒီစကားကိုတော့ ကျွန်မမ သိပ်သဘောမကျခဲ့....

"လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အစမှာပဲ ချစ်တာမှ မဟုတ်တာ ဖေဖေရဲ့ အဆုံးထိချစ်ကြမှာလေ၊ အိမ်ထောင်ပြုလိုက်တဲ့အခါ အတူတူရှိကြရတဲ့အခါ အချစ်တွေ ပိုတိုး၊ အချစ်ကနေမှ သံယောဇဉ် ဖြစ်တာ မဟုတ်ဘူးလား"

"အဲဒီ အချစ်ကနေမှ အချိန်ကြာလာတော့ သံယောဇဉ်ကို ပြောင်းသွားတာလေ၊ နောက်တော့ သမီး သိလာမှာပါ ဒါပေမဲ့ ဖေဖေ၊ သမီးဘဝမှာ အချစ်က မရှိတော့ဘူးလေ"

ဖေဖေ အခန်းပြတင်းပေါက်နားကို ထသွားပြီး

"ပျော်ရာမှာမနေ တော်ရာမှာနေတဲ့ သမီးလေးရဲ့"

စကားပြောရယ်မောကြရင်း စားသောက်ပြီး နေ့ခင်းပိုင်းလောက်ကျ ဖေဖေ ပြန်သွားတယ်။

"နွေဦး၊ အဖေ လာသွားသေးတယ်ဆို"

"ဟုတ်တယ် ကိုဘုန်း၊ နောက်မှ အေးဆေးလာပါ့မယ်တဲ့"

"အင်းပါ၊ အဲဒါဆို လကုန်မှ ထပ်သွားတာပေါ့ ဒါနဲ့ ဒီနေ့ ဘယ်နှရက်လဲ ဟင်"

"နှစ်ဆယ့်ရှစ်ရက် နွေဦး၊ ဘာလို့လဲ"

"ပူဖောင်းလေးတွေ ကုန်နေပြီ၊ မနက်ဖြန်ဝယ်လာခဲ့ပေးပါလား"

"အင်းပါ၊ ကို ဝယ်ခဲ့မယ်နော်"

"ကိုဘုန်း"

"ပြောလေ နွေဦး"

"နွေဦးကို နမ်းပါ"

“ဟင်”

“နွေဦးကို နွေးထွေးသွားစေတဲ့အထိ နမ်းပါ”

အနားကို ကိုဘုန်း တိုးကပ်လာပြီး ကျွန်မနှုတ်ခမ်းတွေကို အရိုင်းဆန်ဆန် နမ်းလိုက်တယ်။ ပြီးတော့ ကျွန်မလည်တိုင်တွေမှ ကျွန်မ ရင်သားတွေအထိ…။

ကျွန်မ အိပ်ရာကနိုးတော့ ကိုဘုန်းကို ထိုင်ကြည့်နေမိတယ်။ တစ်ညလုံး ကျွန်မ သူ့လက်မောင်းကို ခေါင်းအုံးအိပ်ခဲ့တာ နာတယ်၊ ကျဉ်တယ်၊ ဖယ်ပေးပါဦး တစ်ခွန်းမပြောခဲ့။ ကျွန်မကို နာကျင်အောင် မလုပ်ခဲ့ဖူးတဲ့ သူတွေဟာ ဖေဖေပြီးရင် ကိုဘုန်းပါပဲ။ သူ့နဖူးကို ခပ်ဖွဖွလေးနမ်းပြီး သူ့အတွက်ပေါင်မုန့်ကြက်ဥကြော်ကို ကျွန်မကိုယ်တိုင် သွားလုပ်နေခဲ့တယ်။ ကျွန်မကပဲ စောစောနိုးနေလို့လားမသိ ကျွန်မ ရေချိုးခေါင်းလျှော်ပြီးတဲ့တိုင်အောင် သူ မနိုးသေးတာမို့ ကျွန်မ ဆံပင် အဖျားလေးတွေနဲ့ သူ့နှာခေါင်းကို ပွတ်ပစ်လိုက်တယ်။

“ ရှူး..ရှူး ..”

“အဟိ”

ရောက်တစ်ခါ သူ့နှာခေါင်းထဲထိ ဆံပင်အဖျားလေးတွေကို ထည့်လိုက်တော့

“ဟာ ဘာတွေလဲ ရှူး…ရှူး”

“ဟားဟား”

“ဟာ နွေဦး၊ နှာခေါင်းထဲ ယားလိုက်တာ နွေဦးရယ် ရှူး”

“ရှစ်နာရီခွဲနေပြီလေ အိပ်ရာကထဖို့ အစီအစဉ်မရှိဘူးလား”

“ဒီနေ့ တနင်္ဂနွေလေ”

“ဟင်”

“ပိတ်တယ်၊ မသွားရဘူး နွေဦးရဲ့”

မနက်ဖြန်ကျ ကျွန်မ ကာရန်ဆီစာပို့ရမှာမို့ ပူဖောင်းကတော့ မဖြစ်မနေ ဒီနေ့ ထွက်ဝယ်မှရမှာ၊ အဲဒါကြောင့်

“ဒီနေ့ အပြင်သွားမယ်လေ”

“အင်း.. သွားပေါ့၊ နွေဦး သွားချင်ရင်”

“ထတော့ ရေသွားချိုး၊ နွေဦး ပေါင်မုန့်ကြက်ဥကြော်ထားတယ်”

“ဟာ… ဟုတ်လား၊ ရှယ်ပဲ၊ ကို အခုသွားစားမယ်”

“ဟင်… ညစ်ပတ်တယ်၊ မျက်နှာ မသစ်ရသေးပဲ”

ပြောလိုက်ခါမှ

“ရှိတတ်တယ်ပေါ့လေ ဟုတ်လား”

ပြောပြီး အတင်းလိုက်နမ်းနေခဲ့တယ် ။

ဟာ“… ဖယ် ညစ်ပတ်တယ်၊ ကိုဘုန်း”

“မရဘူး ထိမှာပဲ၊ နမ်းမှာပဲကွာ ”

“ကိုဘုန်းရေ ဖယ်လို့ ဟာ..”

“ဟား အင်းပါ အင်းပါ ကို ရေချိုးလိုက်ဦးမယ်”

“အင်း… သွားချိုး သွား”

ကျွန်မ အလှပြင်ပြီး အပြင်သွားဖို့အဆင်သင့်စောင့်နေခဲ့တယ်။

“နွေဦး ပြီးပြီလား ပြင်လို့ဆင်လို့” “ပြီးပြီ”

အဲဒီနေ့က ကိုဘုန်းနဲ့အတူ ရုပ်ရှင်ကြည့်၊ မုန့်ဈေးတန်းတွေမှာ မုန့်အတူတူပတ်စားရင်း မိုးပျံပူဖောင်းအထုပ်လဲ ကျွန်မ ဝယ်ခဲ့တယ်။ စာအိတ်ကလေးတွေရောပေါ့။

ကျွန်မ ဒါတွေကို ကာရန်အတွက် ဝယ်နေတာ သိသိကြီးနဲ့ ကိုဘုန်း ဘာလို့ ကျေကျေနပ်နပ်ကြီး ခွင့်ပြုနေရသလဲဆိုတာ ကျွန်မ သိချင်သွားတာနဲ့

“ကိုဘုန်း”

“ပြောလေ နွေဦး”

“ဒါတွေကို နွေဦး ဘာကြောင့်ဝယ်တာလဲ ကိုဘုန်းသိတယ် ဟုတ်လား”

“အင်း… သိတယ် ”

“ဘာလို့ ဘာမှ မပြောတာလဲ” “နွေဦးကို ချစ်လို့လေ”

“ဟင်”

“နွေဦး စိတ်ချမ်းသာမယ်ဆို ကြိုက်တာလုပ်လို့ ရပါတယ်၊ အဓိကက နွေဦးလိုအပ်တာတွေ၊ နွေဦးရဲ့ပျော်စရာနေ့တွေကို ကို ဖန်တီး ပေးနေခွင့်ရပြီး ကို့အနားက နွေဦး ထွက်မသွားဖို့ပဲ”

“ကိုဘုန်းရယ် ”

ကျွန်မ သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ဖက်ထားလိုက်မိတယ်။

“နွေဦး မေ့နိုင်အောင် ကြိုးစားပါ့မယ် ကိုဘုန်းရယ်”

“အင်းပါ သေသောသူ ကြာရင်မေ့တဲ့”

ကျွန်မဖက်ထားတဲ့လက်တွေ ပြေလျော့သွားတယ်။ တကယ်ဆို ကာရန်က သေသွားတာမှ မဟုတ်ပဲ။ ဒီလိုနဲ့ စကားဆက်မပြောဖြစ်တော့။

နောက်တစ်နေ့ မနက် ကိုဘုန်း အလုပ်သွားတာနဲ့ ကျွန် ကာရန်ဆီ စာရေးခဲ့တယ်။

“သို့ ...မောင်

နွေဦးဆီ ဖုန်းမဆက်တာတောင်ကြာရောပေါ့နော်၊ နေကောင်းရဲ့လား၊ ကာရန် နွေဦးရှေ့ကနေ ဟားတိုက်ရယ်ပြီး ထွက်သွားတာ ဒီတစ်ခါနဲ့ဆို နှစ်ခါရှိပြီနော်၊ နွေဦး စိတ်ပူတယ် သိလား၊ ကျန်းမာအောင် နေပါ၊ လတိုင်း နွေဦးပို့တဲ့ စာတွေကို ဖတ်ပါ၊ နှုတ်ခမ်းညိုညိုလေးတွေ ကွေးသွားတဲ့ထိ ပြုံးပါ၊ လမ်းခွဲခဲ့တာ မဟုတ်ဘူး၊ လမ်းလွဲခဲ့တယ်ဆိုတာ အမြဲသိထားပေးပါ၊ မောင့် နွေဦး”

ရေးပြီး စာအိတ်လေးထဲထည့် ကြိုးလေးချည်ကာ ပြတင်းပေါက်ကနေ ပူဖောင်းလေးကို လွှတ်ပေးလိုက်တယ်၊ လေနှင်ရာ လေယူရာ လွင့်သွားတဲ့ စာကလေး ကာရန်ဆီ ရောက်ပါစေလို ဆုတောင်းရင်း

“ရပ်ပါတော့ နွေဦးရယ်၊ ရပ်လိုက်ပါတော့”

“ကာရန်”

“အဲဒါတွေ ထပ်မလုပ်ပါနဲ့တော့၊ ငါက သေနေပြီကွ”

“ ဟင် မဟုတ်ပါဘူး ကာရန်ရယ်၊ အခုပဲ နွေဦးနား ကာရန်ရောက်နေပြီလေ”

ပြောရင်း ကျွန်မ သူ့ကို ဖက်လိုက်တော့ သူပျောက်သွားတယ်။

“ဟားဟား...ဟား..ဟား..”

ကာရန်ရယ်သံတွေ အခန်းထဲ ဆူညံနေခဲ့တယ်။

“မသွားပါနဲ့ဦး ကာရန်ရယ်၊ ဟင်း...ဟင့် ကာရန်၊ နွေဦးဆီ ပြန်လာပါဦး ကာရန် .. ကာရန်... ”

ကျွန်မ အားအကုန် အော်ခေါ်လိုက်မိတယ်။ မျက်လုံးတွေ အလိုအလျောက်ပွင့်သွားပြီး ကျွန်မ လက်တွေမှာ ပိုက်ကြိုးတွေကို တွေ့လိုက်ရတယ်၊ ကျွန်မနှာခေါင်းကို အုပ်ထားတာမို့ အသက်ရှူလို့ မဝ၊ အခန်းထဲ ကျွန်မတစ်ယောက်တည်းသာ... နှလုံးခုန်သံတွေ မြန်နေခဲ့တာမို့

“တူတူ တူတူတူ တူတူ ”

“နွေဦး နွေဦး၊ အဆင်ပြေရဲ့လား၊ နာ့စ် လာပါဦး”

“ အရေးပေါ်ဆရာဝန်သွားခေါ်ဆရာဝန် ဆရာဝန်”

အခန်းထဲ ဆူညံသွားခဲ့တယ်။ ကျွန်မ သတိပြန်ရလာတော့ ဘာကိုမှ ကျွန်မ နားမလည်တော့၊ ဘယ်အချိန်ကတည်းက ကျွန်မဆေးရုံမှာ မေ့မြောနေခဲ့လဲ မသိ။

“ကိုဘုန်း၊ အား ကျွတ်ကျွတ်”

“ပြောလေ နွေဦး”

“နွေဦး ဆေးရုံကို ဘယ်နေ့ထဲက ရောက်နေတာလဲဟင်”

“နှစ်လပိုင်း ဆယ့်တစ်ရက်နေ့က နွေဦး”

“ဒီနေ့ ဘယ်နှစ်ရက်လဲ”

“သုံးလပိုင်း လေးရက်နေ့ ”

“ဟင်… ဒါဆို ဒါဆို နွေဦး … ”

“ဟုတ်တယ်၊ နွေဦး သတိလစ်နေတာ၊ ရက်နှစ်ဆယ်ဝန်းကျင် ရှိပြီ”

အရာအားလုံးဟာ ကျွန်မ သတိမေ့မြောနေတဲ့အချိန်မှာ တွေးနေမိတဲ့ အတွေးတွေသာ ဖြစ်ခဲ့တယ်။ ဒါဆို ကာရန် ကာရန်က တကယ် ဆုံးသွားတယ်ဆိုတာ အမှန်ပေ့ါ…။

“ဖေဖေ ”

“ သမီးလေး”

“ နွေဦး ရူးနေတာလားဟင်”

“ မဟုတ်ပါဘူး သမီးရယ်”

“မညာပါနဲ့ ဖေဖေရယ်၊ နွေဦးစိတ်တွေ ဘာဖြစ်နေတာလဲဟင်၊ ဘာတွေဖြစ်နေတာလဲ ပြောပါလား၊ နွေဦး ကိုယ့်ကိုယ်ကိုယ်သတိထားတယ်၊ စိတ်အခြေအနေတွေ မမှန်တော့ဘူးဆိုတာ”

“သက်သာသွားမှာပါ သမီးလေးရယ်”

“ ဖေဖေ ”

ဖေဖေရော ကျွန်မပါ မျက်ရည်တွေကျလျက် …

“ဖေဖေ့ကို ကတိပေးပါကွယ်”

“ဘာကိုလဲ ဖေဖေ”

“ဖေဖေက အသက်ကြီးလာပြီ၊ သမီးလေးကို စိတ်ချချင်တယ်၊

ဘုန်းသိုက်လက်ထဲမှာ စိတ်ချပေမဲ့ သမီးစိတ်တွေနောက်လိုက်လိုက်နေတာကို ဖေဖေ စိတ်မချသေးဘူး၊ နှလုံးသားကို ဦးစားမပေးပါနဲ့ သမီးရယ်၊ စိတ်တွေနောက်ကို လွင့်မျောမသွားနဲ့၊ ထိန်းချုပ်ပါ၊ ကျန်းမာ အောင်နေ၊ ဆေးပုံမှန်သောက်၊ ဖေဖေ အရင်ကပြောဖူးသလိုပဲ ဖေဖေ မသေခင်တော့.. ”

“ နွေဦး ကတိပေးပါတယ်၊ နွေဦး ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ဖေဖေရယ်၊ နွေဦး ကျန်ခဲ့တဲ့သူတော့ မဖြစ်ချင်တော့ဘူး၊ သေသွားတဲ့သူက ပြီးသွားပေမဲ့ ကျန်ခဲ့တဲ့သူက မသေမချင်း ရှူးရတယ် ဖေဖေရဲ့ စကားပြောနေတုန်း”

ကိုဘုန်း ဝင်လာပြီး-

“နောက်တစ်ပတ်လောက်နေရင် ဆေးရုံက ဆင်းလို့ရပြီတဲ့”

“ဟုတ်လား၊ ပျော်လိုက်တာ သားရယ်”

“နွေဦး ”

“ဟင်”

“ဘာမှ အားမငယ်နဲ့ ကိုရှိတယ် သိလား၊ ကိုအမြဲရှိနေမယ် ကျွန်မ အနောင်အဖွဲ့ကင်းကင်း ပြုံးလိုက်မိတယ်။

“ကျေးဇူးတင်ပါတယ် ကိုဘုန်း”

««« »»»

အပိုင်း [၇]

“အစ့ေ အစ့ေ အမယ်လေး ဝေါ့ ... ”

“နွေဦး ဘာဖြစ်တာလဲ သမီး”

“အန်ချင်နေတယ် အန်တီထား”

“ဟင်..အပေး”

“ဘာလို့ ရယ်တာလဲ”

“ကိုယ်ဝန်လား မသိဘူးဟေ့”

“ဟာ မဟုတ်ပါဘူး၊ အန်တီထားကလဲ အစ့ေ...”

“ပလုတ်ကျင်းလိုက် ပလုတ်ကျင်းလိုက်”

အဲဒီနောက်ပိုင်း ကျွန်မ ထမင်းစားရင် အချဉ်မပါရင် မစားတတ်တော့။ ပြီးတော့ စားပြီးတိုင်း အန်ချင်စိတ်ဖြစ်နေခဲ့တယ်။ အန်တီထားက ဆီးစစ်တံဝယ်လာပေးတာနဲ့ ကျွန်မစစ်ကြည့်လိုက်တော့ ဆီးစစ်တံလေးမှာ မျဉ်းနှစ်ကြောင်းပေါ်နေခဲ့ပြီ။

“ကို... ကိုဘုန်း ”

“ပြောလေ နွေဦး”

“နွေဦး ... နွေဦးလေ အင့် ဒီမှာ ကြည့် ... ”

“ဟာ... နွေဦး ဒါ ဒါ... တကယ်ကြီးလား”

“အင်း”

“ကို ပျော်လိုက်တာ နွေဦးရယ်”

ပြောပြီး သူ မျက်ရည်ကျနေခဲ့တယ်။ “ကို... ကို အလုပ်တွေ ကြိုးစားရမယ်နော်”

ဒီစကားကိုကြားလိုက်ရတဲ့အချိန်မှာ ကျွန်မယောကျ်ားကောင်းတစ်ယောက်ကို ပိုင်ဆိုင်ထားတာပဲလို့တွေးရင်း ကျွန်မကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူလိုက်မိတယ်။

တကယ်ကို မေ့လျော့နေခဲ့တယ်။ နွေးထွေးချစ်ခြင်း မေတ္တာအစစ်ဟာ အနီးနားမှာရှိနေပါလျက် စိတ်လိုလက်ရ စိတ်တွေရဲ့ နောက်ကို တကောက်ကောက်လိုက်ခဲ့မိတယ်၊ လွင့်မျောနေခဲ့မိတယ်။

လူတွေဟာ ခက်သားပဲ၊ အေးချမ်းချင်တယ်ပြောပြီး လွမ်းဆွေးနေရတာလေးမှ စိတ်ထဲ အလိုရှိကြတာမဟုတ်လား။

တစ်ခါတလေ ကျွန်မ ကာရန်ကို သတိရတယ်၊ ဒါပေမဲ့ အရင်လို တွေးငေးဆွေးမနေတော့ဘူး။ မေတ္တာဆိုတာ အသွားအပြန်ရှိရတဲ့ သဘော။ စိတ်ကူးထဲမှာထက် လက်တွေ့ဘဝဟာ ပိုလေးနက်တယ်ဆိုတဲ့ သဘောတွေကို ကျွန်မ နားလည်ခဲ့တယ်။

သို့ပေမဲ့ ကျွန်မ ကာရန်ဆီ တစ်လ တစ်ခါ စာရေးမပျက်ခဲ့ဘူး ဘာလို့လဲဆိုတော့ စိတ်တွေက ထိန်းချုပ်ရင် ပိုဆိုးတတ်တဲ့သဘောကို ကျွန်မ နားလည်ခဲ့လို့ပဲ။

သတိရလာတယ်ဆိုတဲ့ အချိန်လေးမှာ သတိရလိုက်တယ် ငိုချင်လာတယ်ဆိုတဲ့ အချိန်လေးမှာ ငိုလိုက်တယ်၊ ပြီးရင် လုပ်စရာရှိတာ ဆက်လုပ်တယ်။ သတိရနေတာကို သတိမရပါဘူးလို့ လိမ်ပြောရင်း ပိုသတိရနေတဲ့ နေ့စွဲတွေကို ကျွန်မ မလိုချင်တော့ဘူး၊ မရှုးချင်တော့သလို ဒီထက်ပိုပြီးလဲ မနစ်ချင်တော့ဘူး။ ဘဝဟာ ဒီလိုပဲ တစ်ခုခုထဲမှာပဲ နစ်မွန်းနေလို့မရဘူး။ ဇာတ်လမ်းတွေထဲကလို အဘက်ဘက်က ပြည့်စုံမနေဘူး။ ငိုနေရင် သီချင်း လာဖွင့်ပေးမဲ့သူ မရှိဘူး။

တစ်ယောက်ယောက်က ကိုယ်ငိုနေတာကို သူ့သွားမပြောပေးဘူး။ ဒါတွေကို ကျွန်မကောင်းကောင်း နားလည်ခဲ့တယ်။ ကာရန်ကိုချစ်မိပြီး အရှုးအမူးဖြစ်ခဲ့တဲ့အချိန်မှာပေါ့။

"ဟယ်လို"

"ဟယ်လို သမီးလေး"

"ဖေဖေ မြေးချီရတော့မယ်"

"ဟေ ဟုတ်လား၊ ဝမ်းသာလိုက်တာ သမီးလေးရယ်၊ တကယ်လား၊ ဖေဖေ့ကို စနေတာလား "

"တကယ်ဖေဖေရဲ့ မေမေရှိရင်လဲ ဝမ်းသာနေမှာပဲနော်"

"အင်းပေါ့ သမီးရယ်၊ ဘုန်းသိုက်ရော သိပြီးပြီလား"

"ဟုတ်၊ သိပြီးပြီ ဖေဖေ "

"ဘာပြောသေးလဲ"

"ငိုနေရှာတယ် ဖေဖေရယ် "

“ အေးပေါ့ သူပျော်ရှာမှာပေါ့၊ သူလိုချင်နေတဲ့ သားလေးပဲ ရပါစေ”

“ဟင်... သူက ဖေဖေ့ကို သားလေးလိုချင်တယ် ပြောဖူးလို့လား”

“အင်း.. သမီးက သားလေး လိုချင်နေမှာ၊ အဲဒါမို့ သားလေး ရရင် ပိုကောင်းမယ်တဲ့၊ သူကတော့ ဘာလေးနေနေချစ်နိုင်ပါတယ်တဲ ပြောဖူးတယ်”

ကျွန်မစိတ်ထဲ ဝမ်းနည်းသွားမိတယ်။ အရင်အချိန်တစ်ခုကိုရောပေါ့။ ကာရန်ဆီစာပို့တုန်းက နွေဦးရဲ့သားလေးတစ်ယောက်အနေနဲ့လို့ ရေးမိခဲ့တာကို ကျွန်မနောင်တကြီးစွာရမိခဲ့တယ်။ သူဘယ်လောက်တောင် နာကျင်ခဲ့ရမလဲ။

“နွေဦး အလေးအပင်တွေ မမရဘူးနော်”

“ဟုတ် ကိုဘုန်း ”

“တစ်ခုခုဆို ကိုယ့်ဖုန်းဆက်လိုက် သိလား၊ ဘာမှ မလုပ်နဲ့ အန်တီထား ရှိတယ် ”

“အင်းပါ ကိုဘုန်းရဲ့”

“မနက်ဖြန်ကျ ဗိုက်သွားအပ်မယ် “ဟုတ်ပါပြီ”

“နွေဦး ဘာလေးလိုချင်လဲ ”

“သားလေး”

ကိုဘုန်းမျက်နှာပေါ်က အပြုံးတွေ ခဏပျက်သွားပြီး အားယူ ပြန်ပြုံးပြကာ

“ဘာလေးနေနေ ကိုက ချစ်မှာပါပဲ၊ ကိုယ့်အသွေးအသားလေးပဲ”

“အင်းပေ့ါ၊ ချစ်မှာပေ့ါ၊ သမီးလေးဆိုလဲ နွေဦးချစ်မှာပါပဲ”

“ဒါဆို ကိုမှာတာတွေ မမေ့နဲ့ အလုပ်သွားတော့မယ်၊ ဂရုစိုက်နော်၊ အစစအရာရာ”

ပြောပြီး သူ ထွက်သွားတာကို အခန်းပြတင်းဝကနေ ကျွန်မ ဗိုက်ကလေးကို ပွတ်လျက် ကြည့်နေမိတယ်။ ကိုဘုန်းဟာ လက်တွေ့ဘဝမှာပဲ နေထိုင်တတ်ပြီး သဘောထားပြည့်ဝလွန်းတဲ့ယောကျ်ားကောင်း တစ်ယောက်ပါပဲ။

“ကလေးလေးရေ မင်းတော့ ဒီဖေဖေရဲ့ သားသမီးဖြစ်ရမှာ သိပ်ကံကောင်းတာပဲ ”

ရေရွတ်လိုက်မိတယ်။ အဲဒီနေ့က အာထရာဆောင်းရိုက်တော့ ယောကျ်ားလေးတဲ့။ ဘာအတွေး ဘာသံသယမှ မရှိဘဲ ကိုဘုန်းရော၊ ကျွန်မရော ပျော်ခဲ့ရတယ်။ ဖေဖေ့ကို လှမ်းပြောတော့ ဖေဖေလဲ ပျော်နေ ခဲ့တာပေါ့ ။

ဒီနေ့က ကျွန်မမွေးနေ့

ကျွန်မ မနိုးခင်အစောကြီးထဲက သူ့သူငယ်ချင်းဆိုင် ခဏသွားမှာ ပြန်လာခဲ့မယ်လို့ အန်တီထားကို မှာထားခဲ့တယ်တဲ့။ ကျွန်မစိတ်ထဲတော့ ကိတ်သွားဝယ်မယ် ထင်ခဲ့တာပေါ့။ ဘယ်အချိန်မှာ ဘယ်လိုခွဲရမယ်ဆိုတာ ကြိုစိတ်ကူးယဉ်နေမိခဲ့တယ်။ ခြံထဲကားရောက်လာတာနဲ့ ကျွန်မ ဆင်းကြိုတော့ ဘာမှမပါ။ စိတ်ထဲ တစ်မျိုးဖြစ်ခဲ့ရတယ်။

"ကိုဘုန်း အပြင်သွားတာဆို"

"အင်းလေ"

"ဘာသွားလုပ်တာ"

"ကားသွားပြတာ နွေဦး၊ ကို ရေချိုးလိုက်ဦးမယ်"

"အင်းပါ"

ရေချိုးပြီး အင်္ကျီကြယ်သီးကိုမတပ်ပဲ ဆံပင်ဖြီးနေတော့ ကျွန်မက ကိုဘုန်းအနားကိုသွားပြီး ...

"နွေဦး ကြယ်သီးတပ်ပေးမယ် "

သူထင်ထားတဲ့အတိုင်းဖြစ်လာလို့ ပီတိဖြစ်သွားတဲ့ မျက်နှာကြီးနဲ့ ကျွန်မကိုကြည့်ကာ သူ ရယ်လိုက်တယ်။

"ဘာရယ်တာလဲ"

"ဘာမှ မဟုတ်ပါဘူး အဟမ်း"

"ဟာ..."

ကိုဘုန်းရဲ့ ဘယ်ဘက်ရင်ဘတ်မှာ နွေဦးခင်ဆိုတဲ့ စာတန်း လှလှကလေးနဲ့ ရက်စွဲလေးတစ်ခု ရေးထိုးထားတာ တွေ့လိုက်ရတယ်။

"တက်တူးထိုးလာတာလား"

"အင်း"

"မနာဘူးလား"

"မနာပါဘူး"

"ခုမနက်မှ သွားထိုးတာဟုတ်လား"

"အင်း "

ကျွန်မ ဘာပြောရမှန်း မသိတော့။ ပြုံးရယ်နေမိတဲ့ ကျွန်မ အပြုံးတွေကနေ

ကျွန်မ ပျော်ရွှင်မှုကိုတော့ သူ ခံစားရမှာပါ။ ကျွန်မ သူ့ရင်ဘတ်ကို ခပ်ဖွဖွလေးနမ်းလိုက်ပြီး...။

"ကျေးဇူးအများကြီးတင်ပါတယ် ကိုဘုန်း"

သူ ကျွန်မကို ထွေးပိုက်ကာ ဖက်လိုက်တယ်။

"ကို ဒီနေ့ အလုပ်သွားရမယ်"

"ဟုတ်"

"ဂရုစိုက်နော်"

"အင်းပါ ၊ ဪ ဒါနဲ့ စာအိတ် ဝယ်ခဲ့ပေးပါဦး အင်းပါ နွေဦး၊ ကို ညနေကျ ဝယ်ခဲ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ကိုဘုန်း"

မိုးတွေသည်းနေတဲ့ နေ့တစ်နေ့ပေါ့

ပြတင်းပေါက်ကနေ အပြင်ကိုငေးရင်း ကာရန်ဆီ စာရေးနေမိတယ်။

"သို့... မောင်

နွေဦးမှာ ကိုယ်ဝန်ရှိနေပြီ၊ သားကလေးတဲ့၊ နွေဦး အရမ်းပျော်တာပဲ ကာရန်ရယ်၊ ကိုဘုန်းနဲ့ ဖေဖေလဲ ပျော်နေပါတယ်၊ ကာရန် ပြုံးနေမယ်လို့ ထင်မိပါတယ်။ ကျန်းမာရေးဂရုစိုက်ပါ၊ ပြီးတော့ စာ တစ်စောင်တော့ အကြောင်းပြန်ပါ မောင်ရေ ..."

ရေးပြီး ကြိုးကလေးမှာ လိပ်ချည်ကာ လွှတ်ခဲ့တယ်။ ဘယ်လိုဖြစ်ဖြစ်ပါ ကျွန်မ လတိုင်း ကာရန်ဆီ စာကလေးတွေ ပို့နေခွင့်ရတာကိုပဲ ကျွန်မ ကျေနပ်နေမိတယ်၊ ရှူးတယ်လို့ ဆိုချင်ဆို ဟုတ်ပါတယ် တကယ်လဲ ကျွန်မ ရှူးခဲ့တယ်။ တစ်လတစ်ခါ ပုံမှန်ကလေးပေါ့ ။ ကျွန်မ အိပ်ရာနိုးတော့ ကျွန်မကို ထိုင်ကြည့်နေတဲ့ ကိုဘုန်းကို ခုတင်ဘေးမှာ တွေ့လိုက်ရတယ်။

"ဟင် ... ဘာကြည့်နေတာလဲ ကိုဘုန်း"

"ဒီအတိုင်းပါပဲ၊ နိုးနေတာနဲ့ အိပ်နေတာလေး ချစ်ဖို့ကောင်းလို ကြည့်နေတာ"

"ဒီနေ့ ဆေးရုံရက်ချိန်းသွားရမှာနော်" "အင်း... ဟုတ်တယ် နွေဦး"

"နွေဦး နွားနို့သောက်ချင်တယ်"

"ဒေါ်ထားကို လှမ်းမှာလိုက်မယ်၊ သူ အစောကမှ ဈေးသွားတာ"

"အင်း ... နွေဦး ရေချိုးလိုက်ဦးမယ်နော်"

“ အင်း... အင်း”

ကျွန်မ ရေချိုးပြီး ထွက်လာတော့ သံလွင်ဆီဘူးကြီးကိုင်ပြီ အပြင်မှာ စောင့်နေလေရဲ့.

“ဘာလုပ်မလို့လဲဟင်”

“နွေဦး ဗိုက်အကြောပြတ်မှာစိုးလို့ ပြီးတော့ ကလေးလေးလဲ ဆံပင်သန်အောင်လို့ ၊ လာ ကို လိမ်းပေးမယ်”

ပြောပြောဆိုဆိုနဲ့ သူ့လက်ထဲကို သံလွင်ဆီထည့်ပြီး ကျွန်မဗိုက်ကို ဖွဖွကလေး မထိတထိ လိမ်းနေခဲ့တယ်။

“လိမ်းမယ်ဆိုလဲ သေချာလိမ်းပါ ကိုဘုန်းရဲ့ မထိတထိနဲ့ ခုက”

“ကို... ကို မထိရဲလို့”

“ပေး၊ အဲဒါဆိုလဲ နွေဦးဘာသာ လိမ်းမယ်”

“ဟာ... ရပါတယ် ကို လိမ်းပေးပါ့မယ်”

ကိုဘုန်းထိလိုက်တာနဲ့ ဗိုက်ထဲက လက်ကလေးလား၊ တံတောင်ဆစ်ကလေးလားပဲ အပြင်ကို တွန်းလိုက်တော့...

“ဟား ဟား ကလေးကန်တာပါ ကိုဘုန်းရဲ့”

“ဟားဟား”

တစ်လနဲ့တစ်လ ကျွန်မဗိုက်ကလေးဟာ ပိုပိုလရင့်လာတယ် အထိုင်အထအမူးအဝေတွေလဲ များလာတယ် ပြီးတော့ စိတ်အတက် အကျတွေ များလာတယ်။ တစ်ခါတလေ ငိုတယ်၊ ပြီးတော့ ရယ်တယ်။ ကာရန်ဆီလို စာပို့မပျက်ခဲ့သလို ကိုဘုန်းကိုလဲ နားလည်မှုမပျက်ခဲ့ပါဘူး။

“အား ကျွတ် ကျွတ် နာလိုက်တာ၊ အန်တီထား အန်တီထား ရေ၊ ဗိုက်နာလို့”

“ဟုတ်လား၊ အေးအေး အန်တီ ကိုဘုန်းကို ဖုန်းခေါ်လိုက်မယ် ခဏလေး ခဏလေးနော်”

“အား... မြန်မြန်လုပ်ပါ ကျွတ် ကျွတ်”

“ထိုင်နေ ထိုင်နေ သမီး”

သိပ်မကြာ ကိုဘုန်းရောက်လာပြီး ကျွန်မတို့ ဆေးရုံကိုသွားခဲ့ကြတယ်၊ ဗုဒ္ဓဟူးနေ့ နေ့လယ်နှစ်နာရီမှာ သားလေးကို ကျွန်မ မွေးခဲ့တယ်။ သားလေးကို တွေ့လိုက်တော့ အံ့သြသွားခဲ့တယ်၊ တစ်ချိန်ထဲမှာပဲ စိတ်ရဲ့ခွမ်းအား စွဲလမ်းမှုတွေဟာလဲ သိပ်ကြောက်စရာကောင်းကြောင်း သိခဲ့ရတယ်၊ သားလေးက ကိုဘုန်းနဲ့တူပေမဲ့ ထူးထူးခြားခြားပါးချိုင့်လေး ပါနေခဲ့တယ်။ ပီတိမျက်ရည်လား၊

ဝမ်းနည်းမျက်ရည်လား ဒါမှမဟုတ် ကိုဘုန်းအချစ်အတွက် ဂုဏ်ပြုမျက်ရည်လား ကျွန်မ ကိုယ့်မျက်ရည်ကို မခန့်မှန်းနိုင်တော့။ ကိုဘုန်းသာ ပုံမှန်ယောကျ်ားတစ်ယောက်ဆို ကျွန်မကို အထင်သေးကောင်း သေးသွားနိုင်တယ်၊ နားလည်မှုလွဲသွားနိုင်တယ်။ ဒါပေမဲ့ ကိုဘုန်းက..

"ကြည့်ပါဦး နွေဦးရယ် ချစ်စရာကောင်းလိုက်တာ၊ ဆရာဝန်က အဖေနဲ့တစ်ရုပ်ထဲလို့ ဝိုင်းပြောကြတယ် သိလား"

ပြောပြီး ရယ်မောနေရှာတယ်။ ကောင်းတာလေးတွေပဲ သူတွေးခဲ့တယ် ။ ဒါဟာ ကျွန်မအပေါ်သူထားတဲ့ သူ့ရဲ့ချစ်ခြင်းမေတ္တာ သူ့ရဲ့ နားလည်ပေးနိုင်စွမ်းတွေပဲပေါ့ ...။ ရက်အနည်းငယ်ကြာတော့ ကျွန်မ ဆေးရုံကဆင်းပြီး အိမ်မှာပဲ အနားယူခဲ့တယ်။

"ကိုဘုန်း ကိုဘုန်း၊ သဘက်ယူလာပါဦး"

ရေချိုးခန်းထဲကနေ ကျွန်မ တောင်းနေသော်လဲ အခန်းထဲက ဘာသံမှ မကြား။ ကျွန်မ ခေါင်းထွက်ကာ ချောင်းကြည့်လိုက်တော့

"ဟင်"

နှစ်လိုဖွယ်ရာကောင်းတဲ့ မြင်ကွင်းတစ်ခုပါပဲ။ သားလေးက သူ့လက်ညှိုးကို ဆုပ်ကိုင်ထားတာမို့ အပေါ်ပိုင်းကို သူငြိမ်ငြိမ်ကလေး နေပြီး ခြေထောက်နဲ့ညှပ်ကာ သဘက်ယူပြီး ကျွန်မကိုပစ်ပေးခဲ့တယ်။ ကိုဘုန်းက သားလေးကို သိပ်ချစ်ရှာတယ်။ သားလေးရဲ့ကိစ္စ အထွေထွေကို သူပဲလုပ်ခဲ့တာ။ ကျွန်မကတော့ တစ်လလုံးဘယ်လောက်ပဲ ပျော်ခဲ့ပျော်ခဲ့ သားလေးနဲ့ကိုဘုန်းကို ဘယ်လောက်ပဲ ဂရုစိုက်ခဲ့ပါစေ၊လကုန်ရက်ကျရင်တော့ ကျွန်မစိတ်တွေ ပြိုရတုန်းပါပဲ၊ အသိလွတ် သတိလွတ်စွာ ကာရန်ဆီ စာရေးနေမိတုန်းပါပဲ။ ဒါဟာ မတရားဘူး အမှားတစ်ခုမှန်းသိပေမဲ့ အမှားကိုလဲ ကျွန်မ မမြင်နိုင်တော့ပါဘူး။ အမှန်ကိုလဲ မပြင်ချင်တော့ပါဘူး။ ကျွန်မ မညာခဲ့တဲ့အတွက်၊ ဝတ္တရား တွေမပျက်ခဲ့တဲ့အတွက် မရှိတော့တဲ့ သူ့အတွက် ဒါလေးကတော့ ကျွန်မရဲ့ စိတ်ဖြေရာလေး ဖြစ်ခွင့်ရှိတယ်၊ လုပ်ခွင့်ရှိတယ်လို့ ကျွန်မ ထင်ပါတယ်။

"ဖေဖေ၊ သားလေးက ဘယ်သူနဲ့တူလဲ"

"ဘုန်းသိုက်နဲ့ ပိုတူတယ် သမီး"

"ဟင့် ဖေဖေကလဲ"

"ဟုတ်တယ်၊ ပါးချိုင့်လေးတစ်ခုပဲ၊ မဟုတ်ရင် ဘုန်းသိုက်မှ ဘုန်းသိုက်"

ကျွန်မ မျက်နှာပြောင်းလဲသွားတာကို ဖေဖေ သတိထားမိမှာပါ။

"စကားပြောကြဦး၊ နွေဦး ထမင်းစားဖို့သွားပင့်လိုက်ဦးမယ်"

အန်တီထား နေမကောင်းလို့ ရွာကို ပြန်အနားယူကတည်းက ကျွန်မတို့ လူသစ်ထပ်မခေါ်ခဲ့။ မနက်ဆို ကိုဘုန်းကို မနက်စာ ကျွန်မကိုယ်တိုင် ထလုပ်ပေးတယ်။

အိမ်ကိစ္စ၊ ကိုဘုန်းဝေယျာဝစ္စ၊ သားလေးအတွက် အားလုံး ကျွန်မပဲလုပ်ခဲ့တယ်။ အလုပ်တွေများနေတဲ့အခါ သတိရဖို့ အားလပ်ချိန်မေ့လျော့သွားမှာပါလေ ဆိုတဲ့အသိနဲ့ပေါ့။ တစ်နေ့တစ်နေ့ သားလေးနဲ့ နှစ်ယောက်တည်း ကျွန်မ အိမ်မှာကျန်နေခဲ့တယ်။ တစ်ခါတလေ ပျင်းစရာ ကောင်းသလို ရှိပေမဲ့ တစ်ခါတလေ သားလေးကို ထိုင်မြူနေမိရင် သူ့ခမျာ မပျင်း၊ ကျွန်မလဲ မပျင်းနိုင်တော့။ သားလေးကို နို့တိုက်နေရင်း ကျွန်မမေးခနဲ အိပ်ပျော်သွားတယ်။

"နွေဦးရေ"

"ကာရန် ကာရန် နွေဦးဆီ လာလည်တာလားဟင်"

"အင်း ...သားလေးကို လာတွေ့တာ" "ဘာ"

"သားလေးက ကို့သားလေးလေ"

"ဘာတွေ ပြောနေတာလဲ ကာရန်၊ ဒါ ဒါက နွေဦးနဲ့ ကိုဘုန်းရဲ့သားလေးပါ"

"ဟားဟား မင်းတို့မှာ ပါးချိုင့်မှမပါပဲ"

"အဲဒီလိုတွေ လျှောက်မပြောပါနဲ့ ကာရန်ရယ်၊ ဒါဟာ စိတ် စွဲလမ်းမှုတစ်ခုပါပဲ"

"ဟား ဟား ပေး၊ ငါ့သား ငါ့ကိုပေး"

"ကာရန် ကာရန်"

"အူဝဲ... အုဝဲ... အူဝဲ..."

သားလေးငိုသံကြောင့် လန့်နိုးလာတယ်။ ကလေးကို ပြန်ချော့သိပ်လိုက်ပြီး ကျွန်မ ကာရန်ဆီ စာရေးခဲ့တယ်။

"သို့... မောင်

နေကောင်းရဲ့လား၊ နွေဦး သားကလေး မွေးပြီးပြီမောင်ရဲ့ မောင့်ကို စွဲလမ်းရလွန်းလို့ထင်ပါတယ်၊ သားလေးမှာ မောင့်လို ပါးချိုင့်လေးပါတယ်၊ ဒါပေမဲ့ မောင် ဟုတ်တယ်မဟုတ်လား၊ ဒါဟာ နွေဦးနဲ့ ကိုဘုန်းရဲ့ သားလေး အစစ်အမှန်ဆိုတာ၊ အစောကပဲ အိပ်မက်မက်တယ် မောင်က သားလေးကို မောင့်သားလေးဆိုပြီး လိုက်လုနေသေးတာ ဒီတစ်ခေါက် စာမှာတော့ ပြတ်သားမှုတွေ ပါတယ် မောင်ရေ၊ ဘာလို့လဲဆိုတော့ နွေဦး ပင်ပန်းနေပြီ၊ ထွက်သွားတဲ့သူက မသိပေမဲ့ ကျန်ခဲ့တဲ့ သူက အရှုံးတစ်ပိုင်းပဲ၊ ဒါပေမဲ့လေ အခု သိလာရတာတစ်ခုက လူတစ်ယောက်ကို ဘယ်သူမှ တစ်သက်လုံးသယ်ပိုးမသွားနိုင်ဘူးဆိုတာပဲ၊ ပင်ပန်းလာတဲ့ တစ်နေ့၊ အချစ်ထက်ပိုအရေးကြီးတာတွေ ရှာတွေ့သွားတဲ့ တစ်နေ့၊ ဒါမှမဟုတ် လက်တွေ့ဘဝတွေနဲ့ လိုက်လျောညီထွေအဖောင်နေရတဲ့နေ့တွေကို တွေ့ရှိသွားရင် အဲဒီနေ့မှာ အဲဒီလူကို တစ်နေရာရာမှာ ထားခဲ့ကြရမှာ၊ ထားခဲ့လိုက်ကြမှာ...၊ အခု နွေဦးလေ ကိုဘုန်းဆီက ချစ်ခြင်းမေတ္တာတစ်ခုကို ခံစားလာရတယ်၊ သူ့ကို သနားတယ်၊ ပြီးတော့ သားလေး၊ သားလေးရဲ့စိတ်ကို

အနာတရမဖြစ်စေချင်ဘူး။

အခု နွေဦးဟာ မိခင်တစ်ယောက်ဖြစ်နေပြီလေ၊ ကိုယ့်ကိုယ်ကိုယ် မသနားတော့ရင်တောင်မှ ဘေးနားက ခင်ပွန်းရယ်၊ သားရယ်ကိုတော့ သနားငဲ့ညှာရမယ် မဟုတ်လား၊ တာဝန်ကျေရတော့မယ်၊ ဘဝတွေမှာ အကန့်တွေရှိတယ် မဟုတ်လား။ အဲဒီအတွက်၊ အရာအားလုံးအတွက် ထင်ချင်သလိုထင်ကြေး ပေးနိုင်ပါတယ်မောင်၊ နွေဦး လက်လွှတ်လိုက်ပါပြီ၊ ဒါပေမဲ့ နွေဦးဟာ မောင့်နွေဦးပါပဲ ဆိုတာတော့ မမေ့လိုက်ပါနဲ့ ...”

ရေးပြီး စာအိတ်လေးထဲထည့်ကာ ချည့်လွှတ်လိုက်တယ်။ စာအိတ်နောက်တစ်အိတ်ကျန်သေးတာမို့ နောက်လ တစ်လထိ ကျွန် မစောင့်နိုင်တော့ နောက်ထပ်စာတစ်စောင် ကျွန်မ ထပ်ရေးခဲ့တယ်။

“သို့ ... မောင်

နေကောင်းကျန်းမာရဲ့လား၊ ဘယ်ဆီကိုများ ရောက်နေသလဲ ဘယ်သူ့ရင်မှာ မေးစက်အိပ်ပျော်နေပြီလဲ နွေဦးသိချင်ပါတယ်၊ ပြီးတော့ မောင့်ကို ဘယ်သူများ ရထားပါသလဲ၊ ဘယ်သူကများ မောင့်ပါးမို့မို့ လေးတွေကို တယုတယ နမ်းနေပြီလဲဟင်၊ သတိရတယ်...မောင်ရယ်၊ လတိုင်း မောင့်ဆီပို့နေတဲ့စာတွေရော မောင်ဖတ်ဖြစ်ရဲ့လား၊ ဘေးနားက သက်ဆိုင်သူသိသွားစိုးလို့ မောင် လွှင့်ပစ်လိုက်လေသလားနော်...၊ ဒါမှမဟုတ် မောင့် ဆီတောင် ရောက်ပါရဲ့လား၊ စာကလေးတစ်စောင်တော့ ပြန်ပါမောင်ရယ်၊ အနှစ်နှစ်အလလစောင့်နေခဲ့တဲ့ နွေဦးအတွက် မောင့်ဆီက ပြန်စာကလေးတစ်စောင်တော့ရဖို့ ထိုက်တန်တယ်ဟုတ်လား၊ မောင်ရေ၊ မောင်ရှိတဲ့အရပ်မှာ ကံ့ကော်ပန်းတွေပွင့်ရင် နွေဦးကို သတိရပေးပါနော်... အမှားကိုလဲ ရှာတွေ့သွားပါပြီ။ အမှန်ကိုလဲ ပြင်လိုက်ပါပြီ မောင်ရေ။ နှုတ်ဆက်ပါတယ်”

Good bye..

ချစ်ခဲ့ဖူးသော မောင့် နွေဦး ... ကျွန်မဆီမှာ ကာရန်ဆီ ရေးဖို့ စာအိတ်ရော၊ ပူဖောင်းရော ကုန်ခဲ့ပြီ။ ကျွန်မ ထပ်ဝယ်ဖို့လဲ စိတ်ကူးမရှိတော့၊ လက်တွေ့ဘဝမှာကျွန်မနေထိုင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဒီလိုနဲ့ အဲဒီနေ့က ကျွန် ကာရန်ဆီ ပို့ခဲ့တဲ့ စာဟာ နောက်ဆုံးစာဖြစ်ခဲ့တယ်။ သူ့စာပြန်တဲ့အခါမှ ကျွန်မစာပြန်တော့မယ်လို့တွေးရင်း... သားလေး တစ်နှစ်ကျော် လာခဲ့တယ်။ ကိုဘုန်းလဲ အလုပ်သွားမပျက်၊ ကျွန်မတို့သားမိအပေါ် အချစ်လျော့မပျက်၊ ကျွန်မလဲ လက်တွေ့ဘဝထဲမှာ အသစ်တစ်ဖန် ပျော်မွေ့နေခဲ့တယ်။

“ပါးပါး၊ ခေါ်လိုက်ပါဦး သားလေး၊ ပါးပါး”

“ ပါး...”

“အား ချစ်စရာ ကောင်းလိုက်တာ၊ ခေါ်ပါဦး၊ ထပ်ခေါ်ပါဦး သားရယ် ပါးပါး... ပါးပါး.. ခေါ်.. ပါး..ပါး..”

ကိုဘုန်း အခန်းထဲကို ဝင်လာပြီး

“ဟာ... ပါးပါးလို့ ခေါ်တတ်နေပြီလား”

“သင်နေတာလေ အခု၊ ခုနကတောင် ခေါ်သေးတာ၊ သား ခေါ်ပြလိုက်ပါဦး ပါးပါး ”

“ဘာလို့ ကို့နာမည်ကို အရင်စသင်တာလဲ”

“ကိုဘုန်းလို ယောကျ်ားတစ်ယောက်ဖြစ်အောင်လို့လေ”

ကြည်သာရွှင်ပျသွားတဲ့ ကိုဘုန်းမျက်နှာပေါ်က အပြုံးကလေးကို ကျွန်မ တွေ့လိုက်ရတယ်။

“ကို ဒီနေ့ အပြင်သွားမလို့၊ ဘာမှာဦးမလဲ”

“ဟင့်အင်း မမှာတော့ဘူး ကိုဘုန်း”

ပြောလိုက်ပေမဲ့ တံခါးအဝကနေ နောက်ထပ် တစ်ခါထပ်မေးလာတယ်။

“ ဘာမှာဦးမလဲ နွေဦး၊ စာ...စာအိတ်တို့ ...ဘာတို့လေ”

ကျွန်မ သူ့မျက်လုံးတွေ စူးစူးစိုက်စိုက်ကြည့်ပြီး ဖြေလိုက်တယ်။

“စာအိတ်တွေ မလိုတော့ပါဘူး”

“အင်း... အင်းပါ၊ ကို မြန်မြန် ပြန်လာမယ်နော်”

ကျွန်မ ခေါင်းသာ အသာညိတ်ပြလိုက်ပြီး သူထွက်သွားတော့ အခန်းထဲကနေ ကြည့်နေမိတယ်။ သူလိုလူ၊ သူလိုယောကျ်ား ရှာမှရှား ပါပဲ။ ဘဝမှာ လက်တွေ့နဲ့စိတ်ကူး၊ အချစ်နဲ့အမုန်း၊ ဆန့်ကျင့်ဘက်တွေ အရာရာဟာ အဆိုး၊ အကောင်း ဒွန့်တွဲနေတယ်။ အချစ်ရဲ့ အစွန်မှာလဲ နေလို့မရဘူး။ အမုန်းရဲ့ အစွန်မှာလဲ နေလို့မရဘူး။

“ချစ်၍လည်း မစွဲနဲ့၊ မုန်း၍လည်း မစွဲ နဲ့တဲ့ ”

မြတ်စွာဘုရား မိန့်ဆိုခဲ့တယ်၊ ကျွန်မဟာ သက်တမ်းတချို့မှ ချစ်၍ စွဲခဲ့တယ်။ ဘယ်လောက်ထိလဲဆို အရူးတစ်ပိုင်းကို ဖြစ်လို့ပါပဲ။ ဒါဟာ တစ်ဖက်အစွန်းကို ကျွန်မ ကပ်လိုက်လို့ပါ။ လွမ်းတာ လွမ်းတယ်လို့ လက်ခံပြီး လက်တွေ့ဘဝထဲမှာ ပျော်မွေ့တတ်မှ၊ စိတ်ကူးတွေ အတွေးလွန်ခြင်းတွေထဲက ရုန်းထွက်မှ လက်တွေ့ဘဝရဲ့အနှစ်အရသာကို သိခဲ့ရတယ်။ ကျွန်မ ကာရန်ကို တကယ်ချစ်ခဲ့တာ။ ဒါပေမဲ့ ကိုဘုန်း ကိုလဲ ကျွန်မအခု တကယ်ချစ်မိသွားပြီ။ မေတ္တာဆိုတာရောင်ပြန်ဟပ်တယ် မဟုတ်လား။ ဘာမှ မတွေးဘူး၊ အတိတ်ဟာ

အတိတ်ပဲ၊ ချစ်ခဲ့တယ်၊ ဝေးသွားကြတယ်၊ ဒီလောက်ပါပဲ။ အခုကျွန်မဘေးမှာ ပျော်စရာကောင်းတဲ့ မိသားစုကလေးရှိနေပြီ။ အဲဒီအတွက် ကျွန်မတာဝန်ကျေတဲ့ ဇနီးမယား တစ်ယောက်၊ ဒါမှဟုတ် မိခင်တစ်ယောက်ပဲ ဖြစ်ချင်တော့တယ်။ ဖြစ်အောင်လုပ်မယ်လို့လဲ ဆုံးဖြတ်ခဲ့တယ်။

"နွေဦးရေ"

"ဟုတ် ကိုဘုန်း"

မီးဖိုခန်းထဲကနေ ကျွန်မ အသံကျယ်ကျယ် ထူးလိုက်တယ်။

"ကိုတို့ လာလို့ရပြီလား"

"ဟုတ် ရပြီ၊ ထည့်ပြီးပြီ၊ သွားဖို့ပဲ ကျန်တော့ပါတယ်ရှင်"

ခဏနေတော့ ကိုဘုန်းတို့သားဖ အင်္ကျီဆင်တူကလေးနဲ့ အခန်းထဲက ထွက်လာခဲ့တယ်။

"တော်ပါသေးရဲ့ နွေဦးရယ်၊ ဒီနေ့ နေလေးသာလို့ပေါ့"

" အင်း "

အဲဒီနေ့က ကျွန်မတို့မိသားစုသုံးယောက် ကန်တော်ကြီးကို သွားခဲ့ကြတယ်။ ကန်ရဲ့ဘေးက သစ်ပင်ကြီးအောက်မှာ အခင်းလေး ခင်းလိုက်တော့ သားလေးက တခိခိရယ်ကာ လူးလှိမ့်ကစားနေခဲ့တယ်။

"ဒီနားပဲ ဆော့နော် သားလေး"

"ဟုတ် "

ကျွန်မ ကိုဘုန်းပေါင်ကို ခေါင်းတင်ကာ လှဲရင်း ကိုဘုန်းရော၊ ကျွန်မရော သားလေးဆော့နေတာကို ကြည့်နေမိကြတယ်။ ကိုဘုန်းကတော့ ကျွန်မဆံပင်လေးတွေကို သပ်ပေးနေခဲ့တယ်။

" မေမေ၊ မေမေ အား... "

"ဟင်... သားလေး"

"မင်းက ဘဝအသစ်မှာ လာပျော်ပါးနေတာပေါ့လေ"

"ဟင်... ကာရန်"

"ဟေ့ကောင် ငါ့သားကို လွှတ်လိုက်စမ်း "

"ဟားဟား ဟားဟား၊ ရှေ့တစ်လှမ်းတိုးလာတာနဲ့ ခင်ဗျားသား ကန်ထဲကို အရောက်ပဲ"

"ကာရန် မလုပ်ပါနဲ့ဟယ်၊ အပြစ်မရှိတဲ့ နွေဦးသားလေးကိုတော မလုပ်လိုက်ပါနဲ့ "

"ဟားဟား"

"ကာရန် မကျေနပ်ရင် နွေဦး...နွေဦးကို သတ်ပစ်လိုက်ပါသားလေးကိုတော့ မလုပ်ပါနဲ့ ကာရန်ရယ်"

"ဟားဟား ဟားဟား၊ မင်းက ... မင်းက မောင့်နွေဦးပဲ ဖြစ်ရမှာကွ ဟားဟား"

သားလေးကို ကာရန် ကန်ထဲ တွန်းချလိုက်တယ်။

"အား....."

မယ်ညို

««« »»»

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words